ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင်၊ မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက် တနင်္လာနေ့။ Monday, 3 July 2017 (၈၉၇၄)

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ကျင်းပ



**သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။**

**ရန်ကုန်  ဇူလိုင်  ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ အရာထမ်း/အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သက်တမ်းအားဖြင့် ၃၇ နှစ်ရှိခဲ့ပြီဖြစ်ပြီး အဆိုပါ လွန်ခဲ့သောကာလများအတွင်း သံဃာ့ကိစ္စများကို အချိန်အခါ အခြေအနေအရ လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရေးအတွက် သံဃာ့အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲတို့ကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးကြီးများသို့ တင်ပြအတည်ပြုချက်ရယူပြီး ပြင်ဆင်ခဲ့သည်များကို တွေ့ရှိရပါကြောင်း။

သာသနာတော် သန့်ရှင်းရေးလုပ်ငန်းများအနေဖြင့် ဝိဝါဒါဓိကရဏ်း၊ အနုဝါဒါဓိကရဏ်း၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

နိုင်ငံတော်ဩဝါဒါစရိယ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဖူးမြော်ကြည်ညို

စာမျက်နှာ - ၃

လကမ္ဘာသို့ လူလိုက်ပါမည့် အာကာသယာဉ်တစ်စင်းကို ၂၀၃၀ ပြည့်နှစ်ထက် နောက်မကျဘဲ ဂျပန်လွှတ်တင်လို

စာမျက်နှာ - ၄

တောင်အာဖရိကနိုင်ငံအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ဆောင်ရွက်ခဲ့တဲ့အတွေ့အကြုံတွေကို မြန်မာနိုင်ငံအတွက် မျှဝေပေးလို

စာမျက်နှာ - ၅

ကကြီး ခခွေး ဘယ်လိုရေး၊ မှားတဲ့စာအုပ်လေး

စာမျက်နှာ - ၇



## ကြေးမုံ

# အမျိုးသားလုံခြုံရေးကိုအထူးသတိပြု

နိုင်ငံတစ်နိုင်ငံ၏ နယ်မြေတည်တံ့ခိုင်မြဲမှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် အမျိုးသားအကျိုးစီးပွားများကို တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်သည့်ကိစ္စများအားလုံးကို အမျိုးသားလုံခြုံရေးကိစ္စများဖြစ်သည်ဟု အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး ပုဂ္ဂိုလ်၏ပြောကြားချက်ကို မှတ်သားရသည်။ အမျိုးသားလုံခြုံရေးကိစ္စဟူသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးသဖြင့် ထိုနိုင်ငံ၏အစိုးရသာမက ပြည်သူအားလုံးပါ အလေးထားရမည့်ကိစ္စဖြစ်ပေသည်။

မိမိနိုင်ငံ၏အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုပြဿနာရှိ၊ မရှိ ပြန်ကြည့်ရာတွင် မြင်တွေ့နေကျစစ်ရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ခြိမ်းခြောက်မှုပြဿနာများသာမက လူကုန်ကူးမှုပြဿနာ၊ နယ်စပ်ဒေသများတွင် တရားမဝင်ရွှေ့ပြောင်းအခြေချနေထိုင်မှုပြဿနာ၊ လူသားလုံခြုံမှု၊ စွမ်းအင်လုံခြုံမှု၊ သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုဖောက်ပြန်မှုပြဿနာများ၊ ကူးစက်မြန်ရောဂါပျံ့နှံ့လာမှုပြဿနာ၊ နောက်ဆုံးပေါ် နည်းပညာဖြင့် ဆိုက်ဘာတိုက်ခိုက်မှုပြဿနာနှင့် အစွန်းရောက် အကြမ်းဖက်မှုပြဿနာများ ပါဝင်နေသည်ကို တွေ့ရသည်။

အဆိုပါပြဿနာများကို ကမ္ဘာ့နိုင်ငံများတွင် ကြုံတွေ့နေသည်ကို မြင်တွေ့ရပြီး မြန်မာနိုင်ငံအနေဖြင့်လည်း တစ်နည်းမဟုတ်တစ်နည်း အနည်းအများဆိုသလို ကြုံတွေ့လာသည်။ ကြုံတွေ့ရသောပြဿနာများတွင် မြန်မာနိုင်ငံ၏ အနောက်ပိုင်းဒေသ၌ တရားမဝင်ရွှေ့ပြောင်းအခြေချနေထိုင်မှု ပြဿနာများ ကြုံတွေ့ခဲ့ရပြီးနောက် မကြာသေးမီကာလက ထိုဒေသတွင် အစွန်းရောက်အကြမ်းဖက်မှုပြဿနာများပါ ကြုံတွေ့လာသည်ကို အထင်အရှား မြင်တွေ့နေရသည်။

နိုင်ငံတစ်နိုင်ငံတွင် ဖြစ်ပွားနေသောပြဿနာမှာ အခြားနိုင်ငံများသို့လည်း ရိုက်ခတ်လေ့ရှိရာ အဆိုပါပြဿနာများကို ကြုံတွေ့ရသောနိုင်ငံအဖို့ ထိုပြဿနာဖြေရှင်းရေးကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့်ဆောင်ရွက်ရာ၌ အခက်အခဲအဟန့်အတားများစွာကြုံတွေ့ကြရသည်။ ပြဿနာတစ်ရပ်ကို ဖြေရှင်းရာတွင် နှစ်နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်၊ နိုင်ငံတကာအဆင့် မှန်မှန်ကန်ကန် ထိတွေ့ပူးပေါင်းဆောင်ရွက်ဖို့ လိုမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် စစ်ရေးအရကျူးကျော်တိုက်ခိုက်မှုမျိုး၊ မြင်သာထင်သာရှိသည့် ပြောင်ကျကျဝင်ရောက်စွက်ဖက်မှုမျိုး ပြုလုပ်ခြင်းနည်းပါးသွားသည်ကိုတွေ့ရသည်။ ပြဿနာအရင်းအမြစ်များတွင် မသိသာမမြင်သာသော စွက်ဖက်မှုများ၊ မြှောက်ထိုးပင့်ကော်ပြုလုပ်ပေးမှုများ၊ ပံ့ပိုးကူညီသြဇာလွှမ်းမိုးမှုများ၊ အကျပ်ကိုင် ခြိမ်းခြောက်မှုများ စသည့်အသွင်မျိုးစုံဖြင့် လုပ်ကိုင်လာကြသည်ကို တွေ့ရသည်။

နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခုက နိုင်ငံတစ်နိုင်ငံကို ဖိအားပေးလိုသောအခါတွင်လည်းကောင်း၊ နိုင်ငံရေးရည်ရွယ်ချက်ကို အကောင်အထည်ဖော်လိုသောအခါတွင်လည်းကောင်း ပကတိအမှန်တရားကို မသိကျိုးကျွန်ပြုပြီး ၎င်းတို့လိုချင်သည့်ရလဒ်ထွက်လာစေရန် ဖြစ်ပေါ်နေသော ပြဿနာကို လိုရာပုံဖော်ဖန်တီးခြင်း၊ နိုင်ငံတကာစံနှုန်းများကို ခုတုံးလုပ်အသုံးချခြင်းများရှိတတ်သည်။

ယနေ့ကာလတွင် ကျယ်ကျယ်လောင်လောင်ပြောဆိုစွပ်စွဲနေကြသည်မှာ ဓမ္မဓိဋ္ဌာန်ကျကျရှုမြင်သုံးသပ်မှုမရှိဘဲ လူ့အခွင့်အရေး၊ လူသားချင်း စာနာထောက်ထားရေး ဟူသည့်အသံများပင်ဖြစ်သည်။ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားရေးမှုများသည် မူလရည်ရွယ်ချက်အရ အထူးကောင်းမွန်သော ခေါင်းစဉ်များ ဖြစ်သည်။ သို့သော် ယင်းတို့ကို မှန်ကန်စွာလေ့လာရှုမြင်ခြင်းမရှိဘဲ လိုရာဆွဲအသုံးပြုမည်ဆိုပါက ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များကိုကျော်လွန်ပြီး သူတစ်ပါး၏ပြည်တွင်းရေးရာကိစ္စများတွင် ဝင်ရောက်စွက်ဖက်လာနိုင်သည့်သဘောဖြစ်နေသည်ကို သတိပြုရမည်ဖြစ်သည်။

အမှန်တကယ်တွင် အမျိုးသားလုံခြုံရေးကိစ္စများနှင့်ပတ်သက်၍ လက်ရှိမြန်မာနိုင်ငံ၌ဖြစ်ပေါ်နေသည့် ဖြစ်စဉ်များတွင် အစွန်းရောက်အကြမ်းဖက်မှုအန္တရာယ်အား အထူးသတိထားရမည်ကို မြန်မာနိုင်ငံသားများသာ အထူးသိရှိထားကြသည်။ ယမန်နှစ် အောက်တိုဘာလမှ ယနေ့ကာလအထိ ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အစွန်းရောက်အကြမ်းဖက်သမားတို့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ပြည်သူ ၄၁ ဦး သေဆုံးခဲ့ရပြီး အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားမှုကြောင့် အပြစ်မဲ့ပြည်သူ ၂၃ ဦး ပျောက်ဆုံးနေသည်။ အဆိုပါအကြမ်းဖက်သတ်ဖြတ်မှုများသည် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသော အန္တရာယ်များ ဖြစ်သည်ကို နိုင်ငံတကာမှ မှန်ကန်စွာသိရှိဖို့လိုအပ်သည်။

သို့ဖြစ်ရာ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသောအန္တရာယ်များကို မှန်မှန်ကန်ကန်သိရှိပြီး နယ်မြေဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအဖွဲ့အစည်းများက အလေးထားဆောင်ရွက်နေပြီး ပြည်သူလူထုအနေဖြင့်လည်း လုံခြုံရေးအဖွဲ့အစည်းများနှင့်လက်တွဲပူးပေါင်း၍ သတင်းအချက်အလက်များကို အမြန်ဆုံးပေးပို့ရန်လိုအပ်ပေသည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်လည်း ပကတိအခြေအနေဖြစ်ရပ်မှန်များကို မှန်ကန်စွာ လေ့လာပြီး လိုရာမဆွဲဘဲ သုံးသပ်ရှုမြင်ကြဖို့လိုအပ်မည်ဖြစ်သည်။ ။

# ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) နှစ်(၁၂၀)ပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**ရန်ကုန် ဇူလိုင် ၂**

ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) နှစ်(၁၂၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက အဆိုပါဆေးရုံကြီးရှိ စာသင်ဆောင်ခန်းမ၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံကို ယခုကာလအထိ ထိန်းသိမ်းစောင့်ရှောက်ခဲ့သော ခေတ်အဆက်ဆက် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများနှင့် ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ကြောင်းနှင့် လိုအပ်သည်များကို ဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အငြိမ်းစား ပါမောက္ခ (သားဖွား/မီးယပ်) ဒေါက်တာမြမြ၊ အငြိမ်းစားဆေးရုံအုပ်ကြီး ဒေါက်တာခင်မြသွင်၊ ဆေးတက္ကသိုလ်(၁)ရန်ကုန် ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာညွန့်သိန်းတို့က ဂုဏ်ပြုအမှတ်တရစကားများ ပြောကြားကြပြီး ပါမောက္ခ/ဌာနမှူး (သားဖွား/မီးယပ်) ဒေါက်တာစမ်းစမ်းမြင့်က ဆေးရုံကြီး၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာပပက နှစ်(၁၂၀)ပြည့် အခမ်းအနား ကျင်းပရခြင်း အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်ဟန်တို့က အထိမ်းအမှတ်မုခ်ဦးအား ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြကာ ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)ကို (၁၈၉၇)ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ နှစ်(၁၂၀) ပြည့်မြောက်ပြီဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်လမ်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့ငယ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပြည်သူ့ဆေးရုံများတွင် ကုသရေးလုပ်ငန်းများ၊ စီမံခန့်ခွဲရေးလုပ်ငန်းများ၊ ဘက်စုံဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ခရိုင်ရုံးဖွင့်ပွဲကျင်းပ

**မင်းတပ် ဇူလိုင် ၂**

ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး



ဦးစီးဌာန မင်းတပ်ခရိုင်ရုံးဖွင့်ပွဲကို ဇွန် ၂၉ ရက်က ကျင်းပရာ မင်းတပ်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်း၊ မင်းတပ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးငွေးလွင်၊ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်စွာလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် နိုင်ငံတော်အစိုးရက အသစ်ဖွင့်လှစ်သည့်ဌာနဖြစ်ပြီး မင်းတပ်ခရိုင်ရုံး၏ ဝန်ထမ်းအင်အားဖွဲ့စည်းပုံမှာ ၁၆ ဦးဖြစ်ကာ လက်ရှိတွင် ငါးဦးခန့်ထားပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူလူထုက စားသုံးသည့် အစားအသောက်နှင့်ဆေးဝါးပစ္စည်းများသည် စံချိန်စံညွှန်းမီ၊ မမီ၊ အဆိပ်အတောက် ပါဝင်မှုရှိ၊ မရှိဓာတ်ခွဲစမ်းသပ်ခြင်း၊ ထုတ်လုပ်မှုမှတ်ပုံတင်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ခြင်း ဟုတ်၊ မဟုတ်၊ ရေရှည်တွင် လူတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်သော အဆိပ်အတောက်များပါဝင်မှု ရှိ၊ မရှိကို စစ်ဆေးကာ ကွပ်ကဲထိန်းချုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲအောင် နယ်စပ်ဒေသမှ တိုင်းရင်းသား ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကမ်းနီးကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ဘုရားသုံးဆူတောင် သာသနာပြုပရဟိတ စည်သူဟိန်းကျောင်းတိုက် အခမဲ့ပညာဒါနကျောင်းမှ (၂၀၁၅-၂၀၁၆)၊ (၂၀၁၆-၂၀၁၇)ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့ကြသော ရှမ်းပြည်နယ်တောင်ပိုင်း နယ်စပ်ဒေသမှ ကျောင်းသား ကျောင်းသူများအား ပထမအကြိမ်ဂုဏ်ပြုပွဲနှင့် ပညာရည်မြှင့်တင်ပွဲကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတိုက် ခန်းမဆောင်၌ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ ပုစွန်တောင်မြို့နယ် သာယာကုန်း ပြသာဒ်ကျောင်းတိုက် နာယကဆရာတော်နှင့် ရှေးဟောင်းသမိုင်းဝင် ဘုရားသုံးဆူတောင် လှည်းကူးမြို့နယ် ကမ်းနီးကျေးရွာ စည်သူဟိန်းကျောင်းတိုက် အခမဲ့ပညာဒါန ပရဟိတကျောင်းအုပ် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာဓဇ (ဒီဃဘာဏက)က အခမဲ့ပညာ သင်ကြားရေးပရဟိတ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမိန့်ကြားပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင်လည်း နယ်စပ်ဒေသမှ တိုင်းရင်းသား ကျောင်းသား ကျောင်းသူ ၆၀ ကျော် လက်ခံ၍ အခမဲ့ပညာသင်ကြားပေးမည်ဖြစ်ပြီး ပညာရည်မြှင့်တင်မှု ပရဟိတလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆရာတော်မှ ထပ်မံမြွက်ကြားခဲ့သည်။

ထို့နောက် ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင် နယ်စပ်ဒေသ ကျောင်းသား ကျောင်းသူ ၁၉ ဦးတို့အား ဆရာတော်ကြီးများနှင့်အလှူရှင်တို့က ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **ဉာဏ်ဟိန်း (အင်းစိန်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲသင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ

# နိုင်ငံတော်ဩဝါဒါစရိယ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဖူးမြော်ကြည်ညို



**နေပြည်တော် ဇူလိုင် ၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့နံနက် ၈ နာရီတွင် စာချစာသင် (၇၅)နှစ်ပြည့် စိန်ရတုပူဇာမင်္ဂလာအခမ်းအနားကျင်းပမည့် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်သို့ သွားရောက်ပြီး နိုင်ငံတော်ဩဝါဒါစရိယ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၏ ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော်ကြီးက ဩဝါဒစကား ပြန်လည်မြွက်ကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ကြီး၏ စာချစာသင် (၇၅)နှစ်ပြည့် စိန်ရတုမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ကြီး၏ စာချစာသင် (၇၅)နှစ်ပြည့် စိန်ရတုမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရ မဟာထေရ်မြတ်ကြီး၊ ရေနံချောင်းမြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတေဇနိယနှင့် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းသည် ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက် ပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရ မဟာထေရ်မြတ်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များက ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရက သာရဏီယ ဩဝါဒကထာချီးမြှင့်တော်မူသည်။ ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရ မဟာထေရ်မြတ်ကြီးထံ လှူဖွယ်ပစ္စည်းများအား လည်းကောင်း၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံ နဝကမ္မဝတ္ထုငွေများအား လည်းကောင်း ဆက်ကပ်လှူဒါန်းပြီး ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အခမ်းအနား တက်ရောက်လာကြသူများသည် ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရ မဟာထေရ်မြတ်ကြီးထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြောက်ဦးမြို့နယ် မြက်ရိတ်ကျွန်းကျေးရွာတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**အမ်း ဇူလိုင် ၂**

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မြောက်ဦးမြို့နယ် မြက်ရိတ်ကျွန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် သွေးတိုးရောဂါ ၂၂ ဦး၊ အစာအိမ်ရောင်ရောဂါ ၂၃ ဦး၊ အရိုး၊ အကြော၊ အဆစ်ဆိုင်ရာရောဂါ ၁၆ ဦး၊ အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်းရောဂါ ၂၂ ဦး၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါ ကိုးဦး၊ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါ ခုနစ်ဦး၊ သွားနှင့်ခံတွင်းရောဂါ ခုနစ်ဦး၊ သွေးအားနည်းရောဂါ ကိုးဦး၊ ဆီးချိုသွေးချိုရောဂါ နှစ်ဦး၊ နှလုံးရောဂါတစ်ဦး၊ လေးဖက်နာရောဂါ လေးဦး၊ အဆုတ်ရောင်ရောဂါ တစ်ဦး၊ အထွေထွေအားနည်းရောဂါ ၂၀ စုစုပေါင်း ဒေသခံ ၁၄၃ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာများအား စစ်တွေမြို့ရှိ အမှတ် (၁၇) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)သို့ ဆေးရုံတက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ကျေးရွာအတွင်း ခြင်အန္တရာယ်ကင်းဝေးစေရန်အတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ထိုင်းနိုင်ငံ ဘုရားသုံးဆူဘက်မှပြန်လာသော မြန်မာအလုပ်သမားများအား ကြိုဆို

**ဘားအံ ဇူလိုင် ၂**

ကရင်ပြည်နယ် မြဝတီနှင့်ဘုရားသုံးဆူမြို့ဝင်ပေါက်မှ ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမားဦးရေ ထောင်နှင့်ချီ ပြန်လာနေဆဲဖြစ်ရာ ဇူလိုင် ၁ ရက် ညနေ ၄ နာရီခွဲက တာဝန်ရှိသူများသည် ဘုရားသုံးဆူ ဘက်မှဝင်ရောက်လာသော မြန်မာအလုပ်သမားများအား ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ထိုသို့ပြန်လာသူဦးရေသည် မြဝတီမှ ဇွန် ၂၉ ရက်မှ ဇူလိုင် ၁ ရက်အထိ မြန်မာအလုပ်သမား စုစုပေါင်း ၁၂၇၇ ဦးရှိပြီး ဘုရားသုံးဆူမြို့မှ ဇူလိုင် ၁ ရက်က မြန်မာအလုပ်သမား ၂၇၁ ဦး ဝင်ရောက်လာကြောင်း သိရသည်။

ထိုသို့ မြန်မာအလုပ်သမားများ ပြန်လည်ဝင်ရောက်လာရာတွင် နေရပ်ပြန်ရန် အခက်အခဲရှိသူများ ခေတ္တတည်းခိုနေထိုင်စားသောက်ရေးအတွက်နယ်မြေခံတပ်ရင်း၊ ကရင်ငြိမ်းချမ်းရေးနယ်ခြားစောင့်တပ်၊ ဒီကေဘီအေနယ်ခြားစောင့်တပ်နှင့် ဘုရားသုံးဆူမြို့ ဌာနဆိုင်ရာများပူးပေါင်းပြီး ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ(ဘုရားသုံးဆူ)ဘက်မှဝင်ရောက်လာသော ရွှေ့ပြောင်းအလုပ်သမား ၂၇၁ ဦးအား နွေးထွေးစွာကြိုဆိုကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

✪

# လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်သစ် ဂျပန်နှင့် ဥရောပသမဂ္ဂတို့ရရှိရန်နီးစပ်လာဟုဆို



**တိုကျို ဇူလိုင် ၂**
ဂျပန်နှင့် ဥရောပသမဂ္ဂ(အီးယူ)တို့သည် လွတ်လပ်သော ကုန်သွယ်ရေး သဘာတူညီချက်တစ်ရပ်ကို ရရှိရန်နီးစပ်လာပြီဖြစ်ကြောင်း၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ကုန်သွယ်ရေးမူဝါဒများအရ အကျိုးသက်ရောက်လာဖွယ်ရှိသည့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို တုံ့ပြန်နိုင်ရန် ဂျပန်နှင့် အီးယူတို့ ခြေလှမ်းပြင်ကြခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၂ ရက်တွင် ရေးသားဖော်ပြသည်။

ဂျပန်နှင့်အီးယူအကြား ကျယ်ပြန့်လှသည့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို ဇူလိုင် ၆ ရက်တွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ထိပ်သီးဆွေးနွေးပွဲကျင်းပသည့်အခါ ထုတ်ပြန်ကြေညာနိုင်မည်ဟု မိမိယုံကြည် ကြောင်း၊ မော်တော်ယာဉ်နှင့် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များအပေါ် အကောက်ခွန်စည်းကြပ်မှုနှုန်းထားများကို လျှော့ချနိုင်ရေးအတွက် အပြီးသတ်သဘာတူညီချက်မူကြမ်းကို ရေးဆွဲလျက်ရှိကြကြောင်း အီးယူကုန်သွယ်ရေး မဟာမင်းကြီး ဆယ်စီလီယာ မန်းစထရောင်းက ပြောကြားသည်။

ဂျပန်နှင့်ဥရောပအကြား ကုန်သွယ်ရေးသဘောတူညီချက်သစ်ရရှိခြင်းဖြင့် နိုင်ငံရေးအရ အောင်ပွဲခံနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးတွင် ကမ္ဘာ့နိုင်ငံများ၏လှုပ်ရှားမှုအစီအစဉ်အပေါ် အမေရိကန်အစိုးရအဖွဲ့က ဩဇာလွှမ်းမိုးနိုင်အောင်ကြိုးပမ်းနေမှုနှင့်ပတ်သက်၍ မေးခွန်းထုတ်မှုများရှိလာနိုင်ကြောင်း မန်းစထရောင်းက ပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေးနယ်ပယ်တွင် မျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ရေရှည်ဆောင်ရွက်နိုင်မှုတို့အပေါ် အခြေခံကာ ဆောင်ရွက်ပါက နှစ်ဖက်စလုံး အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း၊ "ကိုယ်သာစေ၊ သူနာစေ" သဘောမျိုးဖြင့် ကုန်သွယ်ရေးဆက်ဆံမှုပြုလုပ်လျှင် အလုပ်မဖြစ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

မန်းစထရောင်းသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီအိုကိရှိဒနှင့် မြို့တော်တိုကျို၌ နှစ်ရက်ကြာတွေ့ဆုံဆွေးနွေးခဲ့ပြီးနောက်**(အပေါ်ပုံ)** အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

ဂျပန်၏မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများအပေါ် ဥရောပသမဂ္ဂက အကောက်ခွန်နှုန်းထားများ တစ်ဆင့်စီလျှော့ချပေးရန် သဘောတူညီခြင်းအတွက် အပြန်အလှန်အားဖြင့် ဂျပန်နိုင်ငံက ဥရောပ၏ဒိန်ခဲနှင့် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များအပေါ် အကောက်ခွန်နှုန်းထားများ လျှော့ချပေးရန် အီးယူကုန်သွယ်ရေးတာဝန်ရှိသူများက တောင်းဆိုခဲ့ကြသည်ဆို၏။ **ရိုက်တာ။**

# တရုတ်နိုင်ငံ၏ လေယာဉ်တင်သင်္ဘောကြီး ဟောင်ကောင်သို့ ဆိုက်ရောက်လာမည်

**ဟောင်ကောင် ဇူလိုင် ၂**
တရုတ်နိုင်ငံ၏ ပထမဆုံးသော လေယာဉ်တင်သင်္ဘောကြီးသည် တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်တို့ ပြန်လည်ပေါင်းစည်းမှု နှစ်(၂၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဟောင်ကောင် ပင်လယ်ဆိပ်ကမ်းသို့ ရောက်ရှိလာသည့်အခါ ဒေသခံပြည်သူများကို လာရောက်လေ့လာကြည့်ရှုခွင့်ပြုမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။



လျောင်နင်းအမည်ရှိ လေယာဉ်တင်သင်္ဘောကြီးသည် တရုတ်ရေတပ်မတော်၏ စစ်အင်အားကို ထုတ်ဖော်ပြသနိုင်ပြီး ရေတပ်၏ အောင်မြင်မှုများကို လှစ်ဟနိုင်ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၏ ရေတပ်ပြောခွင့်ရပုဂ္ဂိုလ် ယန်လီယန်းက ပြောကြားသည်။

လေယာဉ်တင်သင်္ဘောကြီး လျောင်နင်းသည် ဇူလိုင် ၇ ရက်တွင် ဟောင်ကောင်သို့ ဆိုက်ရောက်လာမည်ဖြစ်ကြောင်း ဟောင်ကောင်မီဒီယာများက ရေးသားဖော်ပြသည်။

ထိုစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဇူလိုင် ၂ ရက်တွင် ဟောင်ကောင်ခေါင်းဆောင်သစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့အား စိန်ခေါ်သည့် မည်သည့်ဆောင်ရွက်ချက်မျိုးကိုမဆို တရုတ်ဗဟိုအစိုးရအဖွဲ့က သည်းခံမည်မဟုတ်ကြောင်း သမ္မတရှီက ပြင်းပြင်းထန်ထန် သတိပေးပြောကြားခဲ့သည်။

ဆိုဗီယက်ခေတ် လေယာဉ်တင်သင်္ဘောကြီးကို ပြန်လည်မွမ်းမံပြင်ဆင်ကာ စက်ကိရိယာသစ်များ တပ်ဆင်ထားသော လျောင်နင်းလေယာဉ်တင်သင်္ဘောကြီးသည် ပဲ့ထိန်းဒုံးကျည်တပ်ဖျက်သင်္ဘောများနှင့် ဖရီးဂိတ်စစ်သင်္ဘောများအတူလိုက်ပါလျက် ဟောင်ကောင်သို့ ဆိုက်ရောက်လာမည်ဖြစ်သည်။

လျောင်နင်းလေယာဉ်တင်သင်္ဘောကြီးအုပ်စုသည် ဇွန်လကုန်တွင် ရှန်တုန်ပြည်နယ် ချင်းတောင်မြို့ရှိ ယင်း၏ရေတပ်စခန်းမှ ထွက်ခွာလာခဲ့သည်။ အဆိုပါ ရေတပ်သင်္ဘောအုပ်စု ဟောင်ကောင်သို့ရောက်ရှိမည့် နေ့ရက်ဖြစ်သော ဇူလိုင် ၇ ရက်မှာ တရုတ်-ဂျပန်စစ်ပွဲကို အစပြုခဲ့သည့် မာကိုပိုလို တံတားအရေးအခင်းဖြစ်ပွားခဲ့မှု နှစ် ၈၀ ပြည့် နှစ်ပတ်လည်နေ့နှင့် တိုက်ဆိုင်လျက်ရှိသည်။ **ရိုက်တာ။**

## အာဖဂန်လေတပ်မှ စီးနင်းတိုက်ခိုက်၊ စစ်သွေးကြွ ၁၃ ဦးသေဆုံး

**ကဘူး ဇူလိုင် ၂**
လွန်ခဲ့သော ၂၄ နာရီအတွင်းက အာဖဂန်နစ္စတန်နိုင်ငံတွင်းရှိ စစ်သွေးကြွများပုန်းခိုနေသည့်နေရာများအား အာဖဂန်လေတပ်လေယာဉ်များက စီးနင်းတိုက်ခိုက်ခဲ့ရာ အိုင်အက်စ်အဖွဲ့ကို သစ္စာခံသည့် စစ်သွေးကြွငါးဦးအပါအဝင် ၁၃ ဦးသေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနက ဇူလိုင် ၁ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်လေတပ်မှ လေယာဉ်များသည် လွန်ခဲ့သည့် ၂၄ နာရီအတွင်းက ဂျိုဇ်ဂျန်ပြည်နယ်အတွင်းရှိ ခရိုင်လေးခုအတွင်းမှ ကျေးရွာအချို့၌ ပုန်းခိုနေသည့် စစ်သွေးကြွများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုအတွင်း လက်နက်ကိုင်စစ်သွေးကြွ ၁၃ ဦးသေဆုံးပြီး ၎င်းတို့ထဲမှ ငါးဦးမှာ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)စစ်သွေးကြွများဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။ လေကြောင်းစီးနင်းတိုက်ခိုက်မှုအတွင်း စစ်သွေးကြွများ၏ ယာဉ်များနှင့် လက်နက်များကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသော်လည်း တာလီဘန် သို့မဟုတ် အိုင်အက်စ်အဖွဲ့များက ယင်းကြေညာချက်အပေါ် တစ်စုံတစ်ရာမှတ်ချက်ပြုကြခြင်းမရှိပေ။ **ဆင်ဟွာ။**

# လကမ္ဘာသို့ လူလိုက်ပါမည့် အာကာသယာဉ်တစ်စင်းကို ၂၀၃၀ ပြည့်နှစ်ထက် နောက်မကျဘဲ ဂျပန်လွှတ်တင်လို




**တိုကျို ဇူလိုင် ၂**
၂၀၃၀ ပြည့်နှစ်ထက် နောက်မကျဘဲ လကမ္ဘာသို့ လူသားတစ်ဦးစေလွှတ်မည့် အာကာသအစီအစဉ်ကို ဂျပန်အာကာသအေဂျင်စီက ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသို့ အဆိုပြုတင်ပြလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၃၆ ခုနှစ်ထက်နောက်မကျဘဲ လကမ္ဘာသို့ လူသားတစ်ဦးစေလွှတ်မည့် တရုတ်နိုင်ငံ၏ အစီအစဉ်တွင် ဂျပန်ပူးပေါင်းပါဝင်ရန် သင့်၊မသင့် သို့တည်းမဟုတ် တရုတ်နိုင်ငံနှင့်အပြိုင် ဂျပန်က သီးခြားအာကာသ အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ရန် သင့်၊ မသင့် ဂျပန်အာကာသအေဂျင်စီ၏ အဆိုပြုတင်ပြချက်တွင် ဖော်ပြထားသည်။

လကမ္ဘာစူးစမ်းလေ့လာရေး နိုင်ငံတကာ အစီအစဉ်တွင် ဂျပန်နိုင်ငံပါဝင်ခြင်းမှာ ပိုမိုဖြစ်နိုင်ဖွယ်ရာရှိကြောင်း၊ အကြောင်းမှာ လကမ္ဘာစူးစမ်းလေ့လာရေး အစီအစဉ်ကို မိမိ၏တစ်နိုင်ငံတည်းက သီးခြားဆောင်ရွက်ခြင်းဖြင့် ဂျပန်အာကာသအေဂျင်စီအတွက် ကုန်ကျစရိတ် အလွန့်အလွန်များပြားနိုင်ခြင်းကြောင့်ဖြစ်ကြောင်း အဆိုပါအေဂျင်စီ၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျပန်နိုင်ငံသည် ဒေသတွင်း၌ အာကာသနည်းပညာအရ ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းလာခြင်းဖြင့် ၂၀ ရာစုနှစ်လယ်ကဖြစ်ပေါ်ခဲ့သော စစ်အေးခေတ်အာကာသပြိုင်ပွဲကို ပြန်လည်အသက်သွင်းခြင်းလောဟု နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

၂၀၂၀ ပြည့်နှစ်ထက်နောက်မကျဘဲ အင်္ဂါဂြိုဟ်ပေါ်သို့ ဂြိုဟ်ဆင်းယာဉ်တစ်စင်း ဆင်းသက်နိုင်စေရေးအတွက် အာကာသအစီအစဉ် ချမှတ်ဆောင်ရွက်သွားမည်ဟု တရုတ်နိုင်ငံက ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ထိုစဉ်အတွင်း အိန္ဒိယနိုင်ငံကလည်း ၂၀၁၈ ခုနှစ် ဒုတိယနှစ်ဝက်တာကာလအတွင်း ဒုတိယအကြိမ် လူလိုက်ပါခြင်းမရှိသော အာကာသယာဉ်တစ်စင်းကို စေလွှတ်မည်ဟု ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ **ကျိုဒိုနယူး။**

# တောင်အာဖရိကနိုင်ငံအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ဆောင်ရွက်ခဲ့တဲ့အတွေ့အကြုံတွေကို မြန်မာနိုင်ငံအတွက် မျှဝေပေးလို

**မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံနှင့် တောင်အာဖရိက နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်နိုင်မှုတို့နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိက သံအမတ် Mr. Geoffrey Quinton Mitchell Doidge နှင့် မြန်မာ့သတင်းစဉ်တို့ တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်-**

( တွေ့ဆုံမေးမြန်း - သာစိန်၊ ကျော်ထိုက်စိုး )

**မေး။ မင်္ဂလာပါ အဆွေတော်သံအမတ်ကြီးခင်ဗျာ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဟာ နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာမြင့်ခဲ့ပြီလို့သိရပါတယ်။ သမိုင်းကြောင်းအရကြည့်မယ်ဆိုရင် မြန်မာနိုင်ငံနဲ့ တောင်အာဖရိကနိုင်ငံတို့ဟာ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်နိုင်ကြတာတွေ့ရပါတယ်။ အခုလည်း အဆွေတော်မြန်မာနိုင်ငံကို ရောက်ရှိလာတဲ့အတွက် နှစ်နိုင်ငံဆက်ဆံရေးကို ထပ်မံတိုးမြှင့်နိုင်မယ်လို့မျှော်လင့်ပါတယ်။ အဲဒီအပေါ် အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ မြန်မာနိုင်ငံနဲ့တောင်အာဖရိကနိုင်ငံတို့ရဲ့ သံတမန်ဆက်ဆံရေးသက်တမ်းဟာ ဆယ်စုနှစ် နှစ်ခုမက ရှိလာပါပြီ။ ၂၀၁၀ ခုနှစ်နောက်ပိုင်းမှာ မြန်မာနိုင်ငံက ရရှိခဲ့တဲ့ တိုးတက်ပြောင်းလဲမှုတွေအပေါ် ကျွန်တော်တို့အလွန်မှ အားရကျေနပ်ပါတယ်။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဖော်ဆောင်နေဆဲဖြစ်ပြီး အဲဒီအပြောင်းအလဲနဲ့အတူ အောင်မြင်မှုတွေ စတင်ရရှိနေပြီဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကျင်းပခဲ့တဲ့ ပထမအကြိမ်ပင်လုံညီလာခံနဲ့ ဒုတိယအကြိမ်ပင်လုံညီလာခံတွေအပေါ် ကျွန်တော်တို့ အထူးတလည်စိတ်ဝင်စားလျက်ရှိပါတယ်။ ထို့အတူ တောင်အာဖရိကနိုင်ငံအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံတွေကိုလည်း မြန်မာနိုင်ငံအတွက် မျှဝေပေးလိုပါတယ်။ ခေတ်အဆက်ဆက်က ဒီမိုကရေစီဖော်ဆောင်ရာမှာရရှိခဲ့တဲ့ တောင်အာဖရိကနိုင်ငံရဲ့ အတွေ့အကြုံတွေကို မျှဝေပေးခြင်းအားဖြင့် မြန်မာနိုင်ငံအတွက် အကျိုးများစွာရရှိမှာပါ။ ဒီနေရာမှာ အသွင်ကူးပြောင်းရေးနဲ့ပတ်သက်ပြီး ဘာလုပ်ရမလဲဆိုတာကို ကျွန်တော်တို့က မပြောလိုသော်လည်း ကျွန်တော်တို့ရဲ့ အမှားတွေအပေါ်မှာတော့ သင်ခန်းစာယူနိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေကို မျှဝေပေးခြင်းသာ ဖြစ်ပါတယ်။

**မေး။ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိုလုပ်ဆောင်နေတာ အဆွေတော်သိပြီးဖြစ်မှာပါ။ ဖော်ပြပါလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး မြန်မာအစိုးရရဲ့ ကြိုးပမ်းအားထုတ်မှုအပေါ် အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ညှိနှိုင်းအဖြေရှာရတဲ့ကိစ္စဟာ ရှည်ကြာတဲ့လုပ်ငန်းစဉ်တစ်ခုပါ။ ထို့အတူ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ပီပီပြင်ပြင်ဖော်ဆောင်နိုင်ဖို့ဟာလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လိုပဲ နက်နဲရှုပ်ထွေးပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ဖော်ဆောင်တာဟာ မလွယ်ကူလှတဲ့အတွက် အားလုံးပါဝင်ဖို့လိုအပ်သလို အချိန်များစွာယူဖို့လိုအပ်ပါတယ်။ တောင်အာဖရိကအနေနဲ့ အဲဒီလုပ်ငန်းစဉ်တွေကို နှစ်အတန်ကြာ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရပါတယ်။ နယ်ဆန်မင်ဒဲလား မလွတ်မြောက်မီ ၁၉၈၀ ခုနှစ် နှောင်းပိုင်းကာလကတည်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကျွန်တော်တို့စေ့စပ်ညှိနှိုင်းမှုတွေ စတင်လုပ်ဆောင်ခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်မှာ နယ်ဆန်မင်ဒဲလားလွတ်မြောက်လာပြီးတဲ့နောက်ပိုင်းမှာ ဆွေးနွေးညှိနှိုင်းမှုအသစ်တစ်ရပ် လုပ်ဆောင်ခဲ့ကြပြီး အဲဒီကနေတစ်ဆင့် ၁၉၉၄ ခုနှစ်မှာ ရွေးကောက်ပွဲကျင်းပနိုင်တဲ့အထိရောက်ရှိခဲ့ပြီး ဒီမိုကရေစီပုံစံရွေးကောက်ပွဲကို ပထမဦးဆုံးအကြိမ်ကျင်းပနိုင်ခဲ့ပါတယ်။ ဒီမိုကရေစီရွေးကောက်ပွဲနဲ့အတူ ပေါ်ပေါက်လာတဲ့ပါလီမန်က နိုင်ငံကိုပြုပြင်ပြောင်းလဲမှု ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ဖို့အတွက် ဥပဒေပေါင်း ၇၀၀ ကျော်ကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ နယ်ဆန်မင်ဒဲလား တောင်အာဖရိကသမ္မတဖြစ်လာတဲ့အချိန်မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သို့သော်လည်း ယခင်အစိုးရအဆက်ဆက်ရဲ့ ဆိုးမွေတွေဖြစ်တဲ့ ဆင်းရဲမွဲတေမှု၊ မမျှတမှုနဲ့ အခြားသောအခက်အခဲနဲ့ စိန်ခေါ်မှုတွေကိုတော့ တောင်အာဖရိကပြည်သူတွေ ရင်ဆိုင်ခံစားနေရဆဲဖြစ်ပါတယ်။ ပိုပြီးထူးခြားတာက အသွင်ကူးပြောင်းရေးကာလမှာ ကြုံတွေ့ရတဲ့အခက်အခဲတွေဟာ တောင်အာဖရိကပြည်သူတွေရဲ့ ဘဝအပေါ် သက်ရောက်မှုရှိနေဆဲဖြစ်တဲ့အတွက် တောင်အာဖရိကနိုင်ငံအနေနဲ့ အသွင်ကူးပြောင်းရေးကို လုပ်ဆောင်နေဆဲလို့ပဲဆိုချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အသွင်ကူးပြောင်းရေးတွေလုပ်ဆောင်ခဲ့ရာမှာ နိုင်ငံတော်တည်ဆောက်ရေးနဲ့ပတ်သက်ပြီး အပြည့်အဝလုပ်ဆောင်နိုင်ခဲ့ခြင်းမရှိသေးပါဘူး။ တစ်ဦးနဲ့တစ်ဦးအကြား၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြားမှာ ငြိမ်းချမ်းရေးဖော်ဆောင်နေဆဲပဲဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းမှာ ငြိမ်းချမ်းရေးဖြစ်ထွန်းလာမှသာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းလည်း အောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီးပြောချင်တာက ကျွန်တော်တို့အားလုံးဟာ စိတ်ရှည်ဖို့လိုပါတယ်။ မြန်မာပြည်သူပြည်သားတွေလည်း စိတ်ရှည်ဖို့လိုပါတယ်။ တောင်အာဖရိကနိုင်ငံအနေနဲ့ လာမယ့်လေးနှစ်တာကာလအထိ မြန်မာနိုင်ငံအပေါ် စောင့်ကြည့်အကဲဖြတ်ရင်း မြန်မာနိုင်ငံနဲ့အတူ အတွေ့အကြုံတွေကို ဖလှယ်ချင်ပါတယ်။



**မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိက သံအမတ်**
**Mr. Geoffrey Quinton Mitchell Doidge**

> **“ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ဖော်ဆောင်တာဟာ မလွယ်ကူလှတဲ့အတွက် အားလုံးပါဝင်ဖို့လိုအပ်သလို အချိန်များစွာယူဖို့လိုအပ်ပါတယ်။ တောင်အာဖရိကအနေနဲ့ အဲဒီလုပ်ငန်းစဉ်တွေကို နှစ်အတန်ကြာ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရပါတယ်။ နယ်ဆန်မင်ဒဲလား မလွတ်မြောက်မီ ၁၉၈၀ ခုနှစ် နှောင်းပိုင်းကာလကတည်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကျွန်တော်တို့စေ့စပ်ညှိနှိုင်းမှုတွေ စတင်လုပ်ဆောင်ခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်မှာ နယ်ဆန်မင်ဒဲလား လွတ်မြောက်လာပြီးတဲ့နောက်ပိုင်းမှာ ဆွေးနွေးညှိနှိုင်းမှုအသစ်တစ်ရပ် လုပ်ဆောင်ခဲ့ကြပြီး အဲဒီကနေတစ်ဆင့် ၁၉၉၄ ခုနှစ်မှာ ရွေးကောက်ပွဲ ကျင်းပနိုင်တဲ့အထိ ရောက်ရှိခဲ့ပြီး ဒီမိုကရေစီပုံစံရွေးကောက်ပွဲကို ပထမဦးဆုံး အကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။”**

**မေး။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နိုင်ငံတော်တာဝန် စတင်ရယူခဲ့တဲ့အချိန်ကစပြီး ငြိမ်းချမ်းရေးအတွက် တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးကိုထိရောက်စွာအကောင်အထည်ဖော်နိုင်ဖို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ အကောင်အထည်ဖော်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ တောင်အာဖရိကမှာ အကောင်အထည်ဖော်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နှိုင်းယှဉ်ပြီး အဆွေတော်ရဲ့အကြံပြုချက်ကို လိုချင်ပါတယ်။**

ဖြေ။ တောင်အာဖရိကဟာ စနစ်တစ်ခုမှစနစ်တစ်ခုကို လွှဲပြောင်းပေးနိုင်ခဲ့တဲ့ အားသာချက်တွေရှိပါတယ်။ ဒါကတော့ မြန်မာနိုင်ငံနဲ့သက်ဆိုင်တဲ့ကိစ္စတော့ မဟုတ်ပါဘူး။ မြန်မာနိုင်ငံကတော့ သူ့အုပ်ချုပ်ရေးစနစ်နဲ့သူ ရှေ့ကိုခရီးဆက်နေပါတယ်။ ဒါကြောင့်မို့ သူ့ရဲ့စနစ်နဲ့အညီ ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဆောင်နေတာတွေ့ရပါတယ်။ ငြိမ်းချမ်းရေးညီလာခံတွေ ကျင်းပနိုင်ခဲ့တဲ့မြန်မာနိုင်ငံရဲ့ ကြိုးပမ်းမှုအပေါ် မိမိတို့ လေးစားရပါတယ်။ နိုင်ငံပြုပြင်ပြောင်းလဲရေးမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေအမြဲရှိနေမှာပါ။ တောင်အာဖရိကနိုင်ငံပင်လျှင် စေ့စပ်ဆွေးနွေးညှိနှိုင်းမှုသုံးကြိမ်အထိ ပျက်ပြားခဲ့ရပါတယ်။ ပထမအကြိမ်ပျက်သွားခဲ့တယ်။ ဒုတိယအကြိမ် ထပ်မံကြိုးစားသော်လည်း ပျက်ပြားခဲ့တယ်။ တတိယအကြိမ်ရောက်မှ သဘောတူညီမှုတွေရရှိခဲ့တာကြောင့် အဲဒီတတိယအကြိမ်ကို “ပါတီစုံစေ့စပ်ဆွေးနွေးညှိနှိုင်းမှုဖိုရမ်” လို့ ထင်ရှားကျော်ကြားခဲ့ခြင်းဖြစ်ပါတယ်။ ပထမအကြိမ်နဲ့ ဒုတိယအကြိမ်မှာ အောင်မြင်မှုနဲ့အလှမ်းဝေးခဲ့ပြီး အားလုံးပါဝင်တဲ့ တတိယအကြိမ်ကျမှ သဘောတူညီမှုတွေရရှိခဲ့ကြပြီး လမ်းမှန်ပေါ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ပြီး လုပ်ဆောင်စရာတွေ ရှိနေပါသေးတယ်။ ဒါကြောင့်မို့ အသွင်ကူးပြောင်းရေးနဲ့ နိုင်ငံတော်တည်ဆောက်ရေးဟာ များစွာရှုပ်ထွေးတဲ့အတွက် အဆောတလျင်လုပ်ဆောင်လို့ မရနိုင်ပါဘူး။ အဲဒီလုပ်ငန်းစဉ်မှာ ပါဝင်ပတ်သက်တဲ့သူတွေအနေနဲ့ အားလုံးပါဝင်တဲ့ လုပ်ငန်းစဉ်ကြီးတစ်ခုဖြစ်လာမှသာ အောင်မြင်မှုရနိုင်မယ်ဆိုတာ ရှင်းရှင်းလင်းလင်းသဘောပေါက်နားလည်ဖို့လိုအပ်ပါတယ်။

**မေး။ အဆွေတော်အနေနဲ့ ဝန်ကြီးတာဝန်လည်း ထမ်းဆောင်ခဲ့တယ်လို့သိရပါတယ်။ နိုင်ငံတည်ဆောက်ရေးနဲ့ပတ်သက်ပြီး အဆွေတော်မှာ အတွေ့အကြုံများစွာ ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိမြန်မာအစိုးရသစ်ရဲ့ နိုင်ငံတော်တည်ဆောက်ရေးနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့ ဘက်စုံအမြင်ကို သိချင်ပါတယ်။**

ဖြေ။ မြန်မာနိုင်ငံကိုလာရောက်တာ တောင်အာဖရိကအစိုးရရဲ့ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ကိုယ်စားပြုလာရောက်ခဲ့တာဖြစ်ပြီး မြန်မာနိုင်ငံအစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ အောင်မြင်တိုးတက်လာတဲ့အပေါ်မှာ ကျွန်တော်တို့ ချီးမွမ်းဂုဏ်ပြုပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်မှာ စိန်ခေါ်မှုတွေ အတူယှဉ်တွဲပြီးပါလာတယ်ဆိုတာ ကျွန်တော်တို့သိရှိသဘောပေါက်ပါတယ်။ ပင်လုံညီလာခံမှာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွေ အားလုံးလက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးသည့်တိုင် တက်ကြွစွာပါဝင်ဆွေးနွေးတဲ့သူတွေနဲ့ ညီလာခံအထမြောက်အောင် ကျင်းပနိုင်ခဲ့တဲ့ မြန်မာအစိုးရကို ကျွန်တော်တို့ ချီးမွမ်းဂုဏ်ပြုပါတယ်။ ဆွေးနွေးပွဲမှာ လူတိုင်းလူတိုင်းလာရောက်ပြီး ပါဝင်ဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့ တိုက်တွန်းအားပေးလိုပါတယ်။ ဒါမှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပြီးပြည့်စုံတဲ့အဖြေတစ်ခု ထွက်ပေါ်လာမှာဖြစ်ပါတယ်။ တောင်အာဖရိကနိုင်ငံအနေနဲ့ မြန်မာနိုင်ငံက ရရှိပြီးသားတိုးတက်အောင်မြင်မှုတွေအပေါ် ကျေနပ်အားရနေသလို ဆွေးနွေးပွဲမှာ ပိုပြီးပါဝင်လာကြဖို့နဲ့ ဆွေးနွေးပွဲပိုပြီးအောင်မြင်ဖို့ ဆန္ဒရှိနေပါတယ်။ သို့သော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်မှာ ရင်ဆိုင်နေရတဲ့ မတူညီတဲ့အမြင်တွေ၊ အခက်အခဲတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ သတိထားဆင်ခြင်ရတဲ့အခြေအနေမှာရှိပါတယ်။ မည်သို့ပင်ဆိုစေ တောင်အာဖရိကနိုင်ငံဟာ မြန်မာနိုင်ငံနဲ့ အတွေ့အကြုံတွေမျှဝေဖို့ ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ ■

---

## အင်းစိန်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူဖြစ်စေရန် မိုးရာသီသစ်ပင်စိုက်ပွဲကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီခွဲက အင်းစိန်မြို့ ဖော့ကန်ရပ်ကွက် အလက(၁၁)ကျောင်း၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ကျောင်းခြံစည်းရိုးမြေ သတ်မှတ်နေရာများ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်း၊ မြို့နယ်ပညာရေးမှူး ဒေါက်တာအေးအေးစမ်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းရီ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ ပြည်သူများ၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများက မြို့နယ်သစ်တောဦးစီးဌာနမှ ပေးဝေခဲ့သော ခရေ၊ ပျဉ်းမ၊ တမလန်း၊ ငုဝ၊ စွယ်တော်၊ မဟော်ဂနီ၊ သရက်၊ ပန်းအလှပင် စုစုပေါင်း အပင် ၂၁၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(မြဇေ)**

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်တွင်းလုပ်ငန်းရှင်များမှ ပြည်ပချေးငွေရယူခြင်း

**ဝင်းသော်**

နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးမူဘောင် (၁၂)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်နေသော ကာလမှာ တစ်နှစ်သက်တမ်းကျော်လွန်ပြီးဖြစ်သည်။ အဆိုပါ တစ်နှစ်ကာလ၏ ဆောင်ရွက်မှုအခြေအနေများကိုလည်း ပြည်သူလူထုသိရှိစေရန် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးအနေဖြင့် ရုပ်မြင်သံကြား၊ သတင်းစာများ၊ ဂျာနယ်များမှ ရှင်းလင်းချပြခဲ့သလို မီဒီယာများနှင့်တွေ့ဆုံ၍လည်း မရှင်းလင်းသည်များ၊ မေးမြန်းချက်များအပေါ် ရှင်းလင်းမှုများ ပြုလုပ်ခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် မိမိအစိုးရသက်တမ်းကာလအတွင်း ပြည်သူလူထု၏ အခြေခံစီးပွားရေး၊ လူမှုရေးအဆင့်အတန်းမြင့်မားရေး၊ ပညာရေးစနစ်တိုးတက်အောင် ပြုပြင်ပြောင်းလဲရေးများကို ပွင့်လင်းမြင်သာမှုအခြေခံသော အလေ့အထနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

**ရေးဆွဲဆောင်ရွက်**

နိုင်ငံတော်အစိုးရ၏ တစ်နှစ်တာအတွင်းဆောင်ရွက်မှုများစွာအနက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ အောက်တိုဘာ ၂၄ ရက်တွင် ဒုတိယသမ္မတ(၁)ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီး ၁၂ ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းမှာ တစ်ခုအပါအဝင် ဖြစ်သည်။ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ကဏ္ဍအသီးသီးတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး အလွန်ကျယ်ပြန့်သည့်အတွက် လုပ်ငန်းနယ်ပယ်အားလုံးကို တစ်ပြိုင်တည်း ထည့်သွင်းရေးဆွဲဆောင်ရွက်ခြင်း မပြုနိုင်ဘဲ အများသဘောတူညီနိုင်းပြီးသည့် အရေးအကြီးဆုံး မဏ္ဍိုင်ငါးရပ်ကိုသာ မူဘောင်၏ ပထမအကြိမ်ငါးနှစ်စီမံကိန်းတွင် ထည့်သွင်းနိုင်ခဲ့ပြီး အဆိုပါ ကိစ္စရပ်များ အကောင်အထည်ဖော်နိုင်ရန်အတွက် အောက်ပါအတိုင်း ကော်မတီငါးရပ်ကို ဖွဲ့စည်းခဲ့သည်။

(က) အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးကော်မတီ၊
(ခ) ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးကော်မတီ၊
(ဂ) ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာဝန်းကျင် တိုးတက်ကောင်းမွန်စေရေးကော်မတီ၊
(ဃ) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးကော်မတီ၊
(င) စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတော်၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးကော်မတီ။

အဆိုပါကော်မတီများတွင် ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးကော်မတီ(Access to Finance)သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ၎င်း၏ လုပ်ငန်းတာဝန်များအား ရှည်လျားစွာ ရှင်းပြမနေတော့ပါ။ အဓိကအားဖြင့် လုပ်ငန်းရှင်များ(အကြီး၊ အသေး) အားလုံးလိုအပ်နေသော ငွေကြေးအရင်းအနှီးရရှိစေရေးကိစ္စများအပေါ် သုံးသပ်၍ လိုအပ်ချက်များအား ပံ့ပိုးရန်ဖြစ်သည်။ လက်တွေ့ဆောင်ရွက်မှု ဖြစ်နိုင်စေရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ်သည် ဒုတိယဥက္ကဋ္ဌ၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်သည် အတွင်းရေးမှူးဖြစ်ပြီး အဖွဲ့ဝင်ထဲတွင် မြန်မာနိုင်ငံဘဏ်များအသင်း အတွင်းရေးမှူးလည်း ပါဝင်သည်။

**ထည့်သွင်းဆွေးနွေး**

ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးကော်မတီအနေဖြင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တွင် လစဉ်တစ်ကြိမ်ထက်မနည်း အစည်းအဝေးပြုလုပ်ပြီး တင်ပြချက်၊ ဆွေးနွေးချက်၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများကို ဗဟိုကော်မတီ၏ လစဉ်အစည်းအဝေးတွင် တင်ပြရသည်။ လက်တွေ့ကျသော တင်ပြမှုများအနက် လတ်တလော ဖြေရှင်းပေးနိုင်သော ကိစ္စရပ်များကို ချက်ချင်း ဖြေရှင်းဆောင်ရွက်သည်။ ငွေကြေးရရှိစေနိုင်ရုံသာမက ငွေကြေးရရှိစေရေး ဆောင်ရွက်နေမှုများအတွက် မလိုအပ်သော ကုန်ကျစရိတ်၊ အခွန်နှုန်းထား၊ သယ်ယူပို့ဆောင်စရိတ်များ မြင့်မားခြင်းနှင့်ပတ်သက်၍ စည်းကမ်းဘောင်နှင့်အညီ ထိုက်သင့်သလိုလျှော့ချပေးရန်လည်း ထည့်သွင်း ဆွေးနွေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန် ငွေကြေးအရင်းအမြစ်ရရှိနိုင်သော နည်းလမ်းများအနက် ချေးငွေဖြင့်ဖြည့်ဆည်းသော အပိုင်းကဏ္ဍ၌ ပြည်တွင်းပုဂ္ဂလိကဘဏ်များထံမှ ချေးယူခြင်းနှင့် ပြည်ပရှိဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ချေးယူခြင်းဟူ၍ နှစ်ပိုင်းရှိသည်။ အဆိုပါ ကိစ္စရပ်နှစ်ခုလုံးသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည်။ ပြည်တွင်း ချေးငွေရယူဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနမှ ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရသည်။ အခြေခံအားဖြင့် ချေးငွေထုတ်ချေးမည့် ဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းတို့၏ ချေးငွေစိစစ်ရေးအဖွဲ့မှ လုပ်ငန်း၏ ဝင်ငွေ-ထွက်ငွေစာရင်းကို အခြေခံ၍ အမြတ်အစွန်းသေချာမှု၊ တိုးတက်မှုအလားအလာ၊ ဆုံးရှုံးနိုင်ခြေ၊ အခွန်ပေးဆောင်ထားမှုစသည်တို့ကို စိစစ်ရသည်။ သတ်မှတ်ချက်များကိုက်ညီ၍ ချေးငှားရန်သင့်လျော်သည်ဟု အဖွဲ့ကလက်ခံလျှင် အပေါင်ပစ္စည်းယူ၍ဖြစ်စေ၊ အပေါင်ပစ္စည်းမဲ့ဖြစ်စေ သက်ဆိုင်ရာဘဏ်က ချေးငှားပေးမည် ဖြစ်သည်။ သက်တမ်းကာလ အများဆုံးတစ်နှစ်ဖြစ်ပြီး အတိုးနှုန်းမှန်မှန်ပေးပါက၊ လုပ်ငန်းအခြေအနေ ပုံမှန်ဖြစ်ပါက သက်တမ်းတိုးခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။ ပြည်တွင်းဘဏ်၏ အတိုးနှုန်းသည် တစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်း ဖြစ်ပြီး သုံးလတစ်ကြိမ် အတိုးပေးသွင်းရသည်။ ဤသည်ကား ပြည်တွင်းဘဏ်မှ ငွေချေးငှားသည့်စနစ်ဖြစ်သည်။

**အခွင့်အရေးနည်းပါး**

UMFCCI အစည်းအဝေးတက်ရောက်စဉ် လုပ်ငန်းရှင်များက ပြည်တွင်းလုပ်ငန်းများ၊ ကုမ္ပဏီများကို ပြည်ပချေးငွေ (နိုင်ငံခြားချေးငွေ)ချေးခွင့်ပြုပါရန် တင်ပြလာပါသည်။ ပြည်တွင်းဘဏ်များတွင် ချေးငွေရယူပါက လုပ်ငန်းကြီးများကိုသာ ထုတ်ချေးကြောင်း၊ အပေါင်ပစ္စည်းများရယူကြောင်း၊ အပေါင်ပစ္စည်းအဓိကထားပြီး အပေါင်ပစ္စည်းပေးနိုင်သော ငွေကြေးရှိသောသူများကိုသာ ချေးငှားခြင်းဖြစ် ကြောင်း၊ ဆက်စပ်ပတ်သက်သူနှင့် ၎င်း၏ Group Comp- anies ကိုသာ ထုတ်ချေးသဖြင့် လိုအပ်သော လုပ်ငန်းရှင်များအတွက် အခွင့်အရေးနည်းပါးကြောင်း၊ ချေးငွေရယူရန် ခက်ခဲကြောင်း၊ သို့ဖြစ်၍ ပြည်ပဘဏ်များမှချေးငှားရန် ခွင့်ပြုသင့်ကြောင်း၊ ဗဟိုဘဏ်မှ ဆောင်ရွက်ပေးသင့်ကြောင်း ဆွေးနွေးတင်ပြကြသည်။

ဗဟိုဘဏ်အနေဖြင့် လက်ရှိအခြေအနေတွင် ချေးငွေဆိုင်ရာ ကန့်သတ်ထားခြင်းမရှိကြောင်း၊ မိမိအား ပြည်ပမှ ချေးငှားပေးမည့် အဖွဲ့အစည်း ဘဏ်ရှိပါက မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ နှစ်ဦးသဘောတူစာချုပ်နှင့်အတူ တင်ပြရမည် ဖြစ်ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ချေးငွေဆိုင်ရာ သတ်မှတ်ထားသော အချက်အလက်များကိုက်ညီမှုရှိပါက ခွင့်ပြုလျက်ရှိကြောင်း ဖြေကြားခဲ့သည်။ အဆိုပါ သတင်းအချက်အလက်များကို ပြည်သူလူထု၊ လုပ်ငန်းရှင်များ ကျယ်ပြန့်စွာ သိရှိနိုင်ရန် ဤဆောင်းပါးကို ရေးရခြင်းဖြစ်ပါသည်။

ဤနေရာတွင် ပြည်ပချေးငွေရယူရန် ဆောင်ရွက်သော လုပ်ငန်းစဉ်များအနေဖြင့် ပြည်တွင်း၌ဆောင်ရွက်သကဲ့သို့ပင် သက်ဆိုင်ရာဘဏ်က ပြည့်စုံရမည့်အချက်များကို မလွဲမသွေ စိစစ်မည်ဖြစ်သည်။ အဆိုပါစိစစ်ချက်သည် ပြည်တွင်းဘဏ်များက စစ်ဆေးသည်ထက် ပိုမိုစေ့စပ်သေချာသော အသေးစိတ်စိစစ်သော အခြေအနေဖြစ်ပါမည်။

**စိစစ်ခွင့်ပြုပေး**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာနသည် နိုင်ငံတော်အတွင်း စီးဝင်၊ စီးထွက်သော နိုင်ငံခြားငွေများကို စိစစ်ခြင်း၊ နိုင်ငံခြားငွေကြေး ရောင်းဝယ်မှုများနှင့် ဆက်စပ်၍ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်(A.D လိုင်စင်)နှင့် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးသည့် လုပ်ငန်းလိုင်စင်(M.C လိုင်စင်)များ ထုတ်ပေးခြင်း၊ နိုင်ငံခြားငွေဈေးနှုန်းများ သတ်မှတ်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို စိစစ်မှတ်တမ်းတင်ခြင်း၊ ပြည်ပချေးငွေများ ရယူလိုမှုကို စိစစ်ခွင့်ပြုပေးခြင်းများ ဆောင်ရွက်သည်။

ပြည်ပမှချေးငွေ ရယူလိုသူများအနေဖြင့် မည်သို့သော အဆင့်များ ဆောင်ရွက်ရမည်၊ မည်သို့သောအချက်များ ပြည့်စုံရမည်၊ မည်သည့်လုပ်ငန်းအမျိုးအစားမျိုး၊ မည်မျှငွေပမာဏအထိ ရယူနိုင်သည်စသည့် အချက်အလက်များကို အသိပေး ရှင်းလင်းတင်ပြလိုပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်တွင်းကုမ္ပဏီလုပ်ငန်းရှင်များအား ပြည်ပမှချေးငွေယူဆောင်ခွင့်ပြုထားသဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ(၂၉-က)တွင် "ပြည်တွင်း၌နေထိုင်သူသည် ပြည်ပမှ ချေးငွေရယူရာ၌ ငွေသားဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ ချေးယူခြင်းတို့ကို ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်"ဟု ဖော်ပြထားသည်။ ထို့အတူ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်း စာပိုဒ်(၄၈)တွင် "ပြည်တွင်း၌နေထိုင်သူသည် ပြည်ပမှ ချေးငွေများရယူခြင်း သို့မဟုတ် ပြည်ပမှ အခြားနည်းလမ်းများဖြင့် ချေးငှားခြင်း သို့မဟုတ် ချေးငွေရယူခြင်း သို့မဟုတ် ချေးယူရယူခြင်းကဲ့သို့သော စာရွက်စာတမ်း အထောက်အထားတို့ကို ဆောင်ရွက်သည့်အခါတိုင်း ဗဟိုဘဏ်က အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ကြိုတင်ခွင့်ပြုမိန့်တောင်းခံရယူရမည်"ဟု ဖော်ပြထားပြီး ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သည်။

**တရားဝင်ဖော်ပြ**

ကြိုတင်တောင်းခံရာတွင် လိုက်နာရမည့်အချက်များအား ပုဒ်မ ၄၉၊ ၅၀၊ ၅၁ နှင့် ၅၂တို့တွင် ဆက်လက်ဖော်ပြထားသည်။ သို့ဖြစ်ပါ၍ ပြည်တွင်းနေထိုင်သူများအား ပြည်ပချေးငွေ ချေးယူခွင့်မှာ ဥပဒေအရ ပါဝင်ပြီးဖြစ်သောကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိလုပ်ငန်းနှင့်ဆက်စပ်သော ဥပဒေစည်းမျဉ်းများကို လေ့လာရန် လိုအပ်သည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ပြည်ပချေးငွေများ ရယူရာတွင် လိုအပ်သော၊ အဓိကကျသော အချက်များကို www.cbm.gov.mm တွင် တရားဝင်ဖော်ပြထားသည်။

ပြည်ပနိုင်ငံရှိ ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ချေးငွေရယူရန် အစီအစဉ်ရှိပါက ပထမဆုံးအနေဖြင့် ရယူလိုသော Borrower သည် မိမိအား ချေးငွေထုတ်ချေးမည့်သူ Lender (ပြည်ပဘဏ်၊ နိုင်ငံတကာ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများ)အား မိမိအစီအစဉ်ဖြင့် ချိတ်ဆက်၊ ဆက်သွယ်ရှာဖွေရမည် ဖြစ်သည်။ ယခုအခါ နိုင်ငံခြားဘဏ်ခွဲ ၁၃ ဘဏ်အား ဖွင့်လှစ်ခွင့်ပြုထားသဖြင့် ၎င်းတို့ထံ စုံစမ်းလေ့လာ ချိတ်ဆက်နိုင်သည်။ အဆိုပါ နိုင်ငံခြားဘဏ်ခွဲများမှလတ်တလောအခြေအနေတွင် ပြည်တွင်းလုပ်ငန်းများအား ချေးငှားခွင့်မပြုသေးပါ။ သို့သော် အဆိုပါဘဏ်ခွဲ၏ Head Office ဖြစ်စေ၊ အခြားနိုင်ငံရှိ ဘဏ်ခွဲမှဖြစ်စေ ချေးငှားပေးခြင်းကို ဆောင်ရွက်နိုင်သည်။

အဆိုပါ ချေးငွေထုတ်ချေးပေးမည့် Lender က ချေးငွေရယူလိုသော ကုမ္ပဏီအား ချေးငွေပေးအပ်ရန်သင့်၊ မသင့်၊ ပြည့်စုံခိုင်မာမှု ရှိ မရှိ စိစစ်ရာတွင် အဓိကမှာ Annual Report / Audited Report ဖြစ်သည်။ ၎င်းကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအား စိစစ်၍ အမြတ်အစွန်းရရှိနိုင်စွမ်း အခြေအနေ၊ နိုင်ငံတော်သို့ အခွန်ပေးဆောင်ထားခြင်း ရှိ မရှိ၊ ၎င်း၏ Group Compaines များရှိက ၎င်းကုမ္ပဏီများ၏ လုပ်ငန်းအခြေအနေကိုပါ စိစစ်သည်။ နိုင်ငံခြားဘဏ်များ၏ စိစစ်မှုသည် ပြည်တွင်းပုဂ္ဂလိကဘဏ်များတွင် စိစစ်သောအချက်များကိုပင် အခြေခံပြီး အဓိကစစ်ဆေးပါသည်။

မည်သို့ပင်ဖြစ်စေ အထက်ပါအဆင့်ကျော်လွန်၍ နိုင်ငံခြား ဘဏ်၊ အဖွဲ့အစည်းက ပြည်တွင်းကုမ္ပဏီအား လက်ခံနိုင်ဖွယ်အဆင့် သတ်မှတ်ပြီဆိုပါက ပထမအဆင့် အောင်မြင်ပြီ ဆိုရပါမည်။ ဒုတိယအဆင့်အနေဖြင့် ငွေပမာဏမည်မျှချေးမည်။ ၎င်းချေးငှားမည့်ငွေအား မည်သည့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်(A.D ဘဏ်)က Bank Gurantee/Standby Letter of Credit ပေးမည်ဟူသော အဆင့်ကို ဆက်လက်ဆောင်ရွက်ရပါမည်။ အဘယ်ကြောင့်ဆိုသော် ပြည်ပငွေချေးသူအနေဖြင့် ပြည်တွင်းကုမ္ပဏီ၏ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုရှိပါက ဆုံးရှုံးမှုမရှိစေရန် အာမခံချက်လိုအပ်ပါသည်။ အာမခံပစ္စည်းသည် မရွှေ့ပြောင်းနိုင်သောပစ္စည်း(မြေ)ဖြစ်ခဲ့ပါက နိုင်ငံခြားသား ပိုင်ဆိုင်ခွင့်မရှိခြင်းကြောင့် ပြည်တွင်း A.D လိုင်စင်ရဘဏ်၏ အာမခံချက်တောင်းခံ/လိုအပ်ရခြင်း ဖြစ်သည်။ အချို့သော Lender ငွေထုတ်ချေးမည့်သူများအနေဖြင့် A.D လိုင်စင်ရဘဏ်များ၏ အာမခံချက်ဖြင့် ငွေထုတ်ချေးသကဲ့သို့ အချို့အဖွဲ့အစည်းများအနေဖြင့် ချေးငွေရယူလိုသောကုမ္ပဏီ၏ လုပ်ငန်းများ(သို့မဟုတ်)လုပ်ငန်းခွဲများကို အာမခံအဖြစ်ရယူခြင်း သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းလည်ပတ်မှုနှင့် ရှေ့အလားအလာ၊ လူပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာတို့အပေါ် မူတည်၍ ချေးငွေထုတ်ချေးသည်။ အထူးသဖြင့် ဂေဟစနစ်ကို မပျက်စီးစေသောလုပ်ငန်း၊ လူမှုအဖွဲ့အစည်းတိုးတက်မှုအတွက် လိုအပ်ချက်များ ဖြည့်ဆည်းမှုနှင့်ဆက်စပ်သော လုပ်ငန်းများ Project များအား ဦးစားပေးချေးငှားပါသည်။ (ဥပမာ-နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် World Bank လက်အောက်ရှိ International Finance Cooperation (IFC)၊ MIGA ချေးငွေများ)

**ခွင့်ပြုချက်ယူရမည်**

အဆိုပါ ဒုတိယအဆင့်ကျော်ဖြတ်ပြီးပါက ပြည်ပချေးငွေရယူမည့်သူနှင့် ပြည်ပချေးငွေ ထုတ်ချေးမည့်သူတို့အကြား သဘောတူညီချက်ရပြီးပါက နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်ဖြစ်သည်။ ထိုသို့ရယူရာတွင် အောက်ဖော်ပြပါအချက်များ တင်ပြရန်လိုအပ်သည်။

(က) ချေးငွေရယူရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရုံးအမှတ်(၅၅) နေပြည်တော်သို့ လိပ်မူထားသည့် လျှောက်ထားလွှာ၊
(ခ) ကုမ္ပဏီဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ (ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ Form VI၊ Form XXVI၊ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း)
(ဂ) အစိုးရအသိအမှတ်ပြု စာရင်းစစ်အဖွဲ့မှ အတည်ပြုထားသောကုမ္ပဏီ၏သက်ဆိုင်ရာ ဘဏ္ဍာနှစ်နှင့် အနီးစပ်ဆုံး နှစ်ချုပ်စာရင်း၊
(ဃ) ချေးငွေဆိုင်ရာအချက်အလက်များ (ချေးငွေပမာဏ၊ အတိုးနှုန်း၊ ချေးငွေသက်တမ်းနှင့် ချေးငွေပြန်လည် ပေးဆပ်မည့်အစီအစဉ်တို့ အပါအဝင်) ပြည့်စုံစွာပါရှိသည့် ချေးငွေစာချုပ် (မူကြမ်း)၊
(င) ချေးငွေစာချုပ်ပါ ပြန်ဆပ်ရန်ကာလ Tenure သည် နှစ်လတ်သို့မဟုတ် နှစ်ရှည်ကာလဖြစ်ရန်၊
(စ) သက်ဆိုင်ရာကုမ္ပဏီအနေဖြင့် ပြည်ပ (သို့မဟုတ်) ပြည်ပနှင့်ဖက်စပ်ကုမ္ပဏီဖြစ်ပါက ရင်းနှီးမြှုပ်နှံငွေ (Equity) ပမာဏ အနည်းဆုံး အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ ထည့်ဝင်ပြီးသည့် လုပ်ငန်းဖြစ်ရန်၊
(ဆ) MIC ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများအတွက် Equity Brought-in အနည်းဆုံး ၈၀ ရာခိုင်နှုန်းရှိရန်နှင့် DICA ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော လုပ်ငန်း

စာမျက်နှာ ၇ သို့

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကကြီး ခခွေး ဘယ်လိုရေး၊ မှားတဲ့စာအုပ်လေး

## ဦးဝင်းဇေ

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့က မြန်မာဘုန်းကြီးကျောင်း တစ်ကျောင်းမှာ "ကကြီးခခွေး ဘယ်လိုရေး"အမည်ရှိ စာအုပ်လေးတစ်အုပ်ကိုလက်စွဲပြုပြီး မြန်မာကလေးတွေကို မြန်မာသင်ပုန်းကြီးသင်ပေးနေတာ တွေ့ရပါတယ်။ ကျွန်တော်က ကျောင်းဆရာလုပ်ခဲ့ဖူးတဲ့အပြင် ကျောင်းသုံးမြန်မာဖတ်စာပြုစုရေးအဖွဲ့မှာလည်း အတွင်းရေးမှူးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်လို့ မြန်မာဖတ်စာကအစ ကျောင်းသုံးစာအုပ်ဟူသမျှကို ကောက်မကြည့်ဘဲ မနေနိုင်ပါ။ ဒီစာအုပ်လေးဟာ ၁၉၉၉ ခုနှစ် ဧပြီက ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့တာဖြစ်လို့ကြာတော့ ကြာပါပြီ။ အခုထိ ထပ်ပြီးပုံနှိပ်ထုတ်ဝေနေသလား မဆိုနိုင်ပါ။ ဆက်လက်ထုတ်ဝေနေမယ်ဆိုရင် ကျောင်းသုံးစာအုပ်အဖွဲ့ (အခြေခံပညာဦးစီးဌာန)က အရေးယူသင့်ပါတယ်။ အရေးယူဖို့ဆိုတာ"ဖမ်းဆီး"ဖို့ မဟုတ်ပါ။ မှားတာ၊ စနစ်မကျတာတွေကို အရေးယူဖို့ပါ။ ပြင်ခိုင်းဖို့ပါ။ သိပ်မများလှပါ။

ဒီစာအုပ်လေးရဲ့နောက်ဆုံးစာမျက်နှာမှာ ဖော်ပြထားတဲ့ "မမ၀၀" ကဗျာဖတ်စာလေးကလည်း ကဗျာဆရာကြီး ဦးတင်မိုးရဲ့ ကလေးကဗျာစာအုပ်ထဲကပါ။ ဦးတင်မိုးရဲ့ခွင့်ပြုချက်နဲ့ ကျောင်းသုံးစာအုပ်မှာ ထည့်သွင်းခဲ့တာပါ။ ဦးနေဝင်းလက်ထက်က ကလေးတွေရဲ့ ဖတ်စာထဲမှာ စာရေးဆရာအမည်မထည့်ရပါ။ စာရေးဆရာက ကျောင်းစာနဲ့ စီးပွားရေးလုပ်မှာကို မလိုလားလို့ပါတဲ့။

ဒီစာအုပ်မှာပါတဲ့ က-ကလေးငယ်ချစ်စဖွယ်ဆိုတဲ့ "ဗျည်းလင်္ကာဟာ ဦးတင်မိုး၊ ဦးစွမ်းရည်၊ ပျဉ်းမနားမောင်နီသင်း (အမျိုးသားစာပေဆုရ၊ ပညာရေးဌာန ဝန်ထမ်းကဗျာဆရာများ)ပါဝင်ပြုစုထားတာပါ။ ဦးဆောင်ကြီးကြပ်သူက ဝိဇ္ဇာဌာနခွဲမှူး ဦးဘကောင်းနဲ့ ပညာရေးတက္ကသိုလ် မြန်မာစာသင်နည်းဌာနပါမောက္ခ ဦးသန်းထွတ်တို့ ဖြစ်ပါတယ်။

က-ကန်စွန်းပင် ရေမှာရှင်၊ ခ-ခရမ်းသီး ဓားနဲ့လှီး စတဲ့ မူလ မူရင်း လက်ဟောင်း ဗျည်းလင်္ကာမှာ ကဗျာစာဆိုကြီး မင်းသုဝဏ်က စနစ်တကျရေးဖွဲ့ပြုစုထားတာဖြစ်ပါတယ်။ အမျိုးသားကျောင်းများ ပေါ်ပေါက်ခါစ၊ ၁၉၂၀ ပြည့်နှစ်ကျော်ကျော်က ရေးဖွဲ့ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် မသုံးဖြစ်ခဲ့ပါ။ လွတ်လပ်ရေးခေတ်မှာ အသုံးပြုခဲ့ပေမယ့် စစ်တပ်က အာဏာသိမ်းတော့ ဦးနေဝင်းက "မင်းသုဝဏ် ရေးတာဆိုရင် မသုံးနဲ့။ အသစ်ပြန်ရေး"လို့ ပါမောက္ခတစ်ဦးကိုရေးခိုင်းတော့ "က-ကညစ်၊ ပေမှာခြစ်" အစရှိတဲ့ ဗျည်းလင်္ကာတစ်ခု ထွက်ပေါ်ခဲ့ပါတယ်။ အဲဒါက ကလေးရော၊ လူကြီးမိဘရော၊ ဆရာ ဆရာမတွေပါ မမြင်ဖူးတဲ့မြင်ရသင်ရမလွယ်ကူတဲ့ "ကညစ်"နဲ့ စတင်ထားလို့ ကျောင်းသုံးနဲ့ မဆီလျော်ပါ။ ဒါကြောင့် သင်ရိုးအဖွဲ့က ပြုစုတာဆိုပြီး ဦးတင်မိုး၊ ဦးစွမ်းရည်၊ ဦးနီသင်း မကြာခင်က ကွယ်လွန်သူ ဆရာဦးတင်ဝင်း၊ လက်ထောက်ညွှန်မှူး ပညာရေးသုတေသနဌာနတို့ စုပေါင်းပြုစုတာ ဖြစ်ပါတယ်။ ဌာနဆိုင်ရာ ဆရာကြီးနှစ်ဦး ဦးဘကောင်းနဲ့ ပါမောက္ခ ဦးသန်းထွတ်တို့ ပါဆိုရင် အဖွဲ့ဝင် ငါးဦးပြုစုပြီး မြန်မာစာပါမောက္ခ ဦးကိုသင်း၊ ဒေါ်စီစီဝင်း၊ ကထိက ဦးစောထွန်း၊ ဦးခင်အေး၊ ဆရာအတတ်သင် ကိုယ်စားလှယ်များနဲ့ အခြေခံပညာရေးကိုယ်စားလှယ် ဆရာ ဆရာမများလည်း ပါဝင်ဆုံးဖြတ် အတည်ပြုခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် က-ကလေးငယ် ချစ်စဖွယ် အစရှိတဲ့ ဗျည်းလင်္ကာဟာ အခြေခံပညာဦးစီးဌာန ကျောင်းသုံးစာအုပ်ကော်မတီ၊ မြန်မာစာသင်ရိုးအဖွဲ့ရဲ့ "မူပိုင်" ဖြစ်တယ်လို့ ဆိုသင့်ပါတယ်။ သူငယ်တန်းဖတ်စာ ရှေ့ပိုင်းမှာပါဝင်ပါတယ်။

အခု ကျွန်တော်ပြောချင်တာက "မူပိုင်"ကိစ္စမဟုတ်ပါ။ ဌာနဆိုင်ရာက အရေးယူချင်ယူ၊ မသိလို့ဘဲဖြစ်ဖြစ်၊ သိလျက်နဲ့ပဲဖြစ်ဖြစ် အရေးမယူချင်နေ။ ကျွန်တော် စိတ်မဝင်စား။ ကျောင်းဆရာတစ်ဦးအနေနဲ့ အမြင်မတော်လို့ ထောက်ပြတာပဲ ဖြစ်ပါတယ်။ ထုတ်ဝေသူက ဒေါ်ရွှေအိမ် တိုင်းလင်းစာပေ မြဲ ၀၁၂၉၉အမှတ် ၈/၆၅ အုပ်စု (၃) စော်ဘွားကြီးကုန်း အင်းစိန်မြို့နယ် ရန်ကုန်ဖြစ်ပါတယ်။ စီစဉ်သူက ဒေါ်ရှုမေ Royal စာအုပ်ထုတ်ဝေရေး အမှတ် (၇၇) နှင်းဆီလမ်း အလုံ ဖုန်း ၂၂၀၅၈၄ တဲ့။ ပုံနှိပ်သူက ဦးသန်းရွှေ ပြည်တော်သာပုံနှိပ်တိုက် ၀၃၆၂၆ အမှတ် (၇၇) နှင်းဆီလမ်း အလုံ။

စာအုပ်မှာ ဗျည်းလင်္ကာတစ်ပုဒ်ကို အရုပ်ကလေးတစ်ကွက်နဲ့ လေကြောင်းမျဉ်းညှပ်များ ဖော်ပြထားပါတယ်။ ပထမ ချွတ်ယွင်းချက်က ဆွဲနည်းပြစာလုံးကြီးများမှာ လက်ယာရစ်ဆွဲနည်း မြားဦးပြမထားတာဘဲ ဖြစ်ပါတယ်။ ကကြီးခခွေး ဘယ်လိုရေးရမလဲ ညွှန်ပြမထားပါ။ အင်္ဂလိပ်အက္ခရာများက လက်ဝဲရစ်ရေးဆွဲပါတယ်။

ဒုတိယချွတ်ယွင်းချက်ကတော့ မြန်မာစာအဖွဲ့က ပြုစုပုံနှိပ်၊ ပြဌာန်းထားတဲ့ မြန်မာစာလုံးပေါင်း အဘိဓာန်နဲ့မညီတာပဲ ဖြစ်ပါတယ်။

(၁) ငချိတ်ပေါင်း စားလို့ကောင်းမှာ
    ငချိပ်ပေါင်း စားလို့ကောင်း ဖြစ်ပါတယ်။
    ချိပ်ကို(ပသတ်) နဲ့ ရေးရပါတယ်။
(၂) ဠ တာ့တလင်းဂျိတ် အသံထွက်ပဲ ရေးထားတယ်။
    ဠ သန်လျင်းချိတ် လို့ ရေးရပါမယ်။

တတိယအချက်ပြောစရာရှိတာက သင်ရိုးအဖွဲ့ (ပညာရေးဌာန)က အရေးမယူတောင် ကဗျာဆရာကြီး ဦးတင်မိုးရဲ့ အမွေခံသားသမီးများက နောက်ဆုံးစာမျက်နှာမှာပါရှိတဲ့ "မမ ၀၀" ကဗျာအတွက် အရေးယူကန့်ကွက်နိုင်ပါတယ်။ အရင်က မသိဘူး ထားဦးတော့။ အခုသိပြီ။

(၁) အခြေခံပညာဦးစီးဌာန၊ ကျောင်းသုံးစာအုပ်ကော်မတီ
(၂) ကဗျာဆရာကြီး ဦးတင်မိုးရဲ့ မိသားစုတို့ထံ အသိပေး ခွင့်တောင်းရပါတယ်။

ကျောင်းသုံးစာအုပ်အဖွဲ့က ခွင့်ပြုနိုင်သလား မသိပါ။ ဘယ်လိုဥပဒေရှိမှန်းမသိပါ။ မရှိမသေ၊ မလေးမစားမလုပ်ဖို့နဲ့ အမှားအယွင်းမရှိအောင် လုပ်ဖို့ပဲ အဓိကပြောလိုရင်း ဖြစ်ပါတယ်။ ဒီစာအုပ်လေး ဆက်လက်ထုတ်ဝေနေတယ်ဆိုရင်တော့ နောက်ထပ်ထုတ်ဝေရင် အမှားအယွင်းမရှိအောင် လုပ်ဖို့ပါပဲ။ လေးကြောင်းမျဉ်းညှပ်ပါရုံနဲ့တော့ ဘာမှမထူးပါ။ လက်ယာရစ်ရေးဆွဲနည်း မပါဘဲ ဘာမှမထူး။ အကျိုးထူးမရ။

**ဒီစာအုပ်လေးရဲ့နောက်ဆုံးစာမျက်နှာမှာ ဖော်ပြထားတဲ့ "မမ၀၀"ကဗျာဖတ်စာလေးကလည်း ကဗျာဆရာကြီး ဦးတင်မိုးရဲ့ ကလေးကဗျာစာအုပ်ထဲကပါ။ ဦးတင်မိုးရဲ့ ခွင့်ပြုချက်နဲ့ ကျောင်းသုံးစာအုပ်မှာ ထည့် သွင်းခဲ့တာပါ။ ဦးနေဝင်းလက်ထက်က ကလေးတွေရဲ့ဖတ်စာထဲမှာ စာရေးဆရာအမည်မထည့်ရပါ။ စာရေးဆရာက ကျောင်းစာနဲ့ စီးပွားရေးလုပ်မှာကို မလိုလားလို့ပါတဲ့။ ဒီစာအုပ်မှာပါတဲ့ က-ကလေးငယ်ချစ်စဖွယ်ဆိုတဲ့ "ဗျည်းလင်္ကာဟာ ဦးတင်မိုး၊ ဦးစွမ်းရည်၊ ပျဉ်းမနားမောင်နီသင်း (အမျိုးသားစာပေဆုရ၊ ပညာရေးဌာန ဝန်ထမ်းကဗျာဆရာများ) ပါဝင်ပြုစုထားတာပါ။ ဦးဆောင်ကြီးကြပ်သူက ဝိဇ္ဇာဌာနခွဲမှူး ဦးဘကောင်းနဲ့ ပညာရေးတက္ကသိုလ် မြန်မာစာသင်နည်းဌာန ပါမောက္ခ ဦးသန်းထွတ်တို့ ဖြစ်ပါတယ်။**

---

❒ စာမျက်နှာ ၆ မှ

များအတွက် အနည်းဆုံးသတ်မှတ်ချက်အား လုပ်ငန်းအမျိုးအစား၊ ရင်းနှီးမတည်ငွေ ပမာဏများအပေါ်မူတည်၍ သတ်မှတ်ရန်၊

(ဈ) Debt to Equity Ratio သည် ချေးငွေ သတ်မှတ်ချက်ဘောင်ဖြစ်သည့် အနည်းဆုံး ယူဆောင်ရမည့် Equity မှာ ၃း၁ နှင့် ၄း၁ အတွင်းရှိရန်၊

(ည) ပြည်ပချေးငွေရယူသူသည် ချေးငွေပြန်လည်ပေးဆပ်ရန်အတွက် နိုင်ငံခြားငွေ မည်သို့ ရရှိနိုင်မည်/ နိုင်ငံခြားငွေ ပုံမှန်မရရှိပါကလည်း ပြည်တွင်းရငွေဖြင့် လုံလောက်စွာ ပြန်လည်ပေးဆပ်နိုင်ကြောင်းနှင့် ဖြစ်ပေါ်လာနိုင်သည့် ငွေလဲလှယ်နှုန်း အတက်အကျကို ကာကွယ်နိုင်မည့် အစီအစဉ်များ မည်သို့ ထားရှိရမည်။

ဤနေရာတွင် မိမိနိုင်ငံရှိ ပြည်တွင်းကုမ္ပဏီများ ကြုံတွေ့ရသော အခက်အခဲမှာ ထည့်ဝင်ပြီးမတည်ငွေ လွန်စွာနည်းပါးပါက ချေးငှားလိုသော ပမာဏကို ချေးငှားခွင့်ပြုနိုင်မည် မဟုတ်ပါ။ လုပ်ငန်း၏ ပမာဏ ကြီးမားမှု၊ အောင်မြင်မှု၊ ရှေ့အလားအလာကောင်းမွန်မှု စသည့်အချက်များ ပြည့်စုံသော်လည်း အခွန်ဆောင်မှု နည်းပါးခြင်း၊ ထည့်ဝင်ပြီး မတည်ငွေ ဒေါ်လာ တစ်သိန်းခန့်ပင် မရှိခြင်း၊ Financial Report မရှိခြင်း၊ အချို့ လုပ်ငန်းများသည် တရားဝင်အသိအမှတ်ပြု စာရင်းစစ်ဆေးမှု အစီရင်ခံစာမရှိခြင်းစသည့် အချက်များသည် ပြည်ပချေးငွေရယူရန် ဆောင်ရွက်သည့်အခါ ပြည့်စုံမှုမရှိသော/လက်ခံနိုင်ဖွယ်မရှိသော အခြေအနေကို ကြုံတွေ့ရသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် မတည်ရင်းနှီးငွေ၏ ၃း၁ နှင့် ၄း၁ သာ ခွင့်ပြုမည်ဖြစ်သဖြင့် လိုငွေပမာဏကို ပြည့်ဝစွာရရှိနိုင်မည်မဟုတ်ပါ။

သို့ဖြစ်၍ ပြည်တွင်းကုမ္ပဏီများအနေဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ မှတ်ပုံတင်ခြင်း၊ အခွန်ပေးဆောင်ခြင်း၊ နှစ်စဉ်ဘဏ္ဍာရေးအစီရင်ခံစာ ပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်းစသည့် လုပ်ငန်းတစ်ခု၏ လုပ်သင့်သော ပြည့်စုံရမည့်အချက်များ ဆောင်ရွက်ထားရန် လိုအပ်သည်။

ဗဟိုဘဏ်ကသတ်မှတ်သော အချက်အလက်များနှင့် ကိုက်ညီမှု မရှိခြင်းကြောင့်မဟုတ်ဘဲ ပြည်ပနိုင်ငံမှ ချေးငွေချေးယူနိုင်သော အဆင့်သတ်မှတ်နိုင်သည့် စံချိန်မမီသော ကုမ္ပဏီမှာ ၉၀ ရာခိုင်နှုန်းကျော်ဖြစ်သဖြင့် ဗဟိုဘဏ်သို့ လျှောက်လွှာတင်ခွင့်ပြုချက် ရယူနိုင်သောကုမ္ပဏီမှာ လွန်စွာနည်းပါးသည့် အခြေအနေကိုလည်း စိစစ်တွေ့ရှိရသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် စိစစ်ရာတွင် ပြည်တွင်းကုမ္ပဏီ၏လုပ်ငန်းမှ ဝင်ငွေရလမ်းသည် ပြန်လည်ပေးဆပ်နိုင်သည့်အခြေအနေရှိသောလုပ်ငန်းဖြစ်ပါက ဦးစားပေးခွင့်ပြုသည်။ ပြည်တွင်း မြန်မာကျပ်ဖြင့်ပင် ဝင်ငွေရရှိသောလုပ်ငန်းဖြစ်ပါက ပုံမှန်ရရှိသော အမြတ်ငွေသည် ရယူသောချေးငွေ၏ အတိုးနှုန်းကို ကာမိခြင်း ရှိ၊ မရှိ၊ အမေရိကန်ဒေါ်လာဈေးနှုန်း (Exchange Rate) အတက်အကျအတွက် ကြိုတင်စီစဉ်ထားသည့် Risk Management Plan ရှိ၊ မရှိ ချေးငွေ၏ အတိုးနှုန်းသည် ဖြစ်သင့်သော၊ သက်သာသောအတိုးနှုန်း ဟုတ်၊ မဟုတ်၊ ချေးငွေကာလသည် အနည်းဆုံး သုံးနှစ်ရှိမှသာ ခွင့်ပြုနိုင်ရေးတို့ကို ဆောင်ရွက်သည်။

အဆိုပါအချက်သည် ပြည်ပချေးငွေကို ပြည်တွင်းကုမ္ပဏီများက ချေးငှားခွင့် ရှိသည်ဟူသော ဥပဒေကို သိရှိနားလည်မှု မရှိခြင်းနှင့် ပြည်တွင်းကုမ္ပဏီများအနေဖြင့် ပြည်ပချေးငွေရယူနိုင်သော အခြေအနေ အချက်အလက်များ ကိုက်ညီပြည့်စုံမှု မရှိခြင်းများကြောင့်ပင် ဖြစ်သည်။ ၂၀၁၇ ဧပြီ ၂၈ ရက်အထိ ဗဟိုဘဏ်အနေဖြင့် ခွင့်ပြုပြီးချေးငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၆၇၆၁ ဒသမ ၈၁ သန်း၊ ယူရို ၁၀ ဒသမ ၉ သန်း၊ စင်ကာပူဒေါ်လာ နှစ်သန်း၊ ဂျပန်ယန်းသန်း ၅၀၀ ဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍအတွက် ၄၆ ဒသမ ၂၂ ရာခိုင်နှုန်း၊ ကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးခြင်းအတွက် ၃၀ ဒသမ ၈၃ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ၉ ဒသမ ၀၄ ရာခိုင်နှုန်း၊ ဘဏ်လုပ်ငန်းအတွက် ၆ ဒသမ ၈၁ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍအတွက် ၅ ဒသမ ၃၈ ရာခိုင်နှုန်း၊ အသေးစား ချေးငွေလုပ်ငန်းများအတွက် ၁ ဒသမ ၀၉ ရာခိုင်နှုန်းနှင့် ကုန်သွယ်ရေးအတွက် သုည ဒသမ ၆၃ ရာခိုင်နှုန်း အသီးသီးဖြစ်ကြသည်။ အဆိုပါချေးငွေ အများစုမှာ ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားရင်းနှီးမှုလုပ်ငန်း၊ နိုင်ငံခြားနှင့် ဖက်စပ်ဆောင်ရွက်သည့် လုပ်ငန်းများက ၎င်းတို့၏ မိခင်ကုမ္ပဏီထံမှလည်းကောင်း၊ အစုရှယ်ယာဝင် အချင်းချင်းထံမှ လည်းကောင်း ချေးယူခြင်းဖြစ်သကဲ့သို့ ဘဏ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများထံမှ ချေးယူခြင်းများလည်း ပါဝင်သည်။

### ရှာဖွေဖြည့်ဆည်းလျက်ရှိ

အထက်တွင် တင်ပြထားသကဲ့သို့ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍမှာ အထူးအရေးပါသော ကဏ္ဍဖြစ်သောကြောင့် ယင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ပံ့ပိုးနိုင်ရန် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများဘက်က ပံ့ပိုးနိုင်မည့်နည်းလမ်းများ ရှာဖွေဖြည့်ဆည်းလျက်ရှိသည်။ ပြည်တွင်းကုမ္ပဏီများဘက်က နိုင်ငံတကာချေးငွေ ရယူလိုလျှင် နိုင်ငံတကာဘဏ်များက သတ်မှတ်ထားသော စံနှုန်းများဖြင့် လိုက်လျောညီထွေဖြစ်မှသာ ပြည်ပချေးငှားမည့်သူက လက်ခံမည်ဖြစ်သည်။ ဗဟိုဘဏ်အနေဖြင့် ပြည်ပနှင့် သဘောတူပြီးသော ပြည်ပချေးငွေကိစ္စရပ်များအပေါ် သတ်မှတ်ချက်များနှင့် ညီ၊ မညီ စိစစ်ခြင်း၊ အောင်မြင်ပြီးမြောက်စေရေးနှင့် လိုအပ်ချက်များပြည့်စုံစေရန် လိုအပ်သော အကြံဉာဏ်ပေးခြင်းများဖြင့်လည်း ပြည်ပချေးငွေများ အဆင်ပြေချောမွေ့စွာ ချေးယူနိုင်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါသည်။ ။



# ဘေးရန်ကင်းကွာ ချမ်းသာလိုသူတိုင်း စိတ်ဝမ်းမကွဲ တစ်စိတ်တည်းတစ်ဝမ်းတည်း ညီညွတ်ကြရမည်ဖြစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ စုဒ္ဒသမအစည်းအဝေး၌မိန့်ကြားတော်မူအပ်သော အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဖန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသမဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၉ရက်၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်(တနင်္ဂနွေနေ့)

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ စုဒ္ဒသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား-

ဆရာတော်အရှင်မြတ်တို့ ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်းချမ်းမြေ့စွာဖြင့် သာသနာတော်အရေးကို အလေးဂရုပြုလျက် ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသည်ကို တွေ့မြင်ရပါသဖြင့် သာသနာတော်အတွက် အားတက်ရွှင်လန်းဝမ်းမြောက်ရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ယနေ့ကျင်းပသော သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ စုဒ္ဒသမအစည်းအဝေး၌ အပါဒါန်ပါဠိတော်+စရိယာပိဋက ပါဠိတော်တို့၌ လာသော-

**ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။**
**သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။**

ဟူသော မြတ်စွာဘုရား၏ ရွှေနှုတ်တော်ထွက် ဓမ္မစက်ဒေသနာ ဩဝါဒဂါထာကိုပင် ရှင်းလင်းလျှောက်ထားလိုပါသည်ဘုရား။

ဤဂါထာ၌ "ဝိဝါဒံ ဘယတော ဒိသွာ= ငြင်းခုံခြင်းကို ဘေးအားဖြင့်ရှုမြင်၍" ဟု ဆိုရာဝယ် "ဝိဝါဒံ ဘယတော ဒိသွာတိ ဝိဝါဒံ ကလဟံ ဘယတောဒိသွာ အပါယဘာဂီတိ ဒိသွာ ဥ တွာ" ဟူသော အဋ္ဌကထာအဖွင့်နှင့်အညီ ပစ္စက္ခ၌ တွေ့ကြုံရမည့် အတ္တာနုဝါဒ+ပရာနုဝါဒ+ဒဏ္ဍဘေးများသာမက လွန်စွာကြီးလေးသည့် ဒုဂ္ဂတိဘေးတိုင်အောင် ကျရောက်နိုင်သည်ကို သိမြင်ကြ၍လည်းကောင်း၊

"အဝိဝါဒဉ္စ ခေမတော= အငြင်းမပွားခြင်းကို ဘေးမဲ့တရားအနေဖြင့်ရှုမြင်၍"ဟု ဆိုရာဝယ် "အဝိဝါဒံ ဝိဝါဒတော ဝိရမဏံ 'နိဗ္ဗာပပ္ပတ္တိ' တိ ခေမတော ဒိသွာ ဥ တွာ" ဟူသော အဋ္ဌကထာအဖွင့်နှင့်အညီ ပစ္စက္ခ၌ ဘေးရန်ကင်းငြိမ်းရုံမျှမက နိဗ္ဗာနဓာတ် အမြိုက်ရပ်သို့ ဆိုက်ကပ်နိုင်အောင်ပင် အကျိုးတရားကြီးမားလှသည်ကို သိမြင်ကြ၍လည်းကောင်း၊ ဆန့်ကျင်ဘက်စကား ပြောကြားငြင်းခုံမှုကို အထူးရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်ဘုရား။

သမဂ္ဂါဟူသော ပါဌ်အရ သာမဂ္ဂီသည်

(၁) ဂဏသာမဂ္ဂီ
(၂) ဓမ္မသာမဂ္ဂီ
(၃) အနဘိနိဗ္ဗတ္တိသာမဂ္ဂီ

ဟူ၍ သုံးမျိုးရှိသည်ကို မဟာနိဒ္ဒေသပါဠိတော်၌ ဟောတော်မူပါသည်။

ထိုသုံးမျိုးတို့တွင် များစွာသော ရဟန်းတော်တို့ ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံမှုမရှိဘဲ "နို့နှင့်ရေရောနှောသည့်ပမာ" အချင်းချင်း ချစ်ခင်သောမျက်စိတို့ဖြင့် ကြည့်ရှုနေထိုင်ကြခြင်းသည် ဂဏသာမဂ္ဂီမည်ပါသည်။

ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ တစ်ပေါင်းတည်းကောင်းစွာ တည်ခြင်းသည် ဓမ္မသာမဂ္ဂီမည်ပါသည်။

အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ဝင်စံကုန်သော ရဟန်းတော်တို့၏ နိဗ္ဗာနဓာတ်၏ ယုတ်မှုပြည့်မှုမထင်ခြင်းသည် အနဘိနိဗ္ဗတ္တိသာမဂ္ဂီမည်ပါသည်။

ဤသာမဂ္ဂီသုံးမျိုးတို့တွင် ဤဂါထာလာ "သမဂ္ဂါ"ဟူသော ပါဌ်အရ "သမဂ္ဂါတေစိတ္တာ"ဟူသော အဋ္ဌကထာအဖွင့်ကိုထောက်ဆ၍ ဂဏသာမဂ္ဂီကို ယူရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဘေးရန်ကင်းကွာ ချမ်းသာလိုသူတိုင်း စိတ်ဝမ်းမကွဲ တစ်စိတ်တည်းတစ်ဝမ်းတည်း ညီညွတ်ကြရမည်ဖြစ်ပါသည်။

ရဟန်းတော်အားလုံး စိတ်ဝမ်းမကွဲတစ်သားတည်းညီညွတ်နေလျှင် တပည့်တော်တို့ တစ်သာသနာလုံး ဘေးရန်ကင်းကွာ ချမ်းသာနေမှာဖြစ်ပါသည်။ သန့်ရှင်းတည်တံ့ပြန့်ပွားနေမှာဖြစ်ပါသည်။ နိုင်ငံသူ နိုင်ငံသားတို့တစ်စိတ်တစ်ဝမ်းတည်းညီညွတ်စည်းလုံးနေကြပါလျှင် တစ်နိုင်ငံလုံးဘေးရန်ကင်းကွာ ချမ်းသာနေမှာဖြစ်ပါတယ်ဘုရား။

"သခိလာ" ဟူသောပါဌ်၌ "သခိလာ သိလိဋ္ဌာ မေတ္တာယ ခုရဂတာယ သောဘမာနာ ဟောထာတိအတ္ထော" ဟူသော အဋ္ဌကထာအဖွင့်နှင့်အညီ နူးညံ့ပြေပြစ်ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူသည် "သခိလ" မည်ပါကြောင်း။ ထိုနူးညံ့ပြေပြစ်ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူ၏ ဖြစ်ကြောင်း ဖြစ်သော=(ထိုနူးညံ့ပြေပြစ်ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူဖြစ်အောင်ပြုတတ်သော) မဟာကုသိုလ်၊ မဟာကြိယာ စိတ္တုပ္ပါဒ်ကို "သာခလျ" ဟုခေါ်ဆိုပါသည်။

"တတ္ထ ကတမံ သာခလျံ၊ ယာသာ ဝါစာ အဏ္ဍကာ ကက္ကသာ ပရကဋ္ဋုကာ ပရာဘိသဇ္ဇနီ ကောဓသာမန္တာ အသမာဓိသံဝတ္တနိကာ တထာရူပိံ ဝါစံပဟာယ ယာသာ ဝါစာ နေဠာ ကဏ္ဏသုခါ ပေမနီယာ ဟဒယင်္ဂမာ ပေါရီ ဗဟုဇနကန္တာ ဗဟုဇနမနာပါ တထာရူပိံ ဝါစံ ဘာသိတာ ဟောတိ၊ ယာ တတ္ထ သဏှဝါစတာ သခိလဝါစတာ အဖရုသဝါစတာ။ ဣဒံ ဝုစ္စတိ သာခလျံ" ဟူသော ဓမ္မသင်္ဂဏီပါဠိတော်နှင့်အညီ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့သည် သာသနာ့ကိစ္စအဝဝတို့ကို ပြောဆိုဆွေးနွေးတော်မူကြရာ၌ နူးညံ့ပြေပြစ် ချစ်ဖွယ်စကား ပြောကြားမိန့်ဆိုတတ်သော "သခိလ" ပုဂ္ဂိုလ်မြတ်များဖြစ်တော်မူကြ၍ "သာခလျ" ဟုခေါ်ဆိုအပ်သော မဟာကုသိုလ် စိတ္တုပ္ပါဒ်များ အထပ်ထပ်ဖြစ်ပွားအောင်-

| | | |
|---|---|---|
| အဏ္ဍက | = | ခုံသန၊ ဝမ္ဘနစသောစကားတို့ဖြင့် မပြေမပြစ် အထစ် အဖုရှိသောစကား၊ |
| တက္ကသ | = | ကြမ်းတမ်းသော၊ နားမချမ်းသာဖွယ်ဖြစ်သော စကား၊ |
| ပရကဋ္ဋုက | = | သူတစ်ပါးတို့အတွက် ခါးစပ်သောအရသာနှင့်တူသောစကား၊ |
| ပရာဘိသဇ္ဇနီ | = | သွားလိုရာသို့သွားခွင့်မပေးဘဲ ငြိတွယ်တတ်သောဆူးခက်ကဲ့သို့ သူတစ်ပါးတို့စိတ်၌ ထိုးဆွ၍ ထိုးဆွ၍လွန်စွာငြိကပ်တတ်၊ သူတစ်ပါးတို့စိတ်ကို ထိခိုက်စေတတ်သော စကား၊ |
| ကောဓ သာမန္တာ | = | အမျက်ဒေါသ၏အနီးအပါး၌ဖြစ်သော၊ အမျက်ဒေါသ ထွက်လောက်အောင်ဖြစ်သောစကား၊ |
| အသမာဓိသံဝတ္တနိကာ | = | ဥပစာရသမာဓိ၊ အပ္ပနာသမာဓိကို မဖြစ်စေတတ်သောစကား၊ |

ဤခြောက်မျိုးသောစကားတို့ကိုပယ်ရှားတော်မူကြ၍-

| | | |
|---|---|---|
| နေဠ | = | အပြစ်ကင်းသောစကား။ |
| ကဏ္ဏသုခ | = | နားချမ်းသာသော(နားဝင်ချိုသော)စကား၊ |
| ပေမနီယ | = | ချစ်နှစ်သက်ဖွယ်မြတ်နိုးဖွယ်ဖြစ်သော စကား၊ |
| ဟဒယင်္ဂမ | = | မထိခိုက်ဘဲချမ်းသာစွာစိတ်နှလုံးသို့ သက်ဝင်သောစကား၊ |
| ပေါရီ | = | နေပြည်တော်သူမြို့ကြီးသူတို့စကားသဖွယ် ယဉ်ကျေးသောစကား၊ |
| ဗဟုဇနကန္တ | = | လူများနှစ်သက်အပ်သောစကား၊ |
| ဗဟုဇနမနာပ | = | နှစ်သက်မြတ်နိုးအပ်သည်။ ဤအဖြစ်ဖြင့် လူအများ၏စိတ်ကိုတိုးပွားစေတတ်သော စကား။ |

ဤခုနစ်မျိုးသောစကားတို့ကိုသာ ပြောဆိုဆွေးနွေးတော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ဤအဆုံးအမဩဝါဒသည် ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြကုန်ပြီးသော အဆူဆူသော ဘုရားရှင်တို့၏ အဆုံးအမ ဩဝါဒတော်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားရှင်၏ တပည့်သားတော်များဖြစ်ကြကုန်သော တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် ဤအဆုံးအမ ဩဝါဒတော်ကို လေးလေးနက်နက်ခံယူကြကာ လိုက်နာကျင့်သုံးတော်မူကြပါရန် လျှောက်ထားလိုပါသည်ဘုရား။

**ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။**
**သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။**

**ဘိက္ခဝေါ**= ရဟန်းတို့၊ **ဝိဝါဒံ**= သူမတရား ငါတရားနှင့် သူကားလွဲစင် ငါမှန်ထင်၍ ဆန့်ကျင်စကား အငြင်းပွားခြင်းကို၊ **ဘယတော**= ကြောက်ဖွယ်မအေး ဘေးအနေအားဖြင့်၊ **ဒိသွာစ**=ယထာဘူတ သဘာဝဉာဏ်ဝင် အမှန်အတိုင်းသိမြင်ကြ၍လည်းကောင်း၊ **အဝိဝါဒံ**= မေတ္တာရှေ့ထား အငြင်းမပွားခြင်းကို၊ **ခေမတော**=ဘေးရန်မသမ်း အေးချမ်းသောအနေအားဖြင့်၊ **ဒိသွာစ**= ယထာဘူတ သဘာဝဉာဏ်ဝင် အမှန်အတိုင်းသိမြင်ကြ၍လည်းကောင်း၊ **သမဂ္ဂါ**= ကိုယ်စိတ်နှစ်ပါးမကွဲပြားဘဲ တစ်သားတည်းညီညွတ်ကြကုန်သည်လည်းကောင်း၊ **သခိလာ**= နူးညံ့ပြေပြစ် ချစ်ဖွယ်စကား ပြောကြားကြကုန်သည်လည်းကောင်း၊ **ဟောထ**= ဧကန်စင်စစ် ဖြစ်ကြကုန်လော့၊ **ဧသာ**= ဤသည်ကား၊ **ဗုဒ္ဓါနုသာသနီ**= ဂင်္ဂါဝါဠု သဲစုမကပွင့်တော်မူကြသည့် ဗုဒ္ဓမြတ်စွာ အစိန္တေယျာတို့၏ ကရုဏာနှလုံး အစဉ်သုံးလျက် ဆုံးမတော်မူချက်ဖြစ်ပါသတည်းဟု လျှောက်ထားရင်း တပည့်တော်၏ ဩဝါဒကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည်ဘုရား။

**ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ**
**အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**

❖ **ရွှေဖုံးမှ**

အဓမ္မဝါဒ၊ သမဏသာရုပ္ပ မဖြစ်သော ကြည်ညိုဖွယ်မဆောင်သည့်အမှုများကို ဖြေရှင်းဆောင်ရွက်ရာ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း၊ ဝိနိစ္ဆယလက်စွဲ၊ ညွှန်ကြားလွှာများနှင့်အညီ တိုင်းဒေသကြီး/ ပြည်နယ်၊မြို့နယ်၊ ရပ်/ကျေးသံဃနာယကအဖွဲ့အစည်းအဆင့်ဆင့်အထိ ကြီးသောအမှုငယ်အောင်၊ ငယ်သောအမှုပပျောက်အောင် ညွှန်ကြားဆောင်ရွက်နေခြင်းသည် သာသနာတော် သန့်ရှင်းစင်ကြယ်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်ပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာ့အညစ်အကြေးများကို သန့်ရှင်းစင်ကြယ်စေခြင်း၊ အဓမ္မဝါဒများကို နှိမ်နင်းဖယ်ရှားခြင်းဟူသော သာသနာတော်သန့်ရှင်းရေးလုပ်ငန်းများကိုသာမက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်များကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သာသနာရေးရာ၊ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ ကိစ္စရပ်များကို သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဝိနိစ္ဆယလက်စွဲ၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ စသည်တို့နှင့်အညီ ဓမ္မဝိနယလျော်ညီစွာ မယိမ်းမယိုင် ဆောင်ရွက်ခဲ့မှုတို့ကို ကြည့်ခြင်းအားဖြင့် အတွေ့အကြုံများစွာရှိပြီး ရင့်ကျက်သောအဖွဲ့အစည်းကြီးဖြစ်ပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးအနေဖြင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပေးအပ်သော တာဝန်ကိုဆောင်ရွက်ခြင်းသည် သာသနာ့ဝန်ထမ်းရဟန်းတော်များအတွက် မြတ်စွာဘုရားရှင် သတ်မှတ်ပေးတော်မူခဲ့သော ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ဖြာကို မြတ်စွာဘုရားရှင် အလိုတော်ကျ ဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများ၌မပါဝင်သော လောကီလူမှုကိစ္စများတွင် ပါဝင်စွက်ဖက်ဆောင်ရွက်ခြင်းကိုမူကား ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဟောဖော်ညွှန်ပြသည့် အဆုံးအမနှင့်အညီ ထေရဝါဒ သာသနာ့ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးများ၏ လမ်းစဉ်အတိုင်း ရှောင်ကြဉ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ယခုအခါ သတင်းအချက်အလက်နည်းပညာ IT (Information Technology)ခေတ်ဖြစ်သည့်အားလျော်စွာ လျင်မြန်စွာတိုးတက်ပြောင်းလဲလျက်ရှိပြီး အကောင်းအဆိုး ပျံ့နှံ့စိမ့်ဝင်မှုသည်လည်း အလွန်လျင်မြန်လျက်ရှိပါကြောင်း။

ပွင့်လင်းမြင်သာသည့် ယနေ့ခေတ်အခါတွင် စာပေလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ဟောပြောခွင့်များကို အခွင့်ကောင်းယူကာ အချို့ပုဂ္ဂိုလ်များက ဗုဒ္ဓဒေသနာတော်များကို ထိပါးရေးသားဟောပြောလာကြသည်ကို တွေ့မြင်နေရပါကြောင်း၊ ထို့အပြင် အဓမ္မဝါဒဟု ဆုံးဖြတ်ပြီးသောဝါဒများကို ပြန်လည်အသက်သွင်းကာ ရေးသားခြင်း၊ ဟောပြောခြင်း၊ ဝါဒဖြန့်ခြင်း၊ စာအုပ်စာတမ်းများကို မိတ္တူပွား၍ ဖြန့်ချိခြင်း၊ အချို့က ဗုဒ္ဓဘာသာဟူသော အသုံးအနှုန်းကိုယူ၍ ဝါဒသစ်ထူထောင်ခြင်းများပြုလုပ်ခြင်းဖြင့် အဓမ္မဝါဒများ ပြန်လည်ခေါင်းထောင်လာကြပါကြောင်း၊ သာသနာတော်မြတ်ကြီး၏ ပြင်ပရန်သူထက် အတွင်းမှ လိုက်စားနေသောရန်သူများ၏ အန္တရာယ်ကိုလည်း သတိပြုကာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အဓမ္မဝါဒများကို တစိုက်မတ်မတ်စောင့်ကြည့်ပြီး ဆရာ၊ဒကာ ပူးပေါင်း၍ ဓမ္မစက်၊ အာဏာစက် ယှဉ်တွဲလျက် ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားရန် လိုအပ်လျက်ရှိကြောင်းကို လျှောက်ထားလိုပါကြောင်း။

အလွန်လျင်မြန်သော သတင်းမီဒီယာကြောင့် အချိန်နှင့်တစ်ပြေးညီ မကောင်းသတင်းတို့ ပျံ့နှံ့သွားတတ်သည်ကို သတိမူထားပါမှ ကာယကံမှု၊ ဝစီကံမှုတို့ကို ထိန်းသိမ်းစောင့်စည်းနိုင်မည်ဖြစ်ပါကြောင်း။

ယခုအခါ အချို့သောပုဂ္ဂိုလ်အဖွဲ့အစည်းများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့အား ပြိုကွဲပျက်စီးစေရန်နှင့် ဘာသာသာသနာ၏ ဂုဏ်ကျက်သရေကို ညှိုးနွမ်းယုတ်လျော့စေရန် နည်းအမျိုးမျိုးဖြင့် ဝေဖန်ရေးသားမှုများ တွေ့ရှိလာရာ အဆိုပါဝေဖန်ရေးသားမှုများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပြည်ပရေးရာအဖွဲ့အနေဖြင့် စဉ်ဆက်မပြတ်ဖတ်ရှုလေ့လာပြီး လိုအပ်ချက်အပေါ်မူတည်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဩဝါဒနှင့်အညီ ကြိုတင်ကာကွယ်မှုများ၊ ပြန်လည်ဖြေရှင်းမှုများကိုလည်း စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည့်အတွက် တပည့်တော်တို့ ဝန်ကြီးဌာနအနေဖြင့် အကောင်းဆုံး ပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က တင်သွင်းလျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်ကြီးများက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာ့ရေးရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား အလှူရှင် မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)နှင့်ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုတို့က တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

# GEC ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂**
နိုင်ငံ့တာဝန်များကို ဝန်ထမ်းများတက်ကြွပျော်ရွှင်စွာ ကြိုးပမ်းထမ်းဆောင်နိုင်ရေးအတွက် ဝန်ထမ်းများ၏ ရပိုင်ခွင့်နှင့် သက်သာချောင်ချိရေးကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြည့်ဆည်းပေးရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် စုပေါင်းဆောင်ရွက်ရသော အလေ့အထကောင်းများပါဝင်ပြီး သန့်ရှင်းသော ဝင်ငွေများရရှိနိုင်မည့် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစုလီမိတက် (GEC) ကဲ့သို့ ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းသည် ဝန်ထမ်းများ၏ညီညွတ်မှု၊ စည်းကမ်းကောင်းမွန်မှုကိုပါ ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ယမန်နေ့ နံနက် ၈ နာရီက နေပြည်တော် ရုံးအမှတ်(၃၆)၌ ကျင်းပသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစုလီမိတက် (GEC) ၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။




မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစုလီမိတက် (GEC) ကို ၂၀၁၂ခုနှစ် ဧပြီ ၁ ရက်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး အသင်းစုကြီးကို ဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အလုပ်အမှုဆောင်များဖွဲ့စည်း ဆောင်ရွက်လျက်ရှိသည်။ အသင်းစုကြီးအနေဖြင့် ရှယ်ယာလက်မှတ်များမှ ရရှိသော အမြတ်ဝေစုများ၊ လုပ်ငန်းများမှ ရရှိသောဝင်ငွေများနှင့် ဘဏ်တိုးရရှိငွေစသည့် ဝင်ငွေများမှ ဝန်ထမ်းသားသမီးများ၏ ပညာသင်စရိတ် ထောက်ပံ့ပေးခြင်းနှင့် ပညာရည်ထူးချွန်ဆုများ ချီးမြှင့်ပေးခြင်း၊ သာရေး၊ နာရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## လက်သမား၊ ပန်းရန်အတတ်ပညာ သင်တန်းဖွင့်လှစ်

**အိမ်မဲ ဇူလိုင် ၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အိမ်မဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန်၊ ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်ရည်ရွယ်၍ လက်သမား၊ ပန်းရန်အတတ်ပညာသင်တန်းအမှတ်စဉ်(၁/၂၀၁၇)သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရွှေပြည်တန်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါလက်သမား၊ ပန်းရန်အတတ်ပညာသင်တန်းကို အိမ်မဲမြို့နယ် မြစိမ်းရောင်စီမံကိန်းကျေးရွာများမှ သင်တန်းသား ၂၅ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းဆရာများအဖြစ် အိမ်မဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ နည်းပညာ ဦးဇေယျာလင်းနှင့် အငယ်တန်းအင်ဂျင်နီယာများမှသင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇူလိုင် ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး

**ရန်ကုန် ဇူလိုင် ၂**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်း မှုခင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းပညာပေး ပြခန်းယာဉ်သည် မှုခင်းပညာပေးလှည့်လည်ပြသမှုများကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက် နံနက် ၉ နာရီခွဲက အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ရန်ကုန်-ပြည်လမ်းဆယ်မိုင်ကုန်းရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းရှေ့နှင့်



ကြို့ကုန်းအရှေ့ရပ်ကွက် မဟာသုခိတာလမ်းရှိ အမှတ်(၄) အခြေခံပညာအလယ်တန်း ကျောင်းရှေ့တို့၌ လာရောက်ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ ပြခန်းယာဉ်ပေါ်တွင် လူကုန်ကူးမှု တပ်ဖွဲ့စု(၆)မှ ရဲအုပ်သိန်းဌေးနှင့် မူးယစ်တပ်ဖွဲ့စု (၄၂)မှ ရဲအုပ်ထွန်းထွန်း၊ အင်းစိန်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒု-ရဲအုပ်ဝင်းလှိုင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့စု (၆၉)မှ ရဲအုပ်သန်းဌေးနှင့် ပူးပေါင်းအဖွဲ့များက မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ကဏ္ဍအလိုက် ရှင်းလင်းဟောပြောခဲ့ကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၂၀၀ ခန့် လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(၆၈၄)**

# နိုင်ငံတကာဆေးဝါးဆိုင်ရာ ကုန်စည်ပြပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂**
၂၀၁၇ ခုနှစ် နိုင်ငံတကာဆေးဝါးဆိုင်ရာကုန်စည်ပြပွဲကျင်းပရေးအတွက် ဇွန် ၃၀ ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်း UMFCCI ၌ စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

Myanmar Pharmed Expo 2017 ပွဲကြီးကို ပြည်တွင်းနှင့် နိုင်ငံတကာမှလုပ်ငန်းရှင်များ၊ လုပ်ငန်းပူးပေါင်းဆောင်ရွက်နိုင်စေရန် လုပ်ငန်းဆောင်တာများ နှီးနှောဖလှယ်နိုင်စေရန် ကမ္ဘာတစ်ဝန်း အစဉ်တိုးတက်လျက်ရှိသော နည်းပညာနှင့်ထုတ်ကုန်ပစ္စည်းများ လေ့လာနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ယင်းပြပွဲကြီးတွင် ဂျာမနီ၊ ပြင်သစ်၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ ထိုင်း၊ တရုတ်၊ ထိုင်ဝမ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ပါကစ္စတန်၊ မြန်မာ အစရှိသည့် နိုင်ငံများမှ ကုမ္ပဏီပေါင်း ၅၀ ခန့်မှ ပြခန်းပေါင်း ၇၀ ခန့် ပါဝင်ပြသကြမည်ဖြစ်ပြီး ဟောပြောပွဲ အစီအစဉ်များ၊ နိုင်ငံတကာမှလာရောက်ကြမည့် စီးပွားရေး လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြမည့်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ၂၀၁၇ ခုနှစ် နိုင်ငံတကာ ဆေးဝါးဆိုင်ရာ ကုန်စည်ပြပွဲကြီးကို ဇူလိုင် ၅ ရက်မှ ၇ ရက်အထိ ရိုစ့်ဂါးဒင်းဟိုတယ် အမှတ် (၁၇၁) အထက်ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့၌ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ကျေးရွာများသို့ ခြင်ထောင်နှင့် မီးဖိုချောင်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

**ချောင်းဦး ဇူလိုင် ၂**
စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဖြင့် ကျေးရွာများသို့ ခြင်ထောင်နှင့် မီးဖိုချောင်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ချောင်းဦးမြို့နယ်အတွင်းရှိ ခင်မွန်ကျေးရွာ ခင်ရှေ့ရပ်ကွက်နှင့် နတ်ရေကန်ကျေးရွာအုပ်စု မြေနီကျင်းကျေးရွာတို့၌ ဇွန် ၃၀ရက် နံနက်ပိုင်းက ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဖြင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအတွင်းရေးမှူး ဒေါ်အောင်အောင်သန်းနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ မုံရွာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ချောင်းဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ခင်မွန်ကျေးရွာ ခင်ရှေ့ရပ်ကွက်ရှိ အိမ်ထောင်စု ၃၀၇ စုအား လည်းကောင်း၊ နတ်ရေကန်ကျေးရွာအုပ်စု မြေနီကျင်းကျေးရွာရှိ အိမ်ထောင်စု ၂၁၂ စုအားလည်းကောင်း ခြင်ထောင်နှင့် မီးဖိုချောင်သုံးပစ္စည်းများ ပေးအပ်ခဲ့သည်။

**အိအိစိုး(ပြန်/ဆက်)**

# အထပ်မြင့်တည်ဆောက်ရာတွင် အားနည်းချက်များသည့် ကုမ္ပဏီနှစ်ခုကို နောင်တင်ဒါအောင်ခဲ့လျှင်လည်း လုပ်ကိုင်ခွင့်မပြုဟု ပြောကြား

**စစ်ကိုင်း ဇူလိုင် ၂**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်အဆောက်အအုံ နှစ်လုံးကို ဆောင်လုပ်လျက်ရှိသော မန္တလာဒိုင်းမွန်းစတားကုမ္ပဏီနှင့် Sense Capital Co.,Ltd. တို့သည် အထပ်မြင့် တည်ဆောက်ရာတွင် အားနည်းချက်များရှိသည့်အတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှဆောင်ရွက်မည့် အထပ်မြင့် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများတွင် အဆိုပါကုမ္ပဏီများ တင်ဒါအောင်မြင်ခဲ့ပါက လုပ်ငန်းလုပ်ကိုင်ခွင့်ပြုတော့မည်မဟုတ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွှန့်ဝင်းထံမှ သိရသည်။

ဝက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးစိုးဝင်းထွန်းက ဇွန် ၃၀ ရက်က ကျင်းပသော တိုင်းဒေသကြီးလွှတ်တော်တွင် အင်ဂျင်နီယာကြီးကြပ်မှုအားနည်းသော ကုမ္ပဏီတို့ကို အရေးယူဆောင်ရွက်ရန်အစီအစဉ်ရှိ၊ မရှိနှင့် လာမည့်ဘဏ္ဍာနှစ်တွင် တင်ဒါလုပ်ငန်းများကို အဆိုပါကုမ္ပဏီများအား ချထားလုပ်ကိုင်စေရန် အစီအစဉ် ရှိ၊ မရှိသိရှိလိုကြောင်း မေးမြန်းမှုအပေါ် ဝန်ကြီးဦးသန်းညွှန့်ဝင်းက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေနဲ့ ဝက်လက်မြို့နယ်မှာ ဝန်ထမ်း အိမ်ရာလေးခန်းတွဲ လေးထပ်အဆောက်အအုံ နှစ်လုံး ဆောက်လုပ်ဖို့ တင်ဒါခေါ်တဲ့အခါ မန္တလာဒိုင်းမွန်းစတားကုမ္ပဏီနဲ့ Sense Capital Co.,Ltd. တို့က တင်ဒါအောင်မြင်ပြီး တာဝန်ခံဆောက်နေတာပါ။ ကုမ္ပဏီများရဲ့ တည်ဆောက်ရေးလုပ်ငန်းပြီးစီးတာတွေကို မြို့ပြနဲ့အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှာ တစ်လနှစ်ကြိမ် အစည်းအဝေးခေါ်ယူပြီး ကြီးကြပ်ဆောင်ရွက်ခဲ့ပေမယ့် အဲဒီကုမ္ပဏီ နှစ်ခုရဲ့တာဝန်ရှိ MD -PE တွေ၊ အင်ဂျင်နီယာတွေက ကြီးကြပ်တာအားနည်းတာကြောင့် အချိန်မီမပြီးခဲ့ပါဘူး။ အချိန်မီမပြီးတဲ့အတွက် လုပ်ငန်းသဘောတူစာချုပ်အရ လုပ်ငန်းပြီးစီးရမယ့်ရက်နဲ့ လုပ်ငန်းပြီးစီးအပ်နှံရမယ့် ရက်အလိုက် တစ်ရက်ကျော်လွန်တိုင်း လုပ်ငန်းတန်ဖိုးရဲ့ သုည ဒသမ ဝ၂ ရာခိုင်နှုန်း ဒဏ်ကြေးပေးဆောင်အရေးယူသွားမှာဖြစ်ပါတယ်။ အဲဒီ ကုမ္ပဏီတွေဟာ အထပ်မြင့် အဆောက်အအုံတည်ဆောက်ရာမှာ အားနည်းချက်တွေရှိတဲ့အတွက် မြို့ပြနဲ့အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်မယ့် အထပ်မြင့် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းတွေမှာ အဲဒီကုမ္ပဏီတွေ တင်ဒါအောင်ခဲ့ရင် လုပ်ငန်းလုပ်ကိုင်ခွင့်ကို ခွင့်ပြုတော့မှာ မဟုတ်ပါဘူး"ဟု ဦးသန်းညွှန့်ဝင်းက ပြောသည်။

အဆိုပါအဆောက်အအုံ နှစ်လုံး ဆောက်လုပ်ရန်ရရှိသော မြေနေရာမှာ စက်မှုဝန်ကြီးဌာနအမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းမှစွန့်လွှတ်ထားသည့် မြေ တစ်ဧကဖြစ်ပြီး အဆိုပါနေရာတွင် ကျူးကျော်များရှိနေသဖြင့် ညှိနှိုင်းဆွေးနွေးကာ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ စတင်၍ လုပ်ငန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်း
စုဆောင်းခြင်း၊ တာဝန်ပေးစေခိုင်းခြင်း လုံးဝမရှိတော့စေရန် ၂၇.၆.၂၀၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခြင်းကို
မြန်မာနိုင်ငံ၏ တရားဥပဒေများအရ လုံးဝခွင့်မပြုပါ။

တပ်ထဲရှိ စစ်မှုထမ်းနေသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကို တပ်မတော်မှ
ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ယခု စနစ်တကျ ထွက်ခွာခွင့်ပေးလျက်ရှိပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန်
စုဆောင်းခံရကြောင်း၊ တာဝန်ပေးခံရကြောင်း သိရှိပါက ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့
ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉၄၂၁၁၆၆၇၀၁၊ ၀၉၄၂၁၁၆၆၇၀၂၊ စာတိုက်သေတ္တာအမှတ် ၆၇၉

Save the Children
World Vision

# တိုင်းရင်းဆေးကောင်စီဥပဒေ(မူကြမ်း) ညှိနှိုင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၂**
တိုင်းရင်းဆေးကောင်စီဥပဒေ (မူကြမ်း)နှင့် ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ဧရာဝတီလမ်းရှိ Mandalay Paradise ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိတိုင်းရင်းဆေးကောင်စီဝင် ဆရာကြီး ဦးဝင်းကိုက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက တိုင်းရင်းဆေးကောင်စီဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက တိုင်းရင်းဆေးကောင်စီဥပဒေ(မူကြမ်း)တွင် ပါရှိသည့် အကြောင်းအရာများကို ဆွေးနွေးညှိနှိုင်းခြင်း၊ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက "ယခင်ရှိခဲ့တဲ့ တိုင်းရင်းဆေးကောင်စီဥပဒေဟာ ခေတ်ကာလနဲ့ လိုက်လျောညီထွေမှု မရှိတော့တဲ့အတွက် အသစ်ပြန်လည်ရေးဆွဲပြီး မူကြမ်းအဆင့်ကို ရောက်ရှိလာတာဖြစ်ပါတယ်။ ယခင်ဥပဒေထဲက လက်ရှိအချိန်အခါနဲ့ ကိုက်ညီနေသေးတဲ့ အချက်အလက်အချို့ကိုတော့ အခုဥပဒေမူကြမ်းမှာ ပြန်ထည့်ထားပါတယ်။ လက်ရှိအခြေအနေကတော့ ဒီဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ အကြံဉာဏ်ကိုလည်း ရယူထားပြီးဖြစ်သလို ဝန်ကြီးဌာနကိုလည်း တင်ပြထားပါတယ်။ ဒီဆွေးနွေးပွဲရလဒ်တွေ၊ ဝန်ကြီးဌာနဘက်က အကြံပြုချက်တွေကို ထပ်မံဆွေးနွေးအတည်ပြုပြီး လွှတ်တော်ဆိုင်ရာ အဆင့်ဆင့်ကနေတစ်ဆင့် ဆောင်ရွက်ပုံနည်းလမ်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ယခင်တိုင်းရင်းဆေးကောင်စီဥပဒေကို ၂၀၀၀ ပြည့်နှစ်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေမှာ ခေတ်ကာလနှင့် လိုက်လျောညီထွေမှုမရှိခြင်း၊ ဗဟိုဦးစီးချုပ်ကိုင်မှုစနစ် များပြားနေခြင်းတို့ကြောင့် ပြည်သူကို ဗဟိုပြုသော ဥပဒေဖြစ်စေရန် အသစ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ဆွေးနွေးပွဲမှ သိရသည်။

အခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်တို့မှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တိုင်းရင်းဆေးဆရာများ၊ လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးကြသည်။

**(ကြေးမုံ)**

# မြန်မာနိုင်ငံတွင် Steel Structure ဖြင့် ပထမဦးဆုံးဆောက်လုပ်နေသော ကန်သာယာတာဝါအဆင့်မြင့်စီမံကိန်း ၇၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီး

**ရန်ကုန် ဇူလိုင် ၂**
ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မြို့ပြအင်္ဂါရပ်များ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ရာ ယခုအခါ လျှင်ဒဏ်အပြည့်အဝခံနိုင်သည့် မြန်မာနိုင်ငံတွင် ပထမဦးဆုံး Steel Structure ဖြင့် ဆောက်လုပ်နေသော စင်ကာပူနိုင်ငံ၏နည်းပညာဖြင့် အမေရိကန်ဒေါ်လာသန်း ၂၀၀ အကုန်အကျခံတည်ဆောက်နေသည့် ကန်သာယာတာဝါအဆင့်မြင့်စီမံကိန်းမှာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ဆောက်လုပ်ပြီးစီးမှု ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါစီမံကိန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Asia Myanmar Consortium Development ကုမ္ပဏီလီမိတက်တို့မှ အကျိုးတူပူးပေါင်းဆောင်ရွက် တည်ဆောက်နေခြင်းဖြစ်ပြီး အဆိုပါ ကန်သာယာတာဝါအဆင့်မြင့်စီမံကိန်း တည်နေရာမှာ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့် (သိမ်ဖြူယာဉ်မောင်းသင်တန်းကျောင်းနေရာ)တွင်တည်ရှိကာ မြေဧရိယာအကျယ်အဝန်း ၃ ဒသမ ၅၂ ဧကပေါ်တွင် တည်ဆောက်လျက်ရှိကြောင်းနှင့် စီမံကိန်းဧရိယာအတွင်း အရေးပေါ်မီးသတ်စနစ်အတွက် Fire Lift များ ထည့်သွင်းဆောက်လုပ်ထားကြောင်း သိရသည်။



ကန်သာယာ
တာဝါ
အဆင့်မြင့်စီမံကိန်း
ဆောင်ရွက်ပြီးစီး
နေမှုကို
တွေ့ ရစဉ်။

လက်ရှိအနေအထားအရ အထပ်ပေါင်း ၂၂ ထပ်ပါဝင်ဆောက်လုပ်မည့် Phase 2 အပိုင်းဖြစ်သော OFFICE TOWER ခတ်လှေကားခြောက်စင်းမှာ ဆောက်လုပ်ပြီးစီးနေပြီဖြစ်ပြီး မျက်နှာစာအလှဆင်လုပ်ငန်းများနှင့် ရေ၊ မီးသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အထပ်ပေါင်း ၂၂ ထပ် ပါဝင် ဆောက်လုပ်မည်ဖြစ်သော Phase ၃ အပိုင်းဖြစ်သည့် FIVE STAR HOTEL ခတ်လှေကားလေးစင်းမှာလည်း အထပ်ပေါင်း ၁၈ ထပ်နှင့် အကြမ်းထည် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အထပ်ပေါင်း ၂၃ ထပ် ပါဝင်ဆောက်လုပ်မည်ဖြစ်သော SERVICED APARTMENT ခတ်လှေကားခြောက်စင်းမှာ ဆောက်လုပ်ခြင်းလုပ်ငန်း အကြမ်းထည်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး အုတ်စီခြင်းလုပ်ငန်းမှာလည်း အထပ် ၂၀ အထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း စီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။

ယခုအခါ လူနေတိုက်ခန်းပေါင်း ၁၃၂ ခန်းပါဝင်သော Phase 1 အပိုင်းဖြစ်သည့် အထပ်ပေါင်း ၂၅ ထပ်ပါဝင်ဆောက်လုပ်ထားသော ယူနစ်ပေါင်း ၁၃၂ ယူနစ်ရှိ RESIDENTIAL TOWER ခတ်လှေကားသုံးစင်းမှာလည်း ဆောက်လုပ်ပြီးစီးမှု ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သောကြောင့် ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တွင် RESIDENTIAL TOWER ရေကူးကန်အနီး၌ RESIDENTIAL TOWER အရောင်းပြပွဲကို စည်ကားစွာခင်းကျင်းပြသသွားမည်ဖြစ်သည်။

အိမ်သုံးပစ္စည်းအပြည့်အစုံပါဝင်သော လူနေတိုက်ခန်းများ ခင်းကျင်းပြသရောင်းချပေးသွားမည့်ပုံစံအရ အခန်းအကျယ် တစ်စတုရန်းပေလျှင် ငွေကျပ် နှစ်သိန်းခွဲမှ သုံးသိန်းကျော်အထိရှိမည်ဖြစ်ပြီး လက်ငင်းငွေပေးချေမှုအတွက် ကနဦး ၉၀ ရာခိုင်နှုန်းပေးသွင်းရမည်ဖြစ်ကာ အခန်းအပ်နှံချိန်တွင် ကျန် ၁၀ ရာခိုင်နှုန်းကို ပေးသွင်းရမည်ဖြစ်ကြောင်း၊ ဧရာဝတီဘဏ်ဖြင့်ချိတ်ဆက်၍ သုံးနှစ်မှ (၁၀) နှစ်အထိ အရစ်ကျဝယ်ယူနိုင်အောင် စီစဉ်ထားကြောင်းသိရပြီး ကနဦး ၅၀ ရာခိုင်နှုန်း ငွေပေးသွင်းရမည်ဖြစ်ကာ ကျန် ၅၀ ရာခိုင်နှုန်းကို မိမိယူလိုသည့်နှစ်အလိုက် အရစ်ကျငွေပေးသွင်းဝယ်ယူနိုင်အောင် စီစဉ်ထားကြောင်းနှင့် ခင်းကျင်းပြသလျက်ရှိသော ပြပွဲရက်များအတွင်း ပြပွဲလာအခန်းဝယ်ယူသူများအတွက် ၁၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် စီစဉ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်း၌ တည်ဆောက်ပြီးစီးမည့် ကန်သာယာတာဝါ အဆင့်မြင့်အဆောက်အအုံများ ပေါ်ထွက်လာပါက နိုင်ငံတကာမှ စီးပွားရေးရင်းနှီးမြှုပ်နှံလိုသူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးလုပ်ဆောင်ရန် အဓိကအချက်အချာကျမည့်နေရာဖြစ်လာမည်ဖြစ်ပြီး နိုင်ငံတကာအဆင့်မီ စူပါမားကက်များ၊ ကျန်းမာရေးစင်တာများ၊ ရေကူးကန်များ၊ ကလေးကစားကွင်းများနှင့် ဆိတ်ငြိမ်အေးချမ်းသာယာသော ကန်တော်ကြီးရှုမျှော်ခင်းကို မြင်တွေ့နိုင်ကြမည်ဖြစ်ကာ တန်ခိုးကြီးသောလေးဆူခတ်ပုံ ရွှေတိဂုံဘုရားအား နေ့စဉ်ဖူးမြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(MLA)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၄၉၀၀ ကျော်တွင် နည်းလမ်းမျိုးစုံဖြင့် မီးလင်းပြီဖြစ်

**မုံရွာ ဇူလိုင် ၂**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၀၁၀ ရှိရာတွင် ကျေးရွာ ၄၉၃၆ ရွာသည် နည်းလမ်းမျိုးစုံဖြင့် လျှပ်စစ်မီးလင်းပြီဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ သိရသည်။

နည်းလမ်းမျိုးစုံ လျှပ်စစ်မီးလင်းရေးစနစ်များအဖြစ် ဓာတ်အားစနစ်၊ ရေအားလျှပ်စစ်၊ ဇီဝ/စပါးခွံ၊ နေရောင်ခြည်၊ ဒီဇယ်တို့ဖြင့် လျှပ်စစ်မီးလင်းရေးကို လုပ်ဆောင်ပေးလျက်ရှိရာ ကျေးရွာနေပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်သက်ဆိုင်ရာ ဗဟုသုတများ၊ လူနေမှုအဆင့်အတန်းများ မြင့်လာပြီဖြစ်ကြောင်း သိရသည်။

"နိုင်ငံတော်က ဖြန့်ဝေပေးလျက်ရှိတဲ့ လျှပ်စစ်ဓာတ်အားလိုင်းနဲ့နီးတဲ့ကျေးရွာတွေဆိုရင် လျှပ်စစ်မီးပေးတယ်။ လျှပ်စစ်ဓာတ်အားလိုင်းနဲ့ဝေးတဲ့ကျေးရွာတွေဆိုရင် ဒီဇယ်ဆီနဲ့စက်မောင်းပြီး လျှပ်စစ်မီးပေးတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ကိုင်တဲ့ကျေးရွာတွေဆိုရင်လည်း ဇီဝ၊ စပါးခွံနဲ့ မီးပေးတယ်။ ချောင်းမြောင်းတွေနဲ့နီးတဲ့ကျေးရွာတွေဆိုရင် ရေအားလျှပ်စစ်နဲ့ မီးပေးတယ်။ အခုဆိုရင် ကျေးရွာပေါင်း ၄၉၀၀ ကျော် မီးလင်းသွားပြီး ကျန်ရှိတဲ့ ကျေးရွာ ၁၀၀၀ ကျော်ကိုလည်း ဆက်လက်ပြီး သင့်တော်တဲ့မီးလင်းရေးတွေကို လုပ်ဆောင်ပေးသွားမှာပါ" ဟု တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နည်းလမ်းမျိုးစုံဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများအဖြစ် မုံရွာခရိုင်အတွင်း လျှပ်စစ်ဓာတ်အားဖြင့် ၂၇၈ ရွာ၊ ဇီဝစပါးခွံစနစ်ဖြင့် တစ်ရွာ၊ ဒီဇယ်စနစ်ဖြင့် ၁၄၀၊ နေရောင်ခြည်စနစ်ဖြင့် ၉၈ ရွာ စုစုပေါင်း ၅၁၇ ရွာ၊ စစ်ကိုင်းခရိုင်အတွင်း လျှပ်စစ်ဓာတ်အားဖြင့် ၁၇၇ ရွာ၊ ဇီဝစပါးခွံစနစ်ဖြင့် နှစ်ရွာ၊ ဒီဇယ်စနစ်ဖြင့် ၅၂ ရွာ၊ နေရောင်ခြည်စနစ်ဖြင့် ၆၅ ရွာ စုစုပေါင်း ၂၉၆ ရွာ၊ ယင်းမာပင်ခရိုင်အတွင်း လျှပ်စစ်ဓာတ်အားဖြင့် ၂၀၉ ရွာ၊ ရေအားလျှပ်စစ် ရှစ်ရွာ၊ ဇီဝစပါးခွံစနစ်ဖြင့် ၁၃ ရွာ၊ ဒီဇယ်စနစ်ဖြင့် ၁၅၆ ရွာ၊ နေရောင်ခြည်စနစ်ဖြင့် ၁၀၅ ရွာ စုစုပေါင်း ၄၉၁ ရွာ၊ ရွှေဘိုခရိုင်အတွင်း လျှပ်စစ်ဓာတ်အားဖြင့် ၃၂၉ ရွာ၊ ဇီဝစပါးခွံစနစ်ဖြင့် ၆၃ ရွာ၊ ဒီဇယ်စနစ်ဖြင့် ၂၅၆ ရွာ၊ နေရောင်ခြည်စနစ်ဖြင့် ၂၆၆ ရွာ၊ ရေအားလျှပ်စစ်စနစ်ဖြင့် ငါးရွာ စုစုပေါင်း ၉၁၉ ရွာ၊ ကန့်ဘလူခရိုင်အတွင်း လျှပ်စစ်ဓာတ်အားဖြင့် ၁၆၃ ရွာ၊ ဒီဇယ်စနစ်ဖြင့် ၄၆ ရွာ၊ နေရောင်ခြည်စနစ်ဖြင့် ၁၂၀၊ ရေအားလျှပ်စစ်စနစ်ဖြင့် တစ်ရွာ စုစုပေါင်းရွာ ၃၃၀၊ ကသာခရိုင်အတွင်း လျှပ်စစ်ဓာတ်အားဖြင့် ၄၁၇ ရွာ၊ ဇီဝစပါးခွံစနစ်ဖြင့် ၃၄ ရွာ၊ ဒီဇယ်စနစ်ဖြင့် ၂၈၇ ရွာ၊ နေရောင်ခြည်စနစ်ဖြင့် ၃၀၂ ရွာ၊ ရေအားလျှပ်စစ်စနစ်ဖြင့် ၈၉ ရွာ စုစုပေါင်း ၁၁၂၉ ရွာ၊ ကလေးခရိုင်အတွင်း ဇီဝစပါးခွံစနစ်ဖြင့် ရွာ ၂၀၊ ဒီဇယ်စနစ်ဖြင့် ၂၉၂ ရွာ၊ နေရောင်ခြည်စနစ်ဖြင့် ၁၂၀၊ ရေအားလျှပ်စစ်စနစ်ဖြင့် ၁၉ ရွာ စုစုပေါင်း ၄၅၁ ရွာ၊ တမူးခရိုင်အတွင်း ဇီဝစပါးခွံစနစ်ဖြင့် တစ်ရွာ၊ ဒီဇယ်စနစ်ဖြင့် ၁၆ ရွာ၊ နေရောင်ခြည်စနစ်ဖြင့် ၄၂ ရွာ၊ ရေအားလျှပ်စစ်စနစ်ဖြင့် တစ်ရွာ စုစုပေါင်း ရွာ ၆၀၊ မော်လိုက်ခရိုင်အတွင်း ဇီဝစပါးခွံစနစ်ဖြင့် ငါးရွာ၊ ဒီဇယ်စနစ်ဖြင့် ရွာ ၁၀၀၊ နေရောင်ခြည်စနစ်ဖြင့် ၁၄၆ ရွာ၊ ရေအားလျှပ်စစ်စနစ်ဖြင့် နှစ်ရွာ စုစုပေါင်း ၂၅၃ ရွာ၊ ခန္တီးခရိုင်အတွင်း ဒီဇယ်စနစ်ဖြင့် ၁၄၃ ရွာ၊ နေရောင်ခြည်စနစ်ဖြင့် ရွာ ၁၄၀၊ ရေအားလျှပ်စစ်စနစ်ဖြင့် ၁၂ ရွာ စုစုပေါင်း ၂၉၅ ရွာ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဒီဇယ်စနစ်ဖြင့် တစ်ရွာ၊ နေရောင်ခြည်စနစ်ဖြင့် ၁၄၈ ရွာ၊ ရေအားလျှပ်စစ်စနစ်ဖြင့် ၄၆ ရွာ စုစုပေါင်း ၁၉၅ ရွာတို့ကို နည်းမျိုးစုံဖြင့် မီးလင်းပြီဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# အမှတ်(၁၂)ယာဉ်ငယ်လိုင်း တစ်နေ့တာ အခမဲ့ပြေးဆွဲ

**သနပ်ပင် ဇူလိုင် ၂**
ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် သနပ်ပင်မြို့နယ် သမဝါယမအသင်းစု၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော သနပ်ပင်-ပဲခူး အမှတ် (၁၂) ယာဉ်ငယ်လိုင်းနှင့် သနပ်ပင်-ပဲခူးတက္ကသိုလ်သို့ ပြေးဆွဲနေသော ယာဉ်ငယ်လိုင်းတို့၏ တစ်နေ့တာ အခမဲ့ပြေးဆွဲခြင်းကို ဇွန် ၃၀ ရက်က ဘုရားကြီးပိုင်း (၁)လမ်းရှိ အမှတ်(၁၂) ယာဉ်ငယ်လိုင်းဂိတ်၌ ကျင်းပခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဌေးရီနှင့် ဒေါ်ရီရီမော်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ ဌာနဆိုင်ရာများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် ဝန်ထမ်းများတက်ရောက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းမြင့်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **လှမိုး(ပြန်/ဆက်)**

# ယခုနှစ် ပထမခြောက်လအတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင်

## ယာဉ်မတော်တဆမှု ၂၇၆ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၆၃ ဦးနှင့် ဒဏ်ရာရရှိသူ ၄၉၂ ဦးရှိခဲ့

**နေပြည်တော် ဇူလိုင် ၂**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ၂၀၁၇ ခုနှစ် ပထမ ခြောက်လအတွင်း ယာဉ်မတော်တဆမှု ၂၇၆ မှုဖြစ်ပွားခဲ့ရာ အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၆၃ ဦးသေဆုံးခဲ့ပြီး အမျိုးသား ၂၅၉ ဦး၊ အမျိုးသမီး ၂၃၃ ဦး စုစုပေါင်း ၄၉၂ ဦး ဒဏ်ရာရရှိခဲ့သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် အမြန်လမ်း ရဲတပ်ဖွဲ့စခန်းများ စတင်ဖွင့်လှစ်သည့် ၂၀၁၂ ခုနှစ် မေ ၂၀ ရက်မှ ဒီဇင်ဘာလကုန်အထိ ယာဉ်မတော်တဆမှု ၁၀၃ မှု ဖြစ်ပွားခဲ့ရာ အမျိုးသား ၄၃ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၅၇ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၁၂၀၊ အမျိုးသမီး ၆၅ ဦး စုစုပေါင်း ၁၈၆ ဦး ဒဏ်ရာရရှိခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ယာဉ်မတော်တဆမှုပေါင်း ၂၅၉ မှု ဖြစ်ပွားခဲ့ရာ အမျိုးသား ၈၁ ဦး၊ အမျိုးသမီး ၃၂ ဦး စုစုပေါင်း ၁၁၃ ဦးသေဆုံးခဲ့ပြီး အမျိုးသား ၃၄၂ ဦး၊ အမျိုးသမီး ၂၈၀ စုစုပေါင်း ၆၂၂ ဦး ဒဏ်ရာရရှိခဲ့သည်။

၂၀၁၄ ခုနှစ်တွင် မတော်တဆမှု ၄၁၂ မှု ဖြစ်ပွားခဲ့ရာ အမျိုးသား ၁၁၄ ဦး၊ အမျိုးသမီး ၄၃ ဦး စုစုပေါင်း ၁၅၇ ဦးသေဆုံးခဲ့ပြီး အမျိုးသား ၄၈၇ ဦး၊ အမျိုးသမီး ၂၇၉ ဦး စုစုပေါင်း ၇၆၆ ဦး ဒဏ်ရာရရှိခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ၄၅၃ မှု ဖြစ်ပွားခဲ့ရာ အမျိုးသား ၈၃ ဦး၊ အမျိုးသမီး ၄၁ ဦး စုစုပေါင်း ၁၂၄ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၆၂၀၊ အမျိုးသမီး ၄၁၃ ဦး စုစုပေါင်း ၁၀၃၃ ဦး ဒဏ်ရာရရှိခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ၇၄၄ မှု ဖြစ်ပွားခဲ့ရာ အမျိုးသား ၁၀၇ ဦး၊ အမျိုးသမီး ၆၃ ဦး စုစုပေါင်း ၁၇၀ သေဆုံးခဲ့ပြီး အမျိုးသား ၇၈၂ ဦး၊ အမျိုးသမီး ၅၂၂ ဦး စုစုပေါင်း ၁၃၀၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။

သို့ပါ၍ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး တစ်လျှောက် အမြန်လမ်းရဲစခန်းများ စတင်ဖွင့်လှစ်တာဝန်ချထားသည့် ၂၀၁၂ ခုနှစ် မေ ၂၀ ရက်မှစ၍ ၂၀၁၇ ခုနှစ် ပထမ ခြောက်လကုန်အထိ အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှုပေါင်း ၂၂၄၇ မှုဖြစ်ပွားခဲ့၍ သေဆုံးသူ ၆၈၄ ဦးနှင့် ဒဏ်ရာရရှိသူ ၄၄၀၃ ဦးရှိခဲ့ကြောင်း အမြန်လမ်း ရဲတပ်ဖွဲ့စခန်း၏ မှတ်တမ်းများအရ သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရန်အတွက် အမြန်လမ်းမကြီး ယာဉ်ကြီးကြပ်မှု ထိန်းသိမ်းရေးကော်မတီက ကြီးကြပ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အမြန်လမ်းတစ်လျှောက် လမ်းညွှန်ဆိုင်းပုဒ်များ၊ သတိပေးဆိုင်းပုဒ်များ တပ်ဆင်ပေးထားခြင်းကို ဆောင်ရွက်ထားလျက်ရှိသည်။

ထို့အပြင် အမြန်လမ်းရဲတပ်ဖွဲ့ကလည်း အမြန်လမ်းတစ်လျှောက် ရဲစခန်း ၁၆ ခုဖွင့်လှစ်၍ ၂၀၁၂ ခုနှစ် မေ ၂၀ ရက်မှစ၍ အမြန်လမ်း တစ်လျှောက် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ရေးအတွက် အမြန်လမ်းရဲတပ်ဖွဲ့အနေဖြင့် ယာဉ်စီးကမ်း၊ လမ်းစည်းကမ်း ပညာပေးခြင်းကို အမြန်လမ်းတစ်လျှောက် ဖြတ်သန်းသွားရာ ကျေးရွာများရှိ ပြည်သူများအား ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ အမြန်နှုန်းတိုင်းကိရိယာများ အသုံးပြု၍ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များကို ဖမ်းဆီးအရေးယူခြင်း၊ မော်တော်ယာဉ်မောင်းနှင်စီးနင်းသူများအား ခါးပတ်ပတ်စေခြင်း၊ ပညာပေးစာစောင်များ ဖြန့်ဝေပေးခြင်း၊ ယာဉ်စည်းကမ်း ပညာပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**သန်းဦး(လေးမျက်နှာ)**



# ပျက်ကျခဲ့သည့် Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံဆယ်ယူရရှိ

**နေပြည်တော် ဇူလိုင် ၂**

တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ၊ ကျွမ်းကျင်ရေငုပ်စစ်သည်များ၊ ဒေသခံငါးဖမ်းစက်လှေများပူးပေါင်း၍ ပျက်ကျခဲ့သည့် Y-8 လေယာဉ်၏ ကျန်ရှိအစိတ်အပိုင်းများ ထပ်မံဆယ်ယူရရှိရေးအတွက် ယနေ့တွင် လေယာဉ်အမြီးပိုင်း တွေ့ရှိသည့်နေရာအနီးတစ်ဝိုက်၌ ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ခဲ့သည်။

ထို့သို့ ဆောင်ရွက်ရာတွင် တပ်မတော်(ရေ)မှ ဆိုနာစနစ်ဖြင့် ရှာဖွေတွေ့ရှိသော နေရာများသို့ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများက ကြမ်းတိုက်ရှာဖွေခဲ့ရာ ယနေ့ညနေပိုင်းတွင် မြေပုံများပါဝင်သော စာရွက်စာတမ်းထုပ် တစ်ထုပ်နှင့် လေယာဉ်ကိုယ်ထည် အလူမီနီယံ အစိတ်အပိုင်းများအား ထပ်မံဆယ်ယူရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကျောက်မဲ-နောင်ပိန်ရထားလမ်းကို လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးမှု ဖြစ်ပွား

**ကျောက်မဲ ဇူလိုင် ၂**

ကျောက်မဲမြို့၏ အနောက်မြောက်ဘက် ၁၀ မိုင်ခန့်အကွာ ကျောက်မဲမြို့နယ် ပင်တိန်ကျေးရွာအုပ်စု မန်တန်ကျေးရွာအနီး၌ ဇူလိုင်၂ ရက် နံနက် ၆ နာရီခွဲခန့်က ပေါက်ကွဲမှုဖြစ်ပွားကြောင်းသတင်းရရှိ၍ သက်ဆိုင်ရာနယ်မြေခံတပ် ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ကြသည်။

အဆိုပါပေါက်ကွဲမှုဖြစ်ပွားရာသည် ကျောက်မဲမြို့နယ် ပင်တိန်ကျေးရွာအုပ်စု မန်တန်ကျေးရွာအနီး KE903835 မီးရထားလမ်းမိုင်တိုင်အမှတ်(၄၇၆/၉)တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကျောက်မဲဘက်မှ နောင်ပိန်ဘက်သွားရထားလမ်း၏ ဝဲဘက်ခြမ်း ဇလီဖားတုံး(ကွန်ကရစ်)အောက်မှ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ပေါက်ကွဲမှုကြောင့် ရထားလမ်းအပေါ်သို့ တစ်ထွာခန့် ကြွတက်သွားခဲ့ကြောင်း၊ လူ၊ တိရစ္ဆာန်ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း၊ လက်လုပ်မိုင်းအား သံလမ်းကပ်၍ ရီမုဖြင့် ဖောက်ခွဲခြင်းဖြစ်နိုင်ကြောင်း၊ သံလမ်းအနီး ပတ်ဝန်းကျင်ကို ရှင်းလင်းဆောင်ရွက်ခဲ့ပြီး အခြားဆက်စပ်ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိရကြောင်း သိရသည်။

ယခုပေါက်ကွဲမှုဖြစ်ပွားရာ မန္တလေး-လားရှိုးမီးရထားသံလမ်းပိုင်းကို ကျောက်မဲဘူတာမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဆောင်၍ အင်အားကိုးဦးဖြင့် သံလမ်းပိုင်းပြုပြင်ဆောင်ရွက်ခဲ့ပြီး မန္တလေး-လားရှိုးအစုန်/အဆန်ရထားများ ပုံမှန်သွားလာနိုင်ကြကြောင်း သိရသည်။ **(သီပေါကိုလတ်)**

# မင်္ဂလာဒုံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂**

မင်္ဂလာဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၃၀ ရက် ည ၈ နာရီခွဲခန့်က မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရဲစုတောင်ရပ်ကွက်နေ မင်းသူစိုး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၀၅၀၊ ငွေကျပ် ၃၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မင်းသူစိုး(ခ) ချစ်ကိုကိုစန်း(၄၁)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၅၄ စီး၊ သွင်းကုန် ၆၀၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၄၄ စီး ကုန်စည်များကို သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃ ဒသမ ၄၆၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၅၆ သန်းခန့်) စုစုပေါင်းတားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၃ ဒသမ ၀၂၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၁ ရက်တွင် လားရှိုးနှင့် သိန္နီကြားရှောင်ကွင်းလမ်း၌ သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က လိုက်လံရှင်းလင်းရှာဖွေခဲ့ရာ LIFAN အမျိုးအစား ခြောက်ဘီးယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး



**တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်စုံကို တွေ့ရစဉ်။**

အရွယ်စုံ ၂၈ တုံး (4300 kg) နှင့် သယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နမ့်ပေါ့ချောင်းတံတားအနီးရှိ မြို့မရဲစခန်းကို လက်လုပ်ဗုံးနှင့်ပစ်ပြီး ဆိုင်ကယ်မောင်းနှင် ထွက်ပြေး




**သီပေါ ဇူလိုင် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်၊ နမ္မတူ၊ မန်တုံမြို့နယ်များသို့ ပြည်မဒေသနှင့်ဆက်သွယ်ပေးသော သီပေါမြို့ နမ့်ပေါ့ချောင်းကူးတံတားအနီးရှိ မြို့မရဲစခန်း ဘန်ကာအရောက်၌ ယနေ့နံနက် ၄ နာရီခွဲတွင် ဆိုင်ကယ်စီးနှင်လာသူတစ်ဦးက လက်လုပ်ဗုံးတစ်လုံးဖြင့် ရဲစခန်းအတွင်းသို့ ပစ်၍ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ဘန်ကာအနီးရှိ ရဲစခန်းအုတ်တံတိုင်း နံရံပျက်စီးသွားပြီး**(ဝဲပုံ)** သက်သေခံယာဉ်တစ်စီး၏ နောက်ခန်းတွင် ချိတ်ထားသည့် စပယ်ယာဘီး ပျက်စီးသွားကာ ဘန်ကာဘေး၌ ကင်းစောင့်နေသော ရဲတပ်သားဟိန်းဇော်ဦး၏ ယာဘက်ခြေချင်းဝတ်တွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိသွားသည်။

မောင်းနှင်ထွက်ပြေးသွားသည့် ဆိုင်ကယ်နောက်သို့ သီပေါ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ပရီးမီးယားလိဂ်တန်းတက်မိတ်ဆက်(၁)

# ပရီးမီးယားလိဂ်ရဲ့ပြယုဂ် (သို့မဟုတ်) တစ်ကျော့ပြန်နယူးကာဆယ်




လာမယ့်နှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ နယူးကာဆယ်ကို ပြန်လည်တွေ့မြင်ရတော့မယ်။ ဒီတော့ အဆိုပါအကြောင်းအခြင်းအရာနဲ့ ပတ်သတ်ပြီး ဘာများပြောစရာရှိမလဲ။ အထူးသဖြင့် သူတို့မှာ မန်နေဂျာကောင်းတစ်ယောက်ဖြစ်တဲ့ ဘင်နီတက်ဇ်ရှိတယ်။ ဘင်နီတက်ဇ်ဆိုတာက သူတို့ကို ပြီးခဲ့တဲ့ ၂၀၁၅-၁၆ ရာသီမှာ တန်းမဆင်းရအောင် ဦးဆောင်မှုမပေးနိုင်ခဲ့ဘူးလို့ဆိုနိုင်သော်ငြား ဘင်နီတက်ဇ် ဆိုတာက လက်ရှိ ထိပ်တန်းမန်နေဂျာတွေဖြစ်တဲ့ ကွန်တီ၊ မော်ရင်ညို၊ ဂွါဒီယိုလာ၊ အာဆင်ဝင်းဂါး၊ ပိုချက်တီနိုတို့နဲ့တောင် ပုခုံးချင်းယှဉ်နိုင်တဲ့သူ။ အာဆင်ဝင်းဂါး၊ ပိုချက်တီနို၊ ကွန်တီတို့တောင်မှမရဖူးတဲ့ ချန်ပီယံဆုဖလားကိုပါ အရယူထားနိုင်သူ။

### ထက်မြက်တဲ့မန်နေဂျာ

ပြီးတော့ ဗလန်စီယာလိုအသင်းမျိုးကိုတောင်မှ ရီးရဲနဲ့ဘာစီလိုနာတို့ကို ကျော်ပြီး လာလီဂါချန်ပီယံဆုကို နှစ်ကြိမ်တိုင်တိုင်ယူပေးနိုင်ခဲ့သူ။ ဒ့ါအပြင် ယူရိုပါလိဂ်ဆုဖလားကို နှစ်ကြိမ်၊ ဥရောပစူပါဖလားကို တစ်ကြိမ်၊ ကမ္ဘာ့ကလပ် ချန်ပီယံများဖလားကို တစ်ကြိမ်အပြင် အက်ဖ်အေဖလား၊ ကွန်မြူနတီဒိုင်း၊ ကိုပါအီတာလီယာဖလား၊ အီတလီစူပါဖလားတွေကိုတောင်ရယူပေးနိုင်ခဲ့ကာ ပရီးမီးယားလိဂ်မှာလည်း လီဗာပူးနဲ့ ဘောလုံးရာသီ ၆ ရာသီ၊ ချဲလ်ဆီးနဲ့လည်း ဘောလုံးရာသီ တစ်ရာသီအပြင် ၂၀၁၅-၁၆ ရာသီတုန်းက သူတို့နဲ့ပဲ ရာသီဝက်လောက်ဖြတ်သန်းခဲ့ဖူးသူဖြစ်တော့ ဘင်နီတက်ဇ်ဆိုတာ ထိပ်တန်းမန်နေဂျာဖြစ်တာထင်ရှားသလို ပရီးမီးယားလိဂ်အတွေ့အကြုံလည်း ကြွယ်ဝတာမြင်သာတယ်ဆိုတော့။ သူတို့အနေနဲ့ ဒီလိုထိပ်တန်းမန်နေဂျာတစ်ဦးရဲ့ ဦးဆောင်မှုနဲ့အတူ တစ်ချိန်က အင်္ဂလန်ဘောလုံးလောကမှာ လေးစားလောက်တဲ့အဆင့်အတွင်း ရပ်တည်နိုင်ခဲ့တဲ့အနေအထားမျိုးပြန်လည်ရယူနိုင်မှာလားဆိုတာ ပိုမိုစိတ်ဝင်စားဖို့ကောင်းလာတယ်။

ပြောမယ်ဆိုရင် နယူးကာဆယ်ဟာ ပြီးခဲ့တဲ့လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲမှာ ချန်ပီယံဆုအရယူနိုင်ခဲ့တာကြောင့် ပရီးမီးယားလိဂ်ပြိုင်ပွဲကို လာမယ့်နှစ်မှာ တက်ရောက်ယှဉ်ပြိုင်ခွင့်ရထားတဲ့ တန်းတက်အသင်းတစ်သင်းဆိုပေမယ့် သူတို့ရဲ့အစဉ်အလာကတော့ ထိပ်တန်းအဆင့်မှာရှိတယ်လို့ဆိုရမယ်။ အထူးသဖြင့် နယူးကာဆယ်ဟာ အင်္ဂလန်ရဲ့အဆင့်အမြင့်ဆုံးအမှတ်ပေးပြိုင်ပွဲ၊ အင်္ဂလန်ရဲ့သက်တမ်းအရင့်ဆုံး အက်ဖ်အေဖလားပြိုင်ပွဲနဲ့ ကွန်မြူနတီဒိုင်းပြိုင်ပွဲဆိုတဲ့ အင်္ဂလန်ရဲ့အဓိကကျတဲ့ ပြိုင်ပွဲကြီး သုံးရပ်မှာချန်ပီယံဖြစ်ခဲ့ဖူးတဲ့အသင်းဖြစ်တဲ့အထိ တစ်ချိန်ကအောင်မြင်မှုရရှိခဲ့တဲ့အသင်းလည်းဖြစ်တယ်။

### အချိန်တိုအတွင်းက အောင်မြင်မှု

အထူးသဖြင့် နယူးကာဆယ်ဟာ ၁၈၉၂ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှာ အသင်းကို စတင်တည်ထောင်ခဲ့ပြီးတဲ့နောက် အင်္ဂလန်ရဲ့ အနိမ့်ဆုံးပြိုင်ပွဲဖြစ်တဲ့ Northern League ပြိုင်ပွဲမှာ စတင်ပါဝင်ကစားခဲ့ရတာဖြစ်ပေမယ့် အဆိုပါပြိုင်ပွဲမှာ တစ်ရာသီသာကစားခဲ့ရကာ ဒုတိယရရှိမှုနဲ့အတူ ဒုတိယတန်းပြိုင်ပွဲကို တက်ရောက်နိုင်ခဲ့တဲ့ အသင်းဖြစ်တဲ့အပြင် ဒုတိယတန်းပြိုင်ပွဲမှာလည်း ဘောလုံးရာသီငါးရာသီသာကျင်လည်ခဲ့ပြီး ၁၈၉၇-၉၈ ပြိုင်ပွဲမှာ ဒုတိယရရှိမှုနဲ့အတူ အဲဒီတုန်းက အင်္ဂလန်ရဲ့အဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်တဲ့ ပထမတန်းပြိုင်ပွဲကို စတင်တက်ရောက်နိုင်ခဲ့တာဖြစ်တယ်။ ဒါကြောင့်လည်း နယူးကာဆယ်ဟာ ကလပ်အသင်းတည်ထောင်ပြီး အချိန်ကာလတိုတစ်ခုဖြစ်တဲ့ ခြောက်နှစ်ဆိုတဲ့ကာလအတွင်းမှာတင် အင်္ဂလန်ရဲ့အဆင့်အမြင့်ဆုံးပြိုင်ပွဲကို တက်ရောက်နိုင်ခဲ့တဲ့မှတ်တမ်းကောင်းကို ရယူနိုင်ခဲ့တဲ့အထိ အောင်မြင်ခဲ့တာဖြစ်တယ်။

ဒ့ါအပြင် အင်္ဂလန်ရဲ့အဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်တဲ့ ပထမတန်းပြိုင်ပွဲကို ၁၈၉၈-၉၉ ရာသီမှာ ပထမဆုံးအကြိမ်တက်ရောက်နိုင်ခဲ့ပြီးတဲ့နောက်မှာလည်း နယူးကာဆယ်ဟာ အဆိုပါပြိုင်ပွဲအတွင်း အကောင်းဆုံးခြေစွမ်းတွေပြသကာ ဘောလုံးရာသီ ၃၂ ရာသီတိုင်တိ ဆက်တိုက်ကျင်လည်နိုင်ခဲ့တာဖြစ်သလို အဲဒီနှစ်တွေအတွင်းမှာ ပထမတန်းချန်ပီယံဆုကို လေးကြိမ်တိုင်တိုင်ရယူနိုင်ကာ ကွန်မြူနတီဒိုင်းကိုလည်း တစ်ကြိမ်၊ အက်ဖ်အေဖလားကို သုံးကြိမ်တိတိရယူနိုင်ခဲ့တဲ့အထိ အောင်မြင်မှုရခဲ့တာဖြစ်တယ်။ ပြောရရင် နယူးကာဆယ်ဟာ ၁၉၃၃-၃၄ ရာသီမှာ ပထမတန်းပြိုင်ပွဲအတွင်း အဆင့် ၂၁ မှာသာ ရပ်တည်နိုင်မှုကြောင့် ၁၉၃၄-၃၅ ရာသီမှာ ဒုတိယတန်းကိုပြန်လည်ဆင်းသက်ခဲ့ရပေမယ့် အဆိုပါဒုတိယတန်းမှာ ဘောလုံးရာသီ ရှစ်ရာသီသာကျင်လည်ခဲ့ရပြီးနောက် ဒုတိယကမ္ဘာစစ်အပြီး ဘောလုံးပွဲတွေပြန်လည်ကျင်းပတဲ့အခါ ၁၉၄၇-၄၈ ရာသီ ဒုတိယတန်းပြိုင်ပွဲမှာ ဒုတိယရမှုနဲ့အတူ ၁၉၄၈-၄၉ ရာသီမှာ ပထမတန်းကိုပြန်လည်တက်ရောက်နိုင်ခဲ့တာဖြစ်တယ်။

### တစ်ကျော့ပြန်ချန်ပီယံများ

အထူးသဖြင့် နယူးကာဆယ်ဟာ ပထမတန်းပြိုင်ပွဲကို ဒုတိယအကြိမ် ပြန်လည်တက်ရောက်နိုင်ခဲ့ရာမှာလည်း ဘောလုံးရာသီ ၁၃ ရာသီ ဆက်တိုက်ရပ်တည်နိုင်ခဲ့သလို အဆိုပါကာလတွေအတွင်း အက်ဖ်အေဖလားကို သုံးကြိမ် ထပ်မံဆွတ်ခူးနိုင်ခဲ့တဲ့အထိ ခြေစွမ်းပြနိုင်ခဲ့တဲ့အသင်းလည်းဖြစ်တယ်။ ဒ့ါအပြင် နယူးကာဆယ်ဟာ ၁၉၆၀-၆၁ ရာသီ ပထမတန်းပြိုင်ပွဲမှာ အဆင့် ၂၁ ရရှိမှုနဲ့အတူ ဒုတိယတန်းကို ပြန်လည်ဆင်းခဲ့ရသေးပေမယ့်လည်း ဒုတိယတန်းပြိုင်ပွဲမှာ ဘောလုံးရာသီ လေးရာသီသာကျင်လည်ခဲ့ရပြီး ဒုတိယတန်းချန်ပီယံအဖြစ်နဲ့ ၁၉၆၅-၆၆ ရာသီမှာ ပထမတန်းကို ပြန်လည်တက်ရောက်နိုင်ခဲ့ကာ ဘောလုံးရာသီ ၁၃ ရာသီတိတိ ပထမတန်းမှာ တည်တည်ငြိမ်ငြိမ်နဲ့ ထပ်မံရပ်တည်နိုင်ခဲ့တာဖြစ်တယ်။ အထူးသဖြင့် နယူးကာဆယ်ဟာ ၁၉၇၈-၇၉ ရာသီမှာ ဒုတိယတန်းကို ပြန်လည်ဆင်းခဲ့ရပေမယ့်လည်း ဘောလုံးရာသီ ခြောက်ရာသီသာ ရုန်းကန်ခဲ့ရကာ ၁၉၈၄-၈၅ ရာသီမှာ ပထမတန်းပြိုင်ပွဲကို ပြန်လည်တက်ရောက်လာနိုင်ခဲ့တာဖြစ်တယ်။

ပြောရမယ်ဆိုရင် နယူးကာဆယ်ဟာ ၁၉၈၄-၈၅ မှာပထမတန်းကို ပြန်လည်တက်ရောက်နိုင်ခဲ့ပြီးတဲ့အခါမှာလည်း ၁၉၈၈-၈၉ မှာ ဒုတိယတန်းကိုပြန်ဆင်းခဲ့ရပေမယ့် ၁၉၉၂-၉၃ ရာသီမှာ ပထမတန်းကိုပြန်လည်တန်းတက်နိုင်ခဲ့ကာ ချန်ပီယံဖြစ်တဲ့အထိ စွမ်းဆောင်နိုင်ခဲ့သလို ၁၉၉၃-၉၄ ရာသီမှာ ပရီးမီးယားလိဂ်ပြိုင်ပွဲကို စတင်ထူထောင်ကျင်းပခဲ့ရာမှာလည်း နယူးကာဆယ်ဟာ တစ်သင်းအပါအဝင်ဖြစ်ခဲ့ပြီး ၂၀၀၈-၂၀၀၉ ရာသီအထိ ပရီးမီးယားလိဂ်မှာ ဆက်တိုက်ရပ်တည်နိုင်ခဲ့တဲ့အသင်းလည်း ဖြစ်တယ်။ အဆိုပါကာလအတွင်းမှာ နယူးကာဆယ်ဟာ ပရီးမီးယားလိဂ်ပြိုင်ပွဲအတွင်း ဒုတိယနှစ်ကြိမ်ရတဲ့ အထိအောင်မြင်ခဲ့သလို အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ဗိုလ်လုပွဲကိုလည်း နှစ်ကြိမ်တိုင်တိုင်တက်ရောက်နိုင်ခဲ့တဲ့အထိ စွမ်းဆောင်နိုင်ခဲ့တာ တွေ့ရတယ်။

ဒ့ါအပြင် နယူးကာဆယ်အနေနဲ့ ၂၀၀၉-၂၀၁၀ မှာ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲကို ဆင်းခဲ့ရပေမယ့် အဆိုပါတစ်ရာသီသာ ရုန်းကန်ခဲ့ရကာ ၂၀၁၀-၁၁ ကီဗင်ကီးဂန်းရဲ့ဦးဆောင်မှုနဲ့အတူ ပရီးမီးယားလိဂ်ကို ပြန်လည်တက်ရောက်နိုင်ခဲ့ပြီးနောက် ၂၀၁၅-၁၆ ရာသီအထိ ပရီးမီးယားလိဂ်မှာ ဆက်တိုက်ထပ်မံရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။ နယူးကာဆယ်အနေနဲ့ အဆိုပါ ၂၀၁၅-၁၆ ရာသီမှာ ပရီးမီးယားလိဂ်ပြိုင်ပွဲအတွင်း အဆင့် ၁၈ နေရာမှာ ရပ်တည်နိုင်ခဲ့လို့ ၂၀၁၆-၂၀၁၇ မှာ လိဂ်ချန်ပီယံရှစ်ကို ဆင်းခဲ့ရတာဖြစ်ပေမယ့်လည်း အဆိုပါ တစ်ရာသီအတွင်းမှာတင် ချန်ပီယံဖြစ်အောင် စွမ်းဆောင်နိုင်မှုနဲ့အတူ အခုလိုပရီးမီးယားလိဂ်ကို တစ်ကျော့ပြန်ရောက်ရှိလာခဲ့တာဖြစ်တယ်။

### စောင့်ကြည့်ရမယ့်အသင်း

ပြောရမယ်ဆိုရင် နယူးကာဆယ်ဟာ တန်းတက်အသင်းတစ်သင်း ဖြစ်တယ်ဆိုပေမယ့် ပရီးမီးယားလိဂ်ရဲ့ အတွေ့အကြုံရင့်အသင်းတစ်သင်းဖြစ်သလို အစဉ်အလာကောင်းတွေ၊ မှတ်တမ်းကောင်းတွေ၊ အောင်မြင်မှုတွေနဲ့အတူ အင်္ဂလန်ရဲ့ ထိပ်တန်းအသင်းတစ်သင်းလို့တောင် ဆိုနိုင်တဲ့အသင်းဖြစ်တယ်။ ဒါကြောင့်လည်း ဒီလိုအသင်းတစ်သင်း ပရီးမီးယားလိဂ်ကို ပြန်လည်ရောက်ရှိလာခြင်းဟာ အင်္ဂလန်ဘောလုံးလောကအတွက် ကောင်းမွန်တဲ့လက်ဆောင်တစ်ခုဖြစ်ပြီး အဆိုပါအသင်းနဲ့အတူ ဘင်နီတက်ဇ်လို ထိပ်တန်းမန်နေဂျာတစ်ဦး ပရီးမီးယားလိဂ်ကို ပြန်လည်ရောက်ရှိလာခြင်းကလည်း အင်္ဂလန်ဘောလုံးလောကအဆင့်အတန်းကို ပိုမြင့်စေတယ်လို့ဆိုနိုင်တယ်။ ဒ့ါအပြင် နယူးကာဆယ်မှာ ဘင်နီတက်ဇ်လိုမန်နေဂျာအပြင် ရှယ်ဗေး၊ ကောဘတ်၊ ဆိုင်းမ်ဒီဂျောင်တို့လို ကစားသမားကောင်းတွေလည်း ပါဝင်လာမှာဖြစ်တာကြောင့် နယူးကာဆယ်ဟာ တန်းတက်အသင်းတွေအနက် ပရီးမီးယားလိဂ်အတွေ့အကြုံပြည့်ဝမှုအရှိဆုံးနဲ့ တောင့်တင်းမှုအရှိဆုံးအသင်းလို့ပါဆိုနိုင်မှာဖြစ်တယ်။ ဒ့ါအပြင်




နယူးကာဆယ်ဟာ အခုလိုတန်းတက်ခွင့်ရရှိပြီးတဲ့နောက်ပိုင်းမှာလည်း ချက်ချင်းတန်းပြန်မဆင်းရဘဲ တည်တည်ငြိမ်ငြိမ်နဲ့ရပ်တည်နိုင်ခဲ့တဲ့ အစဉ်အလာကောင်းတွေလည်းရှိခဲ့တာဆိုတော့ လာမယ့်နှစ်မှာ ပရီးမီးယားလိဂ်ပြိုင်ပွဲအတွင်း နယူးကာဆယ်ကတော့ စောင့်ကြည့်ချင်စရာ အကောင်းဆုံးအသင်းဖြစ်နေတယ်လို့တောင်ဆိုကြတာဖြစ်တယ်။

ဒါပေမယ့် လက်ရှိအချိန်အထိတော့ နယူးကာဆယ်ရဲ့ကစားသမား အားဖြည့်မှုက ထိရောက်မှုမရှိသေးဘူး။ မနှစ်က ရာသီမှာကတည်းက သူတို့ဆီမှာ အငှားလာကစားနေတဲ့ ချဲလ်ဆီးရဲ့ ဂါနာကွင်းလယ်ကစားသမား ခရစ္စတီယန်အက်ဆုတစ်ဦးတည်းကိုသာ အပြီးသတ်ခေါ်ယူထားနိုင်တယ်။ ဒါကြောင့် လက်ရှိအချိန်အထိတော့ နယူးကာဆယ်ရဲ့ ကစားသမားအင်အားဟာ မနှစ်ကထက် ပိုမိုတောင့်တင်းလာပြီလို့တော့ ဆိုဖို့ခက်တယ်။ ဒါပေမယ့် နယူးကာဆယ်ဟာ ဆောက်သမ်တန်တိုက်စစ်မှူး ဂျေးရိုဒရီဂွေးဇ်အပါအဝင် ကစားသမားကောင်းအချို့ကို ခေါ်ယူနိုင်ဖို့ကြိုးစားနေသလို အီဘားခံစစ်မှူး ဖလော်ရန်လီဂျန်ကိုလည်း ခေါ်ယူနိုင်ဖို့ကြိုးစားနေလို့ အဆိုပါကစားသမားတွေသာ နယူးကာဆယ်ကိုရောက်လာခဲ့မယ်ဆိုရင်တော့ လာမယ့်ရာသီမှာ နယူးကာဆယ်ဟာ ပရီးမီးယားလိဂ်ပြိုင်ပွဲအတွင်း စောင့်ကြည့်ချင်စရာအကောင်းဆုံးအသင်းတစ်သင်းဖြစ်လာမှာက သေချာနေတယ်လို့သာ ဆိုချင်မိပါတယ်။

### နယူးကာဆယ်၏မှတ်တမ်း

| | |
|---|---|
| တည်ထောင်သည့်နှစ် | ၁၈၉၂ |
| အိမ်ကွင်း | စိန့်ဂျိမ်းပတ်ခ် |
| ဝင်ဆံ့မှု | ၅၂၃၅၄ |
| ပိုင်ရှင် | မိုက်အက်ရှလေ |
| မန်နေဂျာ | ဘင်နီတက်ဇ် |

### အောင်မြင်မှုများ

| | |
|---|---|
| ပထမတန်းချန်ပီယံ (ယခုပရီးမီးယားလိဂ်) | ၄ ကြိမ် (၁၉၀၄-၀၅၊ ၁၉၀၆-၀၇၊ ၁၉၀၈-၀၉၊ ၁၉၂၆-၂၇) |
| အက်ဖ်အေဖလားချန်ပီယံ | ၆ ကြိမ်(၁၉၁၀၊ ၁၉၂၄၊ ၁၉၃၂၊ ၁၉၅၁၊ ၁၉၅၂၊ ၁၉၅၅) |
| ကွန်မြူနတီဒိုင်းချန်ပီယံ | ၁ ကြိမ် (၁၉၀၉) |

### ဂန္ထဝင်ကစားသမားများ

| | |
|---|---|
| အလန်ရှီးယားရား | ၄၀၅ ပွဲ၊ ၂၀၆ ဂိုး |
| ဂျက်ကီမဲလ်ဘတ် | ၃၉၉ ပွဲ၊ ၂၀၁ ဂိုး |
| ကီဗင်ကီးဂန်း | ၈၅ ပွဲ၊ ၄၉ ဂိုး |
| ဆိုလာနို | ၃၁၄ ပွဲ၊ ၄၈ ဂိုး |
| အန်ဒီကိုးလ် | ၈၅ ပွဲ၊ ၆၈ ဂိုး |
| ဒေးဗစ်ဂျီနိုလာ | ၇၅ ပွဲ၊ ၇ ဂိုး |
| ဖိလစ်အဲလ်ဘတ် | ၉၆ ပွဲ၊ ၈ ဂိုး |
| လက်ဖာဒီနန် | ၈၄ ပွဲ၊ ၅၀ ဂိုး |
| ရော့ဘ်လီ | ၃၇၉ ပွဲ၊ ၅၆ ဂိုး |

ရှိုင်းမင်းမင်း



# တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ပဲခူးတိုင်းဒေသကြီးအသင်း စုပေါင်းတံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိ




**နေပြည်တော် ဇူလိုင် ၂**

တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ၏ အမျိုးသား/ အမျိုးသမီး (၃)ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲများကို ဇွန် ၃၀ ရက် နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ(B)၌ ယှဉ်ပြိုင် ကစားကြခဲ့သည်။

ရှေးဦးစွာ အမျိုးသား(၃)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် ဧရာဝတီတိုင်း ဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက နှစ်ပွဲ တစ်ပွဲဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားခဲ့သည်။

ထို့အတူ အမျိုးသမီး(၃)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် ရန်ကုန်တိုင်း ဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက နှစ်ပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းအား အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင် ဒေါ်လွီးဇာက တစ်ဦးချင်းဆုတံဆိပ်များကိုပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် အမျိုးသား (၃)ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ အတွင်းရေးမှူး ဒေါက်တာစန်းမောင်မောင်က တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသွားသော ပဲခူးတိုင်းဒေသကြီးအသင်းအား အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း၊ ရွှေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ်တစ်ခုဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးက တံခွန်စိုက် ဒိုင်းဆုကိုလည်းကောင်း၊ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် နှစ်ခုဖြင့် စုပေါင်းတံခွန်စိုက် ဆုဖလားရရှိသွားသော ပဲခူးတိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်က စုပေါင်းတံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**




## ပြည်သူလူထုပူးပေါင်းပါဝင်သောတရားဥပဒေအကူအညီ ပေးခြင်းကနဦးစီမံချက်(၂၀၁၇–၂၀၁၈)မိတ်ဆက်

**မန္တလေး ဇူလိုင် ၂**

USAID ၏ ရန်ပုံငွေပံ့ပိုးကူညီမှုဖြင့် Phoenix Association နှင့် Spectrum က ရောင်စဉ်တန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည့် တရားဥပဒေ စိုးမိုးရေးအတွက်အထောက်အကူပြုစေမည့် “ပြည်သူလူထုပူးပေါင်းပါဝင်သောတရားဥပဒေအကူအညီပေးခြင်း ကနဦးစီမံချက်(၂၀၁၇-၂၀၁၈)”မိတ်ဆက်ရှင်းလင်းပွဲနှင့် အကြံဉာဏ်၊ လုပ်ငန်းလမ်းညွှန်ခံယူပွဲကို ဇွန် ၃၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့်လမ်း ၃၀ ထောင့် ဘူတာကြီးအပေါ်ထပ်ရှိ Hotel marvel ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးဆရာဝန်ကြီးဒေါက်တာသန်းဝင်းနှင့် တရားလွှတ်တော်ရှေ့နေဦးလှကိုတို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် Phoenix Associationဦးသီဟကြိုင်နှင့် Spectrumအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းအောင်တို့က အဖွဲ့များ၏လုပ်ရှားဆောင်ရွက်မှုများအားလည်းကောင်း၊ ဦးထွန်းထွန်းနိုင်ကပြည်သူလူထုပူးပေါင်းပါဝင်သော တရားဥပဒေအကူအညီပေးခြင်း ကနဦးစီမံချက်နှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ သိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

စီမံချက်အနေဖြင့်ပြည်သူများ၏ အခြေခံလူ့အခွင့်အရေးဆိုင်ရာဗဟုသုတများတိုးတက်ရရှိစေရန်၊ ရဲတပ်ဖွဲ့၊ တရားရုံးနှင့်ပြည်သူများအကြား အပြန်အလှန်ဆက်ဆံရေးနှင့်ယုံကြည်မှုမြင့်မားလာစေရန်၊ ဆင်းရဲနွမ်းပါးသူများ၊ ထိခိုက် ခံစားလွယ်အုပ်စုများ၊ ရွှေ့ပြောင်းသွားလာနေထိုင်သူများ၊ ခွဲခြားဆက်ဆံခံရသူများအား တရားဥပဒေဆိုင်ရာ အကူအညီပေးရန်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းတောင်ဘက်၊ ၅၇ လမ်းနှင့် ၅၈ လမ်းကြား၊ Aလမ်းထောင့်တွင် ရုံးဖွင့်ထားကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ငါ့သရောက်မြို့နယ်၌ မိုးရာသီကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**ငါ့သရောက် ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းထိန် ဦးဆောင်၍ဝန်ထမ်းများအဖွဲ့သည် ဇူလိုင် ၁ ရက် နံနက် ၈ နာရီက ငါ့သရောက်မြို့နယ် စက်စက်ယိုကျေးရွာမှ ကန်တိန်ကျေးရွာသို့တပ်ဆင်ဆောင်ရွက်ထားရှိသည့် လျှပ်စစ်ဓာတ်အားလိုင်းများသို့ သွားရောက်ပြီး ဒေသခံကျေးလက်နေပြည်သူများ မိုးရာသီကာလ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်နှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရန်အတွက် ရည်ရွယ်၍ လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဒေသခံကျေးလက်ပြည်သူများ မိုးရာသီကာလ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်နှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းကျဆင်းပြီး ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် စက်စက်ယိုကျေးရွာမှ ကန်တိန်ကျေးရွာသို့ တပ်ဆင်ဆောင်ရွက်ထားရှိသည့် လျှပ်စစ်ဓာတ်အားလိုင်းတစ်လျှောက်ရှိမလွတ်ကင်းသည့် သစ်ပင် သစ်ကိုင်းများအား နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အပြင် ဒေသခံကျေးလက်နေ ပြည်သူများကိုလည်း မိုးတွင်းကာလ လျှပ်စစ်မီးအသုံးပြုရာတွင် လျှပ်စစ်အန္တရာယ်မဖြစ်စေရန်အတွက် သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များအား အသိပညာပေး ဟောပြောဆောင်ရွက်ပေးပြီး အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ဒုတိယအကြိမ်ရေတံခွန်တောင်တက်စက်ဘီးစီးပြိုင်ပွဲနှင့် တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲကျင်းပမည်



**မန္တလေး ဇူလိုင် ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ ညွှန်ကြားမှုဖြင့် MFR (Mandalay Free Rider) စက်ဘီးစီးအဖွဲ့မှ ဦးစီးကျင်းပသော ဒုတိယအကြိမ် ရေတံခွန်တောင်တက် (Mountain Bike) စက်ဘီးစီးပြိုင်ပွဲနှင့် တောင်အဆင်းလမ်းကြမ်း (Downhill) ပြိုင်ပွဲကို ဇူလိုင် ၉ ရက် နံနက် ၆ နာရီတွင် ကျင်းပမည် ဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲကို အသက် (၂၅) နှစ်အောက်၊ အသက်(၂၅နှစ်မှ၃၅နှစ်)၊ အသက်(၃၅နှစ်မှ၄၅နှစ်)၊ အသက် (၄၅နှစ်မှ၆၀နှစ်) နှင့် အသက် (၆၀) အထက်အတန်းများသတ်မှတ်ထားပြီး ပထမဆုကျပ်နှစ်သိန်း၊ ဒုတိယဆုကျပ်တစ်သိန်းခွဲ၊ တတိယဆုကျပ်တစ်သိန်း၊ စတုတ္ထဆုကျပ်ခုနစ်သောင်း၊ ပဉ္စမဆုကျပ် ငါးသောင်းနှင့် အဆင့် ၆ မှ ၁၀ ပန်းဝင်သူများအား ကျပ်တစ်သောင်းစီဆုများချီးမြှင့်မည်။

တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲ၌ Elite တန်းတွင် ပထမကျပ်နှစ်သိန်း၊ ဒုတိယကျပ် တစ်သိန်းခွဲ၊ တတိယကျပ်တစ်သိန်း၊ Master တန်းတွင် ပထမကျပ်တစ်သိန်းခွဲ၊ ဒုတိယကျပ် တစ်သိန်း၊ တတိယကျပ် ခုနစ်သောင်း၊ Beginner တန်းတွင် ပထမကျပ်တစ်သိန်း၊ ဒုတိယ ကျပ် ခုနစ်သောင်း၊ တတိယကျပ် ငါးသောင်း ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စက်ဘီးသမားများအား ချမ်းအေးသာစံမြို့နယ် ၇၈ လမ်း ဒိုင်းမွန်းပလာဇာရှေ့မှ တာလွှတ်မည်ဖြစ်ပြီး ၂၆ လမ်း၊ လမ်း ၈၀၊ ၁၂ လမ်း၊ ၆၆ လမ်း နန်းရှေ့အထိ၊ ၎င်းမှ ၁၉ လမ်းအတိုင်း ရန်ကင်းတောင်ခြေ တောင်ဘက်ပတ်လမ်း MIT ကျောင်းဖြတ်မြေလမ်းမှ ရေတံခွန်တောင်တက် ထူးမဘုန်းကြီးကျောင်းသို့ ပန်းဝင်ရမည်ဖြစ်သည်။

တောင်အဆင်းလမ်းကြမ်းပြိုင်ပွဲကိုလည်း ရေတံခွန်တောင်ဘေးနေကာတောင်တွင်ကျင်းပမည်ဖြစ်ပြီး ထိုင်းနိုင်ငံမှစက်ဘီးသမားများလည်းဖိတ်ကြားထားသည်။

ပြိုင်ပွဲကို မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ ဒိုင်များဖြင့် စီစဉ်ထားပြီး မန္တလေးဓာတ်ပုံအသင်းက ကြီးမှူး၍ လျှပ်တပြက် ဓာတ်ပုံပြိုင်ပွဲလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ပျိုးပင်စိုက်ပျိုးပေး



**ဟားခါး ဇူလိုင် ၂**

ချင်းပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ချင်းပြည်နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု စုပေါင်းမိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ရှန်းတောင် (ယခင်တော်လှန်ရေးကန်) အနီး၌ ကျင်းပသည်။

စုပေါင်းမိုးရာသီ သစ်ပင်စိုက်ပွဲတော်သို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးဇိုဘွဲ့နှင့် ဒုတိယဥက္ကဋ္ဌဦးအောင်သန်း၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘာသာရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ပြည်နယ်သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကျင်းပရခြင်းနှင့် သစ်တောသစ်ပင်များ၏အကျိုးကျေးဇူး တန်ဖိုးကြီးမားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးဇိုဘွဲ၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ကြက်ခြေနီအသင်းနှင့် ဘာသာရေးအသင်းအဖွဲ့များမှကိုယ်စားလှယ်များထံသို့ ပျိုးပင်များကို ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ခါတော်မှိပျိုးပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ယူကလစ် ၅၀၀၊ မိုင်းဘော ၃၀၀၊ ရေသင်းဝင် ၁၀၀၊ ချယ်ရီ ၂၀၀၊ ခါတော်မှိ ၅၀ စုစုပေါင်းပျိုးပင် ၁၁၅၀ ပင်ကို တပျော်တပါးစုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ၂၀၁၇–၂၀၁၈ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ထောက်ပံ့ငွေပေးအပ်

**မြစ်ကြီးနား ဇူလိုင် ၂**

ကချင်ပြည်နယ် တရားလွှတ်တော်ရုံးအောက်ရှိပြည်နယ် ခရိုင်နှင့် မြစ်ကြီးနားမြို့နယ် တရားရုံးဝန်ထမ်းများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၃၀ရက် ညနေ ၄နာရီက အဆိုပါတရားလွှတ်တော် တရားသူကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာက ပညာသင်ထောက်ပံ့ငွေ ပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ခေတ်ကာလ၏ စိန်ခေါ်မှုအရ ကျောင်းသား ကျောင်းသူများ အသိပညာအတတ်ပညာများ ပြည့်စုံကြွယ်ဝစေရန်လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး ယခုကဲ့သို့ ပညာသင်ထောက်ပံ့ငွေပေးအပ်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဘာသာစုံဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး တက္ကသိုလ်ဝင်တန်း ရိုးရိုးအောင်မြင်သူ လေးဦးတို့အား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်မှ ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက ပြည်နယ်တရားလွှတ်တော်၊ မြစ်ကြီးနားခရိုင် တရားရုံးနှင့် မြစ်ကြီးနားမြို့နယ် တရားရုံးတို့မှ တရားရေးဝန်ထမ်းများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသည့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ သုံးဦးနှင့် တက္ကသိုလ်တက်ရောက်သည့် ကျောင်းသား ကျောင်းသူ လေးဦးတို့အား ပညာသင်ထောက်ပံ့ငွေများ အသီးသီးပေးအပ်ခဲ့ပြီး စုစုပေါင်းကျောင်းသား ကျောင်းသူ ၃၈ ဦးအား ထောက်ပံ့ငွေကျပ် ၅၂၉၀၀၀ ကို ပေးအပ်ခဲ့ကာ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တို့မှ တရားရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

**(ဦးလေးကြီး)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်တွင် သဘာဝတောတန်ဖိုးမြှင့်စိုက်ခင်းဧက ၂၄၂၀ ထပ်မံစိုက်ပျိုးသွားမည်

**မုံရွာ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သစ်တောများတွင် တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ ကျွန်း၊ ပျဉ်းကတိုးနှင့် သစ်မာပင်များ ပြန်လည်စိုက်ပျိုးသည့် သဘာဝတောတန်ဖိုးမြှင့်စိုက်ခင်းဧက ၂၄၂၀ ကို ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွင်းပြန်လည် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သင့်လျော်သော နည်းစနစ်အမျိုးမျိုးဖြင့် သစ်တောများ တည်ထောင်ရန်နှင့် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်းလုပ်ငန်းတွင် ပုဂ္ဂလိကနှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်သူများမှ ရင်းနှီးမြှုပ်နှံလာစေရေး တွန်းအားပေး ဆောင်ရွက်ရန်၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ဥယျာဉ်များနှင့် သီးနှံသစ်တောရောနှောစိုက်ခင်း လုပ်ကိုင်ခြင်းများကို အထောက်အပံ့ပြုရန်၊ သစ်တောကဏ္ဍနှင့်ဆက်စပ်ပတ်သက်သူများအားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် မြန်မာ့သစ်တော တည်ထောင်ခြင်းဆိုင်ရာ မူဝါဒပေါ်ပေါက်လာစေရန်၊ သစ်တောများပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ပတ်သက်ပြီး လုပ်ငန်းစီမံချက်ရေးဆွဲခြင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းအဆင့်များတွင် ဆက်စပ် ပါဝင်ပတ်သက်သူများပူးပေါင်းပါဝင်လာစေရန် တွန်းအားပေးဆောင်ရွက်ရန်စသည့် ရည်ရွယ်ချက်များဖြင့် သစ်တောတည်ထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

"သဘာဝတောတန်ဖိုးမြှင့်စိုက်ခင်းတွေကို စိုက်တဲ့အခါမှာ အပြောင်းရှင်းစနစ်လုပ်ပြီး စိုက်တာ မဟုတ်ဘဲ သစ်ပင်ခုတ်လှဲပြီးတဲ့နေရာတွေမှာ ပြန်လည်စိုက်ပျိုးတဲ့စနစ်ပါ။ တန်ဖိုးရှိသစ်တွေ ခုတ်လှဲတဲ့အတွက် သစ်တောရဲ့ တန်ဖိုးလျော့ကျသွားတယ်။ တန်ဖိုးရှိသစ်တွေခုတ်လှဲပြီးတဲ့ နေရာမှာ တန်ဖိုးရှိ သစ်ပင်မျိုးတွေပြန်ပြီး စိုက်ပျိုးခြင်းဖြင့် တန်ဖိုးပြန်လည်မြင့်တက်လာအောင် စိုက်ပျိုးပေးတဲ့စနစ်ဖြစ်ပါတယ်။ တိုင်းဒေသကြီး တစ်ခုလုံးမှာ ဧက ၂၄၂၀ ဖြည့်တင်းစိုက်ပျိုးသွားမှာပါ"ဟု တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သစ်ထုတ်လုပ်မှုများကြောင့် တန်ဖိုးလျော့ကျသွားသည့် သစ်တောများတွင်သစ်ပင်များကိုပြန်လည် စိုက်ပျိုးခြင်းဖြင့် တန်ဖိုးရှိသော သဘာဝသစ်တောများဖြစ်စေရန်အတွက် ဘဏ္ဍာနှစ်အလိုက် တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ကြီးကြပ်ပြီး ပြန်လည်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**



## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နာဂဒေသ လေရှီးမြို့နယ် စိုက်သီးနှံများထိခိုက်မှု နိုင်ငံတော်ကထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်မည်

**လေရှီး ဇူလိုင် ၂**

မေလအတွင်းက မိုးသည်းထန်စွာရွာသောကြောင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် သီးနှံများ ထိခိုက်ပျက်စီးမှုများရှိရာ တောင်သူများထံသို့ နိုင်ငံတော်မှ ထောက်ပံ့ပေးနိုင်ရေးအတွက်တင်ပြဆောင်ရွက်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းထံမှသိရသည်။

"နာဂဒေသလေရှီးမြို့နယ်မှာ မေ ၃၀ ရက်က မိုးရေချိန် ၁ ဒသမ ၈၅ လက်မနဲ့ မေ ၃၁ ရက်က မိုးရေချိန် ၆ ဒသမ ၆၅ လက်မရွာတဲ့အတွက် သီးနှံထိခိုက်ပျက်စီးတဲ့အပေါ် လေရှီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ကွင်းဆင်းစစ်ရာမှာ မိုးစပါး တစ်ဧက၊ ပြောင်းဖူးခင်း ၂၂ ဧက ထိခိုက်ပျက်စီးခဲ့တယ်ဆိုတာတွေ့ရပါတယ်။ ကွင်းဆင်း စစ်ဆေးရေးအဖွဲ့က သီးနှံပျက်တဲ့အပေါ်သီးနှံထောက်ပံ့ကြေးငွေအနေနဲ့ မိုးစပါးတစ်ဧက တစ်သိန်းနှုန်းနဲ့ ပြောင်းဖူးခင်း တစ်ဧက ခုနစ်သောင်းနှုန်းသတ်မှတ်ပြီး စုစုပေါင်းသီးနှံ ထောက်ပံ့ငွေကျပ် ၁၆၄၀၀၀၀ကိုတောင်သူတွေ ဆီ ကို နိုင်ငံတော်ကထောက်ပံ့ပေးနိုင်ဖို့အတွက် အဆင့်ဆင့် တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဒေါက်တာ ဇော်ဝင်းက ပြောပြသည်။

လေရှီးမြို့နယ်အတွင်း မေလ ၃၀ နှင့် ၃၁ ရက်နေ့တွင် လေပြင်းတိုက်ခတ်မိုးသည်းထန်စွာရွာသွန်းသောကြောင့် ရန်နွေးနှင့် ပွန်းကိုင်လင်ကျေးရွာအုပ်စုတို့တွင် အိမ်ထောင်စု ၂၄ စု၏ နွား ၁၂၂ ကောင်၊ ကျွဲအကောင် ၃၀ မှာ ရေတွင်မျောပါပျောက်ဆုံးခဲ့သလို ဝါးတော ထိန့်ဖာရန်နှင့် ဆုံလင်ရန်ကျေးရွာအုပ်စုတို့တွင် နွား ၁၀ ကောင် သေဆုံးခြင်းတို့အတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့၏အတည်ပြုချက်ဖြင့် အမှန်ပျောက်ဆုံးမျောပါသေဆုံးကောင်ရေစာရင်းနှင့် တန်ဖိုးတွက်ချက်မှုများရရှိပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)နှင့် ပြည်ထောင်စုဝန်ကြီးဌာနများသို့ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဗန်းမော်မြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ဗန်းမော် ဇူလိုင် ၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကချင်ပြည်နယ် ဗန်းမော်ခရိုင်သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၁၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုး ပွဲတော် အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၈ နာရီက ဗန်းမော်မြို့နယ် မံဖာကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-ခရိုင်အုပ်ချုပ်ရေးမှူး ဦးညွန့်စိုးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဇော်သင်း၊ ဒုခရိုင်အုပ်ချုပ်ရေးမှူး၊ ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးသွင်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်တို့က ပျိုးပင်များကို ဖြန့်ဝေပေးအပ်ခဲ့ရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မံဖာကျေးရွာအခြေခံပညာမူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြတ်မွန်နှင့် မံဖာကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းအောင်နှင့် လူမှုရေးအသင်းအဖွဲ့များက လက်ခံရယူကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် ဗန်းမော်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနများ၊ ဗန်းမော်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးနှင့် ဗန်းမော်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းနိုင်နှင့်ဝန်ထမ်းများ၊ မိုးမောက်မြို့နယ်နှင့် မန်စီမြို့နယ် သစ်တောဦးစီးဌာန အရာရှိများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဗန်းမော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များ၊ ဒေသခံပြည်သူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူတို့က ကျွန်းပင် ၃၀၀၊ တမလန်းပင် ၁၀၀၊ ပိတောက်ပင် ၁၀၀၊ ပျဉ်းကတိုးပင် ၁၅၀၊ မဟော်ဂနီပင် ၁၅၀ စုစုပေါင်း အပင် ၈၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နည်းပညာကိုအခြေခံသည့်ရေရှည်တည်တံ့သောသီးနှံစိုက်ပျိုးထုတ်လုပ်မှုကိုမလွဲမသွေဆောင်ရွက်

**ပဲခူး ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာ ကွင်းအမှတ်(၁၂၅၀)တောင်သူဦးပြုံးချို၏လယ်ကွင်း၌ ဇူလိုင် ၂ ရက် နံနက် ၈ နာရီခွဲက တောင်သူဆန္ဒစိုက်ပျိုးနည်းသရုပ်ပြပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးလူဦးရေစုစုပေါင်း၏ ၇၈ ရာခိုင်နှုန်းသည် ဘဝရပ်တည်မှုအတွက်လယ်ယာလုပ်ငန်းအပေါ်မှီခိုရပ်တည်နေကြသူများဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျော့နည်းအောင်ဆောင်ရွက်ရာ၌ လယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခြင်းနှင့်စတင်ရမှာဖြစ်ကြောင်း၊ လယ်သမားများအတွက်အကျိုးအမြတ်ရှိသော သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများတွင် သဘာဝအရင်းအမြစ်များကိုအကျိုးရှိရှိအသုံးချကာ နည်းပညာကိုအခြေခံသည့်ရေရှည်တည်တံ့သောသီးနှံစိုက်ပျိုးထုတ်လုပ်မှုကို မလွဲမသွေဆောင်ရွက်ကြရန်လိုကြောင်းပြောကြားသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က တောင်သူဆန္ဒစိုက်ပျိုးနည်းသရုပ်ပြပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးလှမြင့်က စိုက်နည်းစနစ်များနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးဦးဆန်းအောင်က ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာ ဖြန့်ဖြူးရောင်းချသည့်ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက လယ်ယာသုံးစက်ကိရိယာများအသုံးပြုခြင်းနှင့်ပတ်သက်၍လည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသော တောင်သူများမှ သိလိုသည်များဆွေးနွေးမေးမြန်းရာ တာဝန်ရှိသူများပြန်လည်ရှင်းလင်းဖြေကြားပြီး ကွင်းအမှတ် (၁၂၅၀)တောင်သူဦးပြုံးချို၏လယ်ကွင်းအတွင်း ကောက်စိုက်စက်ဖြင့်စိုက်ပျိုးနည်း၊ BMPစနစ်ဖြင့်စိုက်ပျိုးနည်း၊ SRIစနစ်ဖြင့်စိုက်ပျိုးနည်း၊ မျိုးစေ့ချကိရိယာဖြင့် အစေ့ချစိုက်ပျိုးနည်းများဖြင့် နှိုင်းယှဉ်စိုက်ပျိုးပြသနေမှုအား ဝန်ကြီးချုပ်၊ ဝန်ကြီး၊ ဌာနဆိုင်ရာများနှင့်တောင်သူများက ကြည့်ရှုအားပေးလေ့လာကြသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်း ထွန်ယက်ရေးနှင့် ရိတ်သိမ်းခြင်းလုပ်ငန်းများကို စက်ကိရိယာဖြင့်



တွင်ကျယ်စွာဆောင်ရွက်နေပြီဖြစ်သော်လည်း စပါးစိုက်ပျိုးခြင်းလုပ်ငန်းတွင် စက်ကိရိယာအသုံးပြုမှုအားနည်းနေသဖြင့် တောင်သူများမိမိဆန္ဒအလျောက်စိုက်ပျိုးနည်းစနစ်ကိုရွေးချယ်စိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ တောင်သူဆန္ဒစိုက်ပျိုးနည်းသရုပ်ပြပွဲပြုလုပ်ပေးခြင်းဖြစ်ကြောင်း ဝန်ကြီးဦးအောင်ဇော်နိုင်ကပြောကြားသည်။

အဆိုပါသရုပ်ပြပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့မှ တောင်သူ ၂၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ရေတံခါးနှင့် ရေဘေးကာကွယ်ရေးတာများ ကြံ့ခိုင်မှု ကွင်းဆင်းစစ်ဆေး

**သာယာဝတီ ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် ရေဘေးကာကွယ်ရေး တာများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောက်ရွက်နေမှုတို့အား ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်သည် ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေဖြိုးကျော်နှင့် ဦးစီးအရာရှိများဖြစ်သော ဦးကြည်လွင်ဦး၊ ဦးမင်းမင်းဇော်၊ ဦးကျော်ဇောထွန်းတို့နှင့်အတူ ဇွန် ၃၀ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် သာယာဝတီခရိုင် မိုးညိုမြို့နယ် မြစ်မခမြစ်အနောက်ဘက်ကမ်းတာပေါ်တွင် တည်ဆောက်ထားသော မြစ်မခရေတံခါးအခြေအနေ၊ ဘုရားကြီးကုန်းခအောင်းပင်တာနှင့် ပေါက်ကုန်းဆပဂံတာတို့၏ တာပေါင်လမ်းအတိုင်း တာအခြေအနေ၊ ရေကင်းတဲများတည်ဆောက်ထားမှု၊ အရေးပေါ်ကာကွယ်ရေးပစ္စည်းများစုဆောင်းထားရှိမှု၊ တာလုပ်သားဝန်ထမ်းများ ပုံမှန်တာထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့အား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့နောက် လက်ပံတန်းမြို့နယ်ရှိ ဖိုးကတိုးတာ တာပုံစံကျဆောင်ရွက်ထားမှုများအား ကွင်းဆင်းကြည့်ရှုပြီး တာဝန်ထမ်းများအား မိမိတို့ကျန်းမာရေး၊ မိသားစုများကျန်းမာရေးတို့ကိုလည်း အထူးဂရုပြုနေထိုင်ကြရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းတွင် မိုးရာသီရေဘေးအန္တရာယ်ကာကွယ်ရန်အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားရှိသော ရေဘေးကာကွယ်ရေးတာ ၃၉ ခုရှိပြီး စုစုပေါင်း အလျားမိုင်အားဖြင့် ၃၉၁ မိုင် ၄ ဖာလုံရှိပြီး စိုက်ပျိုးဧက ၅၁၅၀၀၀ ကျော်အား ရေဘေးကာကွယ်ပေးလျက်ရှိရာ ၎င်းရေဘေးကာကွယ်ရေး တာ ၃၉ ခုရှိသည့်အနက်မှ သာယာဝတီခရိုင်အတွင်း၌ ရေဘေးကာကွယ်ရေးတာ ၁၆ ခုရှိရာ အလျားမိုင်အားဖြင့်၁၆၉ မိုင် ၆ ဖာလုံ ရှိပြီး စိုက်ပျိုးမြေဧက ၂၂၀၀၀၀ ကျော်နှင့် မြို့၊ ကျေးရွာများ ဧရာဝတီမြစ်ရေနှင့် မြစ်မခမြစ်ရေဝင်ရောက်၍ ရေကြီးနစ်မြုပ်သည့် ဘေးမှကာကွယ်ပေးထားသော တာများဖြစ်ပြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သာယာဝတီခရိုင်အတွင်းရှိ ရေဘေးကာကွယ်ရေးတာများကို ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းများအား ဆောင်ရွက်ခဲ့ပြီး တာကြံ့ခိုင်မှု အားနည်းသောအပိုင်းများကို ၂၀၁၇-၂၀၁၈ ခုနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် တာပုံစံကျတာမြှင့်တင်ပြီး အကြီးစားပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(သူရိန်ထွန်း)**

## တရားမဝင် တင်သွင်းသည့် အန္တရာယ်ဖြစ်စေသော ပစ္စည်း ရောင်းချခြင်းရှိ၊ မရှိစစ်ဆေး

**မြောက်ဦး ဇူလိုင် ၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ မြို့မဈေးကြီးတွင် တရားမဝင် တင်သွင်းသည့် အန္တရာယ် ဖြစ်စေသော ပစ္စည်း ရောင်းချခြင်းရှိ၊ မရှိကို စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ ဇူလိုင် ၂ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးလှမောင်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်နှင့်တာဝန်ရှိသူများ ပူးပေါင်း၍ မြို့မဈေးကြီးအတွင်း စစ်ဆေးရာ တရားမဝင်တင်သွင်းသည့် အန္တရာယ်ဖြစ်စေသော ဓာတုဆေးဝါးသုံးစွဲထားသော ပစ္စည်းများ ရောင်းချခြင်း မရှိကြောင်းတွေ့ရသည်။

မြောက်ဦးမြို့ မြို့မဈေးကြီးတွင် တရားမဝင်တင်သွင်းလာသည့် ဓာတုဆေးဝါးများသုံးစွဲထား၍ အန္တရာယ်ဖြစ်စေသော ပစ္စည်းများမတွေ့ ရှိရသော်လည်း ဆက်လက်ပြီး စစ်ဆေးဆောင်ရွက်သွားမည်ဟု စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံဦးလှမောင်သိန်းက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

## မူခင်းအသိပညာပေး

**ကွမ်းခြံကုန်း ဇူလိုင် ၂**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် အမှတ်-၂ အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက မူခင်းပညာပေးယာဉ်ဖြင့် မူခင်းအသိပညာပေးမှုများ ဆောင်ရွက်ခဲ့သည်။

လာရောက်ကြည့်ရှုသည့် ကျောင်းသားကျောင်းသူများအား ကွမ်းခြံကုန်းမြို့မရဲစခန်းမှူး ဒုတိယရဲအုပ်မျိုးလွင်ဦးစီးသော တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲအုပ် သက်နိုင်ဝင်း၊ မူးယစ်ရဲအုပ်နေခြည်လင်း၊ လူကုန်ကူးမှုတားဆီးရေး ရဲအုပ်သိန်းဌေးတို့က အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၁၁၈)**

## စည်းကမ်းမဲ့အမှိုက်မစွန့်ပစ်ရေး Mobile Awareness Vehicle ယာဉ်ဖြင့် ပညာပေးလှုံ့ဆော်ကာ လက်ကမ်းစာစောင်များဖြန့်ဝေ

**သာကေတ ဇူလိုင် ၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ မိဘပြည်သူများ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမရှိ စေရေးအတွက် Mobile Awareness Vehicle ယာဉ်ဖြင့် ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီက သာကေတမြို့နယ်အတွင်း မိဘပြည်သူများအား အမှိုက်စနစ်တကျ စွန့်ပစ်စေရေး ပညာပေးလှုံ့ဆော်ကာ လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြသည်။

“Mobile Awareness Vehicle မော်တော်ယာဉ်ပေါ်မှာ မိဘပြည်သူတွေလေ့လာနိုင်အောင် အမှိုက်အမျိုးအစားအမျိုးမျိုး၊ စွန့်ပစ်မှုသိမ်းဆည်းမှုနှင့်သယ်ယူစွန့်ပစ်မှုအခြေအနေများ၊ အမှိုက်မှစွမ်းအင်ထုတ်လုပ်သည့်စက်ရုံအကြောင်း၊ နောက်ဆုံးအမှိုက်စွန့်ပစ်သည့်ထိန်ပင်နှင့် ထားဝယ်ချောင်အမှိုက်ပုံကြီးအကြောင်းကို လေ့လာနိုင်ရန်ရှင်းလင်းပြသထားပါတယ်။ မိဘပြည်သူတွေအနေနဲ့ အမှိုက်များကိုစည်းကမ်းစနစ်တကျစွန့်ပစ်ပေးခြင်းဖြင့် ဝိုင်းဝန်းကူညီပေးကြရန် လိုအပ်ပါတယ်” ဟု တောင်ပိုင်းခရိုင်သန့်ရှင်းရေးဌာန ခရိုင်မှူးဦးသက်ဝေက ပြောကြားသည်။



အဆိုပါ ပြည်သူအကျိုးပြုပညာပေးဆောင်ရွက်ရာသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန ဒုတိယဌာနမှူးဒေါက်တာအောင်မြင့်မော်၊ တောင်ပိုင်းခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်သန်းထွဋ်၊ လက်ထောက်ဌာနမှူးဒေါက်တာ ခင်နှင်းအေး၊ သန့်ရှင်းရေးဌာနတောင်ပိုင်းခရိုင်မှူး ဦးသက်ဝေ၊ ဌာနခွဲမှူးဒေါ်သန်းသန်းဝင်း၊ သာကေတမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်းနှင့်ဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များပါဝင်ကာ လူထုလှုပ်ရှားမှုအသွင်ဖြင့်ပညာပေးလှုံ့ဆော်ခဲ့ကြသည်။

**(၁၉၇)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပုံကျဈေးသည်များကို မဲစနစ်ဖြင့် ဆိုင်ခန်းများနေရာချပေး

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) ဇူလိုင် ၂**

ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၈)ရပ်ကွက် ငွေဇင်ယော်လမ်းနှင့် မဥ္ဇူလမ်းရှိ လမ်းဘေး၌ ဈေးရောင်းချလျက်ရှိသော ပုံကျဈေးသည်များကို ဇူလိုင် ၁ ရက်က မြို့နယ်စည်ပင်သာယာရေးဈေးများဌာနမှ ကြီးမှူး၍ ပုံကျဈေးသည် ၆၈ ဦးတို့ကို (၈၈)ရပ်ကွက် ပုန်းညက်လမ်းနှင့်နှင်းပန်းလမ်းရှိ အမှတ် (၁) မြို့တော်စည်ပင်သာယာဈေးအတွင်း၌ ၅ ပေ ပတ်လည်ရှိ ဆိုင်ခန်းများကို မဲစနစ်ဖြင့်နေရာချပေးခဲ့ပြီး ဇူလိုင် ၂ ရက်မှ စတင်၍ ၎င်းနေရာတွင်စတင်ရောင်းချကြောင်း မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးကျော်သန့်ဇင်က ပြောကြားသည်။

အဆိုပါ ဆိုင်ခန်းများအား မဲစနစ်ဖြင့် စီမံဆောင်ရွက်ပေးခဲ့ရာသို့ ရန်ကုန်တိုင်းစည်ပင်သာယာရေးကော်မတီမှ ဌာနစုမှူး ဦးဝင်းဇော်သိန်းနှင့် ဝန်ထမ်းအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့်ဝန်ထမ်းအဖွဲ့ဝင်များ၊ ၈၈ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပုံကျဈေးသည်များ တက်ရောက်ကြကြောင်းသိရသည်။

**(၅၁၂)**

# ချင်းချောင်းနန်းတော်နှင့် ကျွန်တော်

**ဝင်းပ**

မဟာရန်ကုန်မြို့တော်ကြီးရှိ မြို့နယ်ပေါင်းစုံ၌ သမိုင်းဝင် မြို့ပြအမွေအနှစ် သာသနိကအဆောက်အအုံများ၊ တန်ခိုးကြီးဘုရားများ၊ စီးပွားရေးကုန်တိုက်ကြီးများ၊ အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံများ မြောက်မြားစွာ ရှိပါသည်။

ဗဟန်းမြို့နယ် တစ်ခုတည်းမှာပင် ရွှေတိဂုံစေတီတော်ကြီးအပါအဝင် သမိုင်းဝင်မြို့ပြအမွေအနှစ် ရှေးဟောင်းအဆောက်အအုံ ၁၂ ခုရှိပါသည်။ အမှတ် ၁၃၁ ကမ္ဘာအေးစေတီလမ်းရှိ ချင်းချောင်းနန်းတော်ကြီး သည်လည်း အထင်ကရ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံကြီးဖြစ်ပါသည်။

## ရင်သပ်ရှုမော

ရန်ကုန်ရောက်ပြီးစ ကျွန်တော်တို့အိမ်သို့ရွာကဘုရားဖူးရောက်လာသူတွေကို ကျွန်တော်ကဘုရားလိုက်ပို့ရန် အမေကတာဝန်ပေးထားပါသည်။ အဓိကကျွန်တော်ပို့ရသော ကမ္ဘာအေးစေတီသို့ပို့ရတိုင်း ကုက္ကိုင်းလမ်းဆုံအနီးက ချင်းချောင်းနန်းတော်ကြီးကို မြင်ရပါသည်။ ရွှေဂုံတိုင်လမ်းမှ ကမ္ဘာအေးဘုရားလမ်းအတိုင်း ကားနှင့်သွားခြင်းမဟုတ်ပါ။ ကုန်းကြောင်း တစ်လှည့် ခြေလျင်တစ်လှည့်သွားခဲ့ခြင်းဖြစ်ပါသည်။ ချင်းချောင်းနန်းတော်ရှေ့ရောက်လျှင် ရွာကဧည့်သည်များကိုပြရင်း အမြဲရပ်ကြည့်ပြီး ရင်သပ်ရှုမောဖြစ်ခဲ့ရပါသည်။ အဆောက်အအုံနာမည်လည်းမသိပါ။ ရွာကဧည့်သည်များကို ကျွန်တော်ကလူတတ်ကြီးလုပ်ပြီး ကြီးကျယ်ခမ်းနားတဲ့ တရုတ်ဘုံကျောင်းကြီးဗျာဟု ပြောခဲ့မိပါသည်။ ထိုစဉ်က နန်းတော်မျက်နှာစာတွင် ယခုချုံနွယ်ပိတ်ပေါင်းတွေဖုံးအုပ်နေသော ရေကန်ကြီးတစ်ခုအတွင်း ငန်းဖြူကလေးတွေ ရေကူးနေရာလှပသောရှုခင်းတစ်ခုအဖြစ် ကျွန်တော်မှတ်မိနေသည်။

ထိုစဉ်က စတုတ္ထတန်း ကျောင်းသားအရွယ် ကျွန်တော်သည်တစ်နေ့ကျရင် ထိုတရုတ်ဘုံကျောင်းဟုသိနေသော ချင်းချောင်းနန်းတော်ပေါ်တွင် အနုပညာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးဘဝနှင့် ရုံးထိုင်ရလိမ့်မည်ဟု နည်းနည်းကလေးမှ မတွေးမိခဲ့ပါ။ ၈၈ အရေးအခင်းကြီးအပြီး သမိုင်းဝင်ချင်းချောင်း နန်းတော်ကြီးကို ယဉ်ကျေးမှု ဝန်ကြီးဌာနပိုင် အဆောက်အအုံဘဝ ရောက်ခဲ့ရပုံကိုလည်း အတွင်းကျကျကိုယ်တွေ့ သိခဲ့ရသော ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ကိုလည်း ကိုယ်တိုင်ပါဝင်ပြသခဲ့သည်ကို အံ့သြဖွယ်ရာကြုံတွေ့ရပါသည်။ ချင်းချောင်းနန်းတော်ကြီးကို ယဉ်ကျေးမှုဝန်ကြီး ဌာနပိုင်ဆိုင်ခွင့်ရခဲ့ပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## လက်ဆောင်ပေး

တရုတ်သမ္မတကြီး "လီရှန်နင့်"မြန်မာနိုင်ငံသို့ ၁၉၈၅ ခုနှစ်က ချစ်ကြည်ရေးခရီးလာစဉ် ထိုင်ခုံ ၁၅၀၀ ပါ ခေတ်မီဇာတ်ရုံကြီးတစ်ရုံ လက်ဆောင်ပေးလိုကြောင်း ကမ်းလှမ်းသွားချက်အရ ၁၉၈၅ ခုနှစ် မတ်လ ၅ ရက်က မြန်မာနိုင်ငံကိုယ်စား ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး သူရဦးထွန်းတင်နှင့် တရုတ်နိုင်ငံတော်ကောင်စီဝင် "ချီပင်ဖေ့" တို့ စာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ဇာတ်ရုံတည်ဆောက်မည့်နေရာကို ၁၉၈၅ ခုနှစ် မေ ၁၄ ရက်ကျင်းပသည့် ဝန်ကြီးအဖွဲ့အစည်းအဝေး ၃/၁၁၉ အရ ယခင်မြို့မ ကျောင်းလမ်းရှိ လဟာပြင်ဇာတ်ရုံနေရာကို သတ်မှတ်ပေးခဲ့ပါသည်။ ဇာတ်ရုံတည်ဆောက်ရေး ကြိုတင်ညှိနှိုင်းရန် တရုတ်နိုင်ငံခြားရေးနှင့် စီးပွားရေးနှင့်နိုင်ငံခြားရေးအထောက်အပံ့ အကြံပေးပုဂ္ဂိုလ် "မစ္စတာလီဘူရှော" ခေါင်းဆောင်သည့် အကြိုအင်ဂျင်နီယာအဖွဲ့ ၁၉၈၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့ကရောက်လာသည်။

ကျွန်တော့်ကို ထိုစဉ်ကအနုပညာ ဦးစီးညွှန်ချုပ် ဦးစိုးညွန့် (ထီလာစစ်သူ) က ထိုရှေ့ပြေးအဖွဲ့အတွက် ဆက်သွယ်ရေးအရာရှိအဖြစ် တာဝန်ပေးပါသည်။ ထိုစဉ်က အကြိုညှိနှိုင်းအဖွဲ့နှင့်ပါလာသော စကားပြန်မှာ မြန်မာစကားပြန်မဟုတ်ပါ။ အင်္ဂလိပ်စကားပြန်ဖြစ်နေ၍ အစည်းအဝေးမှတ်တမ်းရေးရန် အခက်တွေ့နေသော ရုံးအုပ်ကြီးဦးမြင့်သန်း(ယခုကွယ်လွန်) ကိုယ်စား ကျွန်တော်ကပင် အစည်းအဝေးမှတ်တမ်းရေးသူတာဝန်ကိုပါ ယူခဲ့ရပါသည်။ မစ္စတာလီဘူရှော အဖွဲ့ယူဆောင်လာသည့် ဇာတ်ရုံဒီဇိုင်းအမှတ် ၁ ကို ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက် ဝန်ကြီးအဖွဲ့အစည်းအဝေး ၄/၈၈ နေ့က အတည်ပြုခဲ့ပါသည်။

## ဇာတ်ရုံကြီးတည်ဆောက်

ထိုအချိန်မှစ၍ ၁၉၈၆ ခုနှစ် ဩဂုတ်လ ၆ ရက်က ဒီဇိုင်းပညာရှင် "မစ္စတာဝှမ်ဂျူလီ" ခေါင်းဆောင်သော အဖွဲ့ဝင် ငါးဦးအဖွဲ့ရောက်ရှိပြီး ဇာတ်ရုံတည်ဆောက်ရေး အသေးစိတ် ညှိနှိုင်းရပါသည်။ ၁၉၈၇ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်နေ့ နံနက် ၉ နာရီက ဇာတ်ရုံမြေသန့်မင်္ဂလာအခမ်းအနားကျင်းပရာ တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး "မစ္စတာရွှေကျန်" ယဉ်ကျေးမှု ဒု-ဝန်ကြီးဦးသန်းမောင်နှင့် ဆောက်လုပ်ရေး ဒု-ဝန်ကြီး ဦးကျင်လှိုင်တို့ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ လိုရင်းကိုပြောရမည်ဆိုပါက တရုတ်အင်ဂျင်နီယာများ အသုတ်လိုက် ၅၀/၆၀ လုပ်သားများပါလာပြီး ဇာတ်ရုံကြီး တည်ဆောက်နေစဉ် ၈၈ အရေးအခင်းကြီး ဖြစ်ပေါ်လာတော့ လုပ်ငန်းများခေတ္တရပ်သွားပြီး တရုတ်အင်ဂျင်နီယာအဖွဲ့များ ဌာနေသို့ပြန်ရေး အခက်အခဲများကြားမှ လုံခြုံချောမွေ့စွာ လေယာဉ်ပေါ်တင်ပေးခဲ့ရသည့် အောက်ခြေသိမ်းလုပ်ငန်းများအထိ ကျွန်တော်ဝင်ပါခဲ့ရပါသည်။

အရေးအခင်းကြီးပြီးတော့ ဦးစိုးညွန့် (ထီလာ စစ်သူ) ပြန်ကြားရေးဌာနပြောင်းသွားပြီး အနုပညာဦးစီးညွှန်ချုပ်အဖြစ် ဗိုလ်မှူးကြီးတင်ထူးရောက်လာပါသည်။ ထိုအချိန်တရုတ်သမ္မတကြီးလက်ဆောင် ဇာတ်ရုံကြီးမှာ ပြီးစီးလုနီးနေပါပြီ။ အချောသပ်လုပ်ငန်းများလုပ်ဆောင်ရန်အတွက် အဓိကလုပ်ငန်းတစ်ခုမှာ ဇာတ်ရုံ Lobby နှစ်ဖက်နံရံ ပန်းချီကားကြီး VIP အခန်းချိတ်ဆွဲရန် ပန်းချီကားများ၊ စားသောက်ခန်းအတွင်း ချိတ်ဆွဲရန် ပန်းချီကားများ၊ အရွယ်အစားပါသတ်မှတ်ပြီး ဒီဇိုင်းအတိုင်း ပန်းချီရေးဆွဲရေးလုပ်ငန်းအတွက် အနုပညာဝါသနာကြီးလှသော ညွှန်ချုပ်ဦးတင်ထူးက ယဉ်ကျေးမှုဌာနအောက်ရှိ ရန်ကုန်မန္တလေး ပန်းချီကျောင်း ကဇာတ်ဌာနခွဲ ပန်းချီပညာရှင်များကို ပုံထုတ်စေခဲ့ပါသည်။ ပန်းချီကား ၄၀ ကျော် နမူနာပုံများရရှိသောအခါ ညွှန်ကြားရေးမှူးချုပ်က နဝတအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်နှင့် အတွင်းရေးမှူး(၂) ဗိုလ်ချုပ်တင်ဦးထံသို့ သယ်ဆောင် ပြသရန် အသွား ကျွန်တော့်ကိုခေါ်သွားပါသည်။

အတွင်းရေးမှူး(၁) နှင့် အတွင်းရေးမှူး (၂) တို့ကလည်း အဆုံးအဖြတ်ခံယူရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရုံးခန်းဝအထိ ပန်းချီးကားကပ်ထားသည့် ဘုတ်ပြားကြီးများကိုသယ်ယူသွားရပါသည်။ ကျွန်တော်တို့ ညွှန်ကြားရေးမှူးချုပ် ဦးတင်ထူးသည် ပန်းချီဆရာဖြစ်သော ကျွန်တော့်ကို တစ်ကားချင်းပွိုင့်တာနှင့်ရှင်းခိုင်းပါသည်။ ကျွန်တော်လည်း ကြောက်ကြောက်နှင့် ဇာတ်ရုံကြီး Lobby နံရံနှစ်ဖက်တွင် ယခုတွေ့မြင်နေရသည့် ပန်းချီဆရာ ဦးမင်းစံချိန်နှင့် သူ့တပည့်ပန်းချီဝင်းမြင့်မိုးတို့ ပုံထုတ်ထားသော "မြန်မာအကရေစီးကြောင်း" နှင့် "ဒွေးမယ်နော်" ဇာတ်ပန်းချီကားများကအစ၊ V.I.P အခန်းအတွက် ရှုခင်းပန်းချီကားများကို ရှင်းပြရပါသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "အေး မင်းတို့ ယဉ်ကျေးမှုဌာနကြီး ကိုယ်ပိုင်နေရာမရှိဘူးမဟုတ်လား။ အခုနန်းတော်ထဲကို ပို့လိုက်ပြီ" ဟု ဗိုလ်ချုပ်မှူးကြီးက ဆက်ပြောပါသည်။ ထိုအချိန်မှစ၍ ပန်းဆိုးတန်းဘဏ်တိုက်ကြီးတစ်ခု အပေါ်ဆုံးထပ်တွင် ဖွင့်လှစ်ထားသော ယဉ်ကျေးမှုဝန်ကြီးရုံးနှင့် ပန်းဆိုးတန်း အလယ်တီအီးဂျူးမား ကုန်တိုက်တွင် ယာယီဖွင့်ထားသောအနုပညာဦးစီးရုံးတို့ ချင်းချောင်းနန်းတော်ပေါ်သို့ ရောက်ရှိလာပါသည်။

ထိုစဉ်ကနိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ "မင်းတို့ကိုနန်းတော်ထဲပို့လိုက်ပြီ" ဆိုသော နှုတ်မိန့်ကို ကွယ်လွန်သွားပြီဖြစ်သော အတွင်းရေးမှူး(၂) တော့ ပြန်ပြောနိုင်မည်မဟုတ်တော့ပါ။ ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့် မော်ဘီမြောင်းတကာတွင် နှင်းဆီပန်းစိုက်နေသော အငြိမ်းစားညွှန်ချုပ်ဦးတင်ထူးနှင့် ကျွန်တော်တို့ သုံးဦးကတော့ သက်ရှိသမိုင်းသက်သေလူသားများအဖြစ်ရှိနေကြပါသည်။

## ချင်းချောင်းနန်းတော်သို့ပြောင်း

ဦးစွာကျွန်တော်တို့က အနုပညာဦးစီးဌာနက ချင်းချောင်း နန်းတော်ပေါ်သို့ပြောင်းလာပါသည်။ ညွှန်ကြားရေးမှူးချုပ်က ချင်းချောင်းနန်းတော်သမိုင်းကို လေ့လာဖို့ တာဝန်ခွဲပေးပါသည်။ ကျွန်တော်ကတော့ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သို့ ဦးစွာပြေးပြီး ရန်ကုန်အရှေ့ပိုင်းမောရစ်ကောလစ်၏ Trail In Burma စာအုပ်ကိုရှာဖွေဖတ်ခဲ့ပါသည်။ ထိုစဉ်က အင်တာနက်ခေတ်လည်းမဟုတ်သေးပါ။ မောရစ်ကောလစ်နှင့် အခြားမှတ်တမ်းများရှာဖွေမှတ်သားခဲ့ရသည်။

ယခုအခါချင်းချောင်းနန်းတော်ကြီးကို တည်ဆောက်ခဲ့သူသန်းကြွယ်တရုတ်သူဌေးကြီး လင်ချင်းချောင် ငယ်စဉ်က အထက်တန်းပညာသင်ယူရာ စိန်ပေါလ်ကျောင်း (ယခုဗိုလ်တထောင်အထက-၆) ကြီးကိုတောင် ရန်ကုန်မြို့ပြ ရှေးဟောင်းယဉ်ကျေးမှုအမွေ အထိမ်းအမှတ် အပြာရောင် ကမ္ပည်းကပ်ထားပြီးပြီဟု သိရသော်လည်း ၁၉၁၅ ခုနှစ်က တည်ဆောက်ပြီး ၁၉၁၈ ခုနှစ်တွင် ပြီးစီးခဲ့သည့် ရာပြည့်ချင်းချောင်း နန်းတော်ကြီးကိုတော့ အသိအမှတ်ပြုကမ္ပည်းတင်သည့် သတင်းမကြားမိသေးပါ။

## တရုတ်သူဌေးကြီး လင်ချင်းချောင်း

"လင်ချင်းချောင်း"၏ ဖခင် LIM SOO HEAN မှာ တရုတ်နိုင်ငံဖူကန်ဒေသမှ ရန်ကုန်မြို့သို့ ၁၈၆၁ ခုနှစ်က ရောက်ရှိလာပြီး စီးပွားရေးလုပ်သည်။ ဆန်ကုန်သည်၊ ရေနံတင်ပို့သည့် စီးပွားရေးသမားတစ်ဦးဖြစ်သည်။ "လင်ချင်းချောင်း" (၁၉) နှစ်အရွယ် ၁၈၈၈ နှစ်က သူ့ဖခင်ကွယ်လွန်သော် ဖခင်၏ စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်သည်။ "လင်ချင်းချောင်း" သည် စိန်ပေါလ်ကျောင်းက ဆယ်တန်းအောင်သော် ရန်ကုန်ကောလိပ်သို့ဆက်တက်ရာ အင်္ဂလိပ်စာစကား ကျွမ်းကျင်သည်။ တရုတ်ဘာသာစကားကို ပြောတတ်ရုံသာ ပြောတတ်သူဖြစ်သည်။

"လင်ချင်းချောင်း" သည် စီးပွားရေး ကျွမ်းကျင်၍ အင်္ဂလန်နိုင်ငံ ဘီအိုစီရေနံကိုယ်စားလှယ်တစ်ဦးဖြစ်လာပြီး ပီနန်၊ စင်ကာပူ၊ ဟောင်ကောင်၊ အမွိုင်တို့ကို ဆန်စပါး၊ ရေနံတင်ပို့ ရောင်းချသည်။ ကုန်တင် သင်္ဘောများပိုင်သည်။ မပိုးဥနှင့် လက်ထပ်ပြီး သားသမီးခြောက်ဦး ထွန်းကားသည်။ သားသမီးများကို ဥရောပနိုင်ငံများတွင်ကျောင်းထားပြီး သူတို့ဇနီးမောင်နှံလည်း လန်ဒန်သို့ ဈေးဝယ်ထွက်သည်။ လန်ဒန်က ဈေးအကြီးဆုံး နာမည်ကျော်ကုန်တိုက် HARRDD ကြီးတွင်ဈေးဝယ်သည်။ ခေတ်မီဇိမ်ခံကားကြီး Silver Ghost Rolls Royees ကားကြီးနှစ်စီးဝယ်စီးသည်။ ထိုခေတ် စတာလင်ပေါင် ၁၂၀၀ နှင့် ၁၆၀၀ ကြားတန်ကြေးရှိသည်။

## အနုပညာပြတိုက်ကြီး

မစ္စတာမောရစ်ကောလစ်က သူ့စာအုပ် Trail in Burma စာအုပ်တွင် "လင်ချင်းချောင်း" သည် မူလက ဆင်းရဲသားတစ်ဦးဖြစ်ပြီး ကြိုးစားမှုကြောင့် စည်းစနစ်ရှိမှုကြောင့် ချမ်းသာကြွယ်ဝလာသူဖြစ်ကြောင်း၊ သူ့ပိုက်ဆံများကို သောက်စားပျော်ပါးကာ ခပ်ရမ်းရမ်းသုံးမည့်အစား သူကိုယ်တိုင်နေထိုင်ရန် အဆောင်ဆောင်၊ အခန်းခန်းဖြင့် ရှုမငြီးနန်းတော်ကြီးတစ်ခု တည်ဆောက်ရန်စိတ်ကူးရခဲ့သည်။ သူ့နန်းတော်သည် အလှအပ၊ အသိမ်အမွေ့ ဖြစ်အောင်ပြင်ဆင်မွမ်းမံလိုသည်။ အနုပညာလက်ရာမြောက် ပစ္စည်းတို့ဖြင့် တန်ဆာဆင်သည်။ သူ့စိတ်တိုင်းကျစံအိမ်တစ်ဆောင်ဖြစ်ရန် စိတ်ကူးဖြင့် တည်ဆောက်ခဲ့ရာ ယခုကျွန်တော်တို့ ခေတ်အထိ ချင်းချောင်းနန်းတော်ကြီးကိုပင် အနုပညာပြတိုက်ကြီး တစ်ခုအဖြစ် မြင်တွေ့နေရခြင်းဖြစ်သည်။

မောရစ်ကောလစ်စာအုပ်ထဲတွင် တစ်နေ့ "လင်ချင်းချောင်း" သည် လန်ဒန်မြို့ "ပစ်ကယ်ဒလီ" အဝိုင်းကြီးနားရှိ တရုတ်စားသောက်ဆိုင်တွင် နေ့လယ်စာစားနေစဉ် ဆိုင်ရှင်သူ့မိတ်တွေ မိတ်ဆက်ပေးမှုအရ ဆိုင်အတွင်း ထမင်းစားနေသာ အင်္ဂလိပ်ပန်းချီဆရာ "မစ္စတာပရော့တာ" လင်မယားနှင့် သိကျွမ်းရင်းနှီးခဲ့သည်။ "လင်ချင်းချောင်း" သည်သူ့စံအိမ်နန်းတော်ပေါ်တွင် ပန်းချီဆရာ "ပရော့တာ" လင်မယားကိုပင့်ဖိတ်၍ နံရံပန်းချီများ ရေးဆွဲစေခဲ့သည်။ (ယခုတိုင် "ပရော့တာ" ၏ နံရံပန်းချီလက်ရာများ ပျက်စီးစပြုနေသည်ကို တွေ့နိုင်ပါသည်) မောရစ်ကောလစ်က သူကိုယ်တိုင် ချင်းချောင်းနန်းတော်ပေါ်သို့ ရောက်ခဲ့ပြီး "ပရော့တာ"၏ လက်ရာများကိုကြည့်ခဲ့ရကြောင်းဖော်ပြရုံမျှမက နောင်လန်ဒန်တော်ဝင် ပန်းချီကို လွှမ်းမိုးလာသည့် နာမည်ကြီးလာသော ဗြိတိသျှပန်းချီကျော် "ပရော့တာ" ၏လက်ရာများကိုမမီကြောင်း၊ ရေးဆွဲထားသည့် အကြောင်းအရာများမှာလည်း တရုတ်ပြည်ရှုခင်း၊ မဟာတံတိုင်းရှုခင်းများဖြစ်၍ ရှေးဟောင်းလက်ရာများအဖြစ် တန်ဖိုးကြီးကြောင်း ရေးသားထားပါသည်။

ဗြိတိသျှအစိုးရက "လင်ချင်းချောင်း"ကို ၁၉၁၇ ခုနှစ်တွင် O.B.E (Order of British Empire) ဘွဲ့ ချီးမြှင့်ခဲ့သည်။ ထိုခေတ်က မင်းတိုင်ပင်အမတ် (LegisLatine Council of Buma) တစ်ဦးလည်းဖြစ်ခဲ့သည်။ ထိုခေတ် ချင်းချောင်းနန်းတော်ကြီးကိုတည်ဆောက်စဉ်က ရူပီးနှစ်သန်းနှစ်သောင်းကျော် ကုန်ကျခဲ့သည်ဟု ဆိုပါသည်။

ဤမျှသမိုင်းတန်ဖိုး၊ ဗိသုကာတန်ဖိုး၊ အနုပညာတန်ဖိုးကြီးမားသော ချင်းချောင်းနန်းတော်ကြီးသည် နေပြည်တော်သို့ ယဉ်ကျေးမှုဝန်ကြီးဌာနပြောင်းသွားချိန်မှစ၍ ဘဝအမျိုးမျိုးပြောင်းခဲ့ပုံများ၊ ဖရိုဖရဲဖြစ်ခဲ့ရမှုများ အကြိမ်ကြိမ်ရေးသားတင်ပြခဲ့ဖူးပါပြီ။

## တန်ဖိုးထား အလေးဂရုပြုသင့်

ယခု ဒီမိုကရေစီအစိုးရသစ်လက်ထက် ချင်းချောင်းနန်းတော်ကြီးကို ဘာလုပ်မှာပါလိမ့်ဟု ကျွန်တော်တို့အနုပညာသမားတွေ စောင့်ကြည့်နေပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနကို နန်းတော်ထဲပို့ခဲ့သော နိုင်ငံတော်အကြီးအကဲဟောင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏စေတနာကို အစိုးရသစ်ယဉ်ကျေးမှုဌာနက တန်ဖိုးထားအလေး ဂရုပြုသင့်ပါသည်။

ယဉ်ကျေးမှုဌာနပိုင် သမိုင်းဝင်အဆောက်အအုံတစ်ခုကို နိုင်ငံတော်အဆင့် ပြတိုက်ကြီးတစ်ခုအဖြစ် ဖွင့်လှစ်ဖို့ဆောင်ရွက်သင့်ပါသည်။ အမျိုးသားပြတိုက် (ရန်ကုန်)၊ အမျိုးသားပြတိုက် (နေပြည်တော်)နှင့် ရှေးဟောင်းသုတေသနပြတိုက်(ပုဂံ)တို့တွင် နေရာမလုံလောက်သော အကြောင်းပြချက်ဖြင့် မြေအောက်တိုက်ခန်း တွေထဲမှာ ထိုးသိပ်သိမ်းထားရသည့် တန်ဖိုးကြီးအနုပညာပစ္စည်း ပန်းချီလက်ရာများကို အနုပညာဗဟိုဌာန အမည်ဖြင့် ချင်းချောင်းနန်းတော်ကြီးတွင် ပြသသင့်ကြောင်း အကြံပြုပါသည်။

ယခင်အစိုးရယဉ်ကျေးမှုဝန်ကြီးတာဝန်ပေးချက်အရ ဒုဝန်ကြီးဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်) ကပြတိုက်ကြီးတစ်ခုအဖြစ်သာဖြစ်သင့်ကြောင်း မှတ်ချက်ပေးခဲ့ရာ ယခင်ဝန်ကြီးကလည်း သူ့မှတ်ချက်အတိုင်း အထက်အဖွဲ့အစည်းသို့တင်ပြခဲ့သည်ဟု ကျွန်တော့်မိတ်ဆွေကြီး ဦးသန်းဆွေကိုယ်တိုင် ကျွန်တော်၏ စိန်ရတုပန်းချီပြပွဲသို့ လာရောက်ကြည့်ရှုစဉ်က ပြောပြသွားခဲ့ပါသည်။

## ယဉ်ကျေးမှုအနုပညာအားပေး

ယဉ်ကျေးမှုဝန်ကြီးဌာနသည် စီးပွားကူးသန်းဌာနမဟုတ်ပါ။ ရန်ပုံငွေရှာရလောက်အောင် ဆင်းရဲသည့်ဌာနလည်းမဟုတ်ပါ။ ယဉ်ကျေးမှုဌာနကြီး၏ အဓိကတာဝန်သည် "ယဉ်ကျေးမှုအနုပညာများကိုဖြန့်ဖြူးရမည်။ အားပေးရမည်။ ယဉ်ကျေးမှုအနုပညာများကို အာရုံခံနိုင်စေရမည်။ လိုက်စားနိုင်ခွင့်ပေးရမည်။ အနာဂတ်၌ အနုပညာခေတ်ကြီးကို ဖန်တီးရမည်။ ကမ္ဘာကြီး၏ ငြိမ်းချမ်းသာယာမှုသည် အနုပညာပေါ်၌ တည်လျက်ရှိသည်။ လူတို့၏ ဟဒယကို နူးညံ့သိမ်မွေ့စေရမည်" ဟုယဉ်ကျေးမှုဌာန ညွှန်ကြားရေးဝန် (ယခုအခေါ် ညွှန်ကြားရေးမှူးချုပ်) ဆရာကြီးဦးဖိုးလတ်က ၁၉၅၄ ခုနှစ် ပြည်ထောင်စုယဉ်ကျေးမှုပြပွဲ ပြိုင်ပွဲကတ်တလောက်တွင် လမ်းညွှန်ရေးသားခဲ့ဖူးပါသည်။

ညွှန်ကြားရေးဝန် ပညာရှင်ဆရာကြီးဦးဖိုးလတ်၏ ယဉ်ကျေးသော၊ အလွန်လှပသော၊ တန်ဖိုးရှိသော စိတ်ကူးဖြစ်ပါသည်။ ယဉ်ကျေးမှုဌာနသာမက နိုင်ငံနှင့်လူမျိုးအတွက် မြင့်တင်လိုသော မြန်မာကိုကမ္ဘာနှင့် ရင်ပေါင်တန်းလိုသော အနုပညာကိုမြတ်နိုးတန်ဖိုးထားသော ပုဂ္ဂိုလ်ထူးကြီးအဖြစ် ဂုဏ်ယူလေးစားရိုသေမိပါသည်။ ၁၉၅၄ ခုနှစ်က ယဉ်ကျေးမှုဝန်ကြီးဌာနညွှန်ကြားရေးဝန်ဆရာကြီးဦးဖိုးလတ်(ရုပ်သေးပညာရှင် ဆရာကြီးဦးရဲဒွေး၊ မြို့ပြအင်ဂျင်နီယာ ဒေါက်တာကျော်လတ်ဖခင်)၏ ကြွေးကြော်သံဖြင့် ဤဆောင်းပါးကို နိဂုံးချုပ်လိုပါသည်။

**"ယဉ်ကျေးမှုအနုပညာခေတ်ကြီးကို ဖန်တီးကြစို့"**

# ကောလာဟလများအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

အေးပြည့် - စုစည်းသည်

*ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလများအကြားက စိတ်ဝင်စားစရာအကောင်းဆုံး သတင်းတွေကို ကြေးမုံပရိသတ်အတွက် ဖော်ပြပေးလိုက်ပါတယ်။*

## ကောလာဟလတွေကို ပိုမိုဆူညံလာစေခဲ့တဲ့ ကေတီဟုမ်းစ် နဲ့ ဂျေမီဖောက်စ်






ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ကေတီဟုမ်းစ်ဟာ မင်းသားတစ်ဦးဖြစ်တဲ့ ဂျေမီဖောက်ဇ်နဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေပေါ်ထွက်နေခဲ့တာ အချိန်အတော်ကြာခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦးကို အတူတွဲတွေ့ခဲ့ရတဲ့ သက်သေမရှိသေးတာကတစ်ကြောင်း၊ ကာယကံရှင်တွေက ငြင်းဆိုခဲ့တာကတစ်ကြောင်းကြောင့် လတ်တလောအချိန်အထိ အတိအလင်းပြောဆိုနိုင်ခြင်းမရှိသေးပါဘူး။ ဒီလိုအခြေအနေမှာပဲ လတ်တလောမှာတော့ ကြယ်ပွင့်နှစ်ဦးဟာ တစ်ချိန်တည်းမှာ နီးစပ်စွာရှိနေခဲ့တာကို တွေ့ခဲ့ရတဲ့အတွက် ကောလာဟလတွေကို ပိုမိုကျယ်လောင်လာစေခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက ကေတီဟုမ်းစ်ကို စန်ကျူရီစစ်တီမောလ်ရဲ့ ကားပါကင်အနားမှာ တွေ့ခဲ့ရပြီး တစ်ချိန်တည်းမှာပဲ ဂျေမီဖောက်ဇ်ကိုတော့ ယင်းဈေးဝယ်စင်တာနဲ့ တစ်မိုင်ခန့်အကွာမှာရှိနေတဲ့ စန်ကျူရီပလာဇာဟိုတယ်အရှေ့မှာ တွေ့ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ကြယ်ပွင့်နှစ်ဦး အချိန်းအချက်ပြုထားတာဖြစ်နိုင်ကြောင်း မီဒီယာတွေက စွပ်စွဲခဲ့ကြတာဖြစ်ပါတယ်။

ကေတီဟုမ်းစ်ကတော့ ပေါ့ပေါ့ပါးပါးပုံစံဝတ်ဆင်ထားကာ ဂျေမီဖောက်ဇ်ကတော့ တစ်စုံတစ်ယောက်ကို စောင့်နေပုံရပြီး ဖုန်းနဲ့စကားပြောနေတာကိုလည်း တွေ့ရပါတယ်။ ဒ့ါအပြင် သူနဲ့အတူ အထုပ်အပိုးတွေပါ ပါလာတာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်း ခင်ပွန်းဖြစ်သူ တွမ်ခရုးစ်နဲ့ ကေတီဟုမ်းက ကွာရှင်းခဲ့တာဖြစ်ပြီး တွမ်ခရုးစ်နဲ့ ဇာတ်လမ်းမပြီးမီကတည်းက ဂျေမီဖောက်ဇ်နဲ့ အသံတွေထွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောမှာ အသက် (၃၈) နှစ်ရှိပြီဖြစ်တဲ့ ကေတီဟုမ်းစ်နဲ့ (၄၉)နှစ်အရွယ် ဂျေမီဖောက်ဇ်တို့နှစ်ဦးစလုံးက သူတို့အကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး လျှို့ဝှက်ခဲ့ကြကာ လတ်တလောအချိန်အထိ တရားဝင်ထုတ်ဖော်ပြောကြားခြင်း မရှိသေးတာဖြစ်တယ်လို့လည်း သိရပါတယ်။

## နယ်လှည့်ဖျော်ဖြေပွဲတွေဟာ ကျွန်မနဲ့မကိုက်ညီပါဘူး



ဗြိတိန်ရဲ့ နာမည်ကျော်ပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ အဒဲလ်က မကြာသေးမီက ကျင်းပခဲ့တဲ့ သူ့ရဲ့နယ်လှည့်ဖျော်ဖြေရေးပွဲမှာ သူ့အနေနဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေ ထပ်မံပြုလုပ်ဖို့ရာမသေချာကြောင်းနဲ့ ယခုဖျော်ဖြေပွဲဟာ နောက်ဆုံးသောဖျော်ဖြေပွဲလည်းဖြစ်နိုင်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် အဒဲလ်က ပရိသတ်တွေအတွက် ရည်ရွယ်ရေးသားဖော်ပြခဲ့တဲ့စာမှာလည်း နယ်လှည့်ဖျော်ဖြေပွဲတွေဟာ သူနဲ့ကိုက်ညီမှုမရှိကြောင်း ရင်ဖွင့်ထားတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ ဇွန် ၂၈ ရက်မှာ အဒဲလ်က လက်ရေးစာမူစာတစ်စောင်ကို ရေးသားကာ ယင်းစာကို ဖျော်ဖြေပွဲအတွင်း ထုတ်ဖော်ပြသခဲ့ပြီး နောက်ပိုင်းမှာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်တာဂရမ်စာမျက်နှာပေါ်မှာလည်း ဖော်ပြခဲ့တာဖြစ်ပါတယ်။ အဲဒီစာမှာ အဒဲလ်က သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲတွေဟာ သာမန်အားဖြင့် ကောင်းမွန်စွာပြီးဆုံးသွားခဲ့တယ်ဆိုပေမယ့် ဒီလိုဖျော်ဖြေပွဲတွေဟာ သူ့ရဲ့ဝလေ့စရိုက်၊ အကြိုက်နဲ့တော့ ကိုက်ညီမှုမရှိကြောင်း စာမှာထည့်သွင်းရေးသားဖော်ပြခဲ့တာလည်း ဖြစ်ပါတယ်။

လတ်တလောမှာ အသက် (၂၉)နှစ်အရွယ်ရှိပြီဖြစ်တဲ့ သားလေးတစ်ဦးရဲ့ မိခင်ဖြစ်တဲ့ အဒဲလ်က သူ့ရဲ့ဘဝမှာ လတ်တလောအချိန်အထိ ဖျော်ဖြေပွဲပေါင်း ၁၁၉ ပွဲကျင်းပခဲ့ပြီးဖြစ်ကာ နောက်ထပ်ဖျော်ဖြေပွဲ လေးပွဲကျန်နေသေးတာကြောင့် ယင်းပွဲတွေအပြီးမှာတော့ ၁၂၃ ပွဲ ဖြစ်လာမှာဖြစ်ပါတယ်။ သူဟာ ဖျော်ဖြေပွဲတွေကို အားပေးတဲ့ပရိသတ်အတွက် ပြုလုပ်ခဲ့တာဖြစ်ပြီး သူ့ရဲ့ပင်ကိုစရိုက်ကတော့ အိမ်မှာနေရတာကိုသာ ကြိုက်နှစ်သက်တာဖြစ်ကြောင်းလည်း အဒဲလ်က သူ့ရဲ့စာမှာ ရေးသားဖော်ပြခဲ့ကြောင်း သိရပါတယ်။ ဒ့ါအပြင် အဒဲလ်ဟာ ယခင်က ခွဲစိတ်မှုခံယူထားရတဲ့ အသံအိုး ပြန်လည်ထိခိုက်ခဲ့တဲ့အတွက် ဆရာဝန်ရဲ့ တွန်းအားပေးမှုကြောင့် သူ့ရဲ့ကျန်ရှိနေသေးတဲ့ဖျော်ဖြေပွဲတွေအနက် နှစ်ပွဲကို ဖျက်သိမ်းကြောင်း လတ်တလောမှာ ထုတ်ပြန်ကြေညာခဲ့ပြီး ဒီလိုဖျက်သိမ်းခဲ့တဲ့အတွက်လည်း ပရိသတ်တွေကို အဒဲလ်က တောင်းပန်စကားဆိုခဲ့ကြောင်းလည်း သိရပါတယ်။



## အရုပ်ဆိုးတယ်လို့ထင်ပါတယ်

ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ကိုင်လီဂျန်နာဟာ အများအားကျရတဲ့ အောင်မြင်တဲ့ကြယ်ပွင့်တစ်ဦးဖြစ်ပေမယ့် ကိုယ့်ကိုယ်ကိုယ်တော့ ကျေနပ်မှုအပြည့်ရှိနေသူတစ်ဦးမဟုတ်ပါဘူး။ သူ့ရဲ့ရုပ်ရည်နဲ့ပတ်သက်ပြီး တစ်ခါတစ်လေမှာတော့ ဘဝင်မကျဖြစ်ခဲ့ရကာ ကိုယ့်ကိုယ်ကိုယ် ရုပ်ဆိုးတယ်လို့ပင် ခံစားရတဲ့အချိန်တွေလည်း ရှိနေတာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Life of Kylie"ရုပ်သံအစီအစဉ်ရဲ့ ပင်တိုင်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကိုင်လီဟာ ပြည့်စုံတဲ့ဘဝကို ပိုင်ဆိုင်ထားသူတစ်ဦးရယ်လို့ အများက ထင်မှတ်ထားခဲ့ပေမယ့် ကိုင်လီကတော့ ကိုယ့်ကိုယ်ကိုယ် ကျေနပ်မှုအပြည့်မရှိဘဲ ယုံကြည်မှုတွေ ပျောက်ဆုံးခဲ့ရတဲ့အချိန်တွေလည်းရှိကြောင်း သိရပါတယ်။

လတ်တလောမှာ အသက် (၁၉)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကိုင်လီဂျန်နာဟာ အလှအပရေးရာနဲ့ပတ်သက်ပြီးလည်း ကျော်ကြားသူတစ်ဦးဖြစ်ပါတယ်။ သူဟာ သီးသန့်မိတ်ကပ်ပြင်ဆင်ပုံတွေကို ထွင်ခဲ့သူတစ်ဦးဖြစ်ပြီး သူ့ရဲ့နှုတ်ခမ်းဟာ လှပတယ်လို့ကျော်ကြားကာ အများရဲ့တုပခြင်းကိုခံရတဲ့ ကြယ်ပွင့်တစ်ဦးလည်း ဖြစ်ပါတယ်။



မက်ဆီတို့ဇနီးမောင်နှံ



ရှာကီရာနှင့် ဂါရတ်ဒ်ပီကေး

## မက်ဆီရဲ့မင်္ဂလာပွဲကို တက်ရောက်အားပေးခဲ့တဲ့ ရှာကီရာနဲ့ ဂါရတ်ဒ်ပီကေး

နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ရှာကီရာဟာ ခင်ပွန်းဖြစ်သူနဲ့အတူ လက်တလောမှာ ကျင်းပခဲ့တဲ့ ဘောလုံးကြယ်ပွင့် လီယွန်နယ်မက်ဆီရဲ့ မင်္ဂလာပွဲကို တက်ရောက်အားပေးခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၃၀ ရက်က အာဂျင်တီးနားမှာ ပြုလုပ်ခဲ့တဲ့ မက်ဆီရဲ့ မင်္ဂလာပွဲကို မက်ဆီရဲ့ တစ်ချိန်က အသင်းဖော်ဖြစ်ခဲ့တဲ့ နာမည်ကျော်ဘောလုံးကြယ်ပွင့် ဂါရတ်ဒ်ပီကေးနဲ့အတူတွဲဖက်ကာ မောင်နှံစုံတက်ရောက်ချီးမြှင့်ခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

ယင်းမင်္ဂလာပွဲကို နာမည်ကျော်များစွာလာရောက်ခဲ့ကြရာ ယင်းတို့အနက်မှ အသက် (၄၀)အရွယ်ရှိပြီဖြစ်တဲ့ ရှာကီရာနဲ့ ခင်ပွန်းဖြစ်သူတို့စုံတွဲဟာ တက်ရောက်လာသူပရိသတ်တွေရဲ့အာရုံကို အထူးစွဲဆောင်ထားနိုင်ခဲ့တာ တွေ့ရပါတယ်။ ရှာကီရာက မင်္ဂလာပွဲကို အနက်ရောင်ဂါဝန်ရှည်ဝတ်ဆင်ကာ တက်ရောက်ခဲ့တာဖြစ်ပြီး ပြီးပြည့်စုံတဲ့အလှကို ပိုင်ဆိုင်ထားတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။










ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ | | လျှောက်ထားသည့် | | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | |
| ၁။ | Dr.ဒေါ်မြမြခိုင် | ၁၀/ကလန(နိုင်)၀၈၁၀၁၃ | အင်းစိန်ကမ်း | ၇၈ | ၂၇၅ | ဒေါ်စန်းကြည် | ၂၇၅၊ (၇၈)ရပ်ကွက်၊ အင်းဆိပ်ကမ်း | အမည်ပြောင်း |
| ၂။ | ဒေါ်မိမိအောင် | ၁၂/မရက(နိုင်)၀၀၀၂၂၁ | မင်္ဂလာဒုံ | ၅၃၂/A | ၁၇/က-၁ | ဒေါ်မိမိအောင် | ၁၇/က-၁၊ မြစန္ဒာလမ်း၊ မြသီတာရပ်ကွက် | ဂရန်သစ် |
| ၃။ | ဒေါ်အေးအေးအောင် | ၁၂/မရက(နိုင်)၁၂၇၂၆၂ | မင်္ဂလာဒုံ | ၅၃၂/A | ၁၇/က-၂ | ဒေါ်အေးအေးအောင် | ၁၇/က-၂၊ မြစန္ဒာလမ်း၊ မြသီတာရပ်ကွက် | ဂရန်သစ် |
| ၄။ | ဦးအေးချို+ဦးမင်းဌေး | ၁၂/မရက(နိုင်)၁၁၉၁၂၆<br>၁၂/စခန(နိုင်)၀၂၂၅၇၂ | စမ်းချောင်း | ၂၈အီး၁ | ၈၆ဘီ/၄၈ | ဒေါ်သန်းရင်+၁ | ၂၂၊ ငုဝေပျောတောလမ်း၊ ကျွန်းပြောက်ရပ်ကွက် | အမည်ပြောင်း |
| ၅။ | ဒေါ်ခင်အေးနွဲ့ | ၁၂/ရကန(နိုင်)၀၅၂၂၁၉ | အင်းဆိပ်ကမ်း | ၁၅၁ | ၂၃၇၁+၂၃၇၂ | ဦးသိန်းတန် | ၂၃၇၁+၂၃၇၂၊ (၁၅၁)ရပ်ကွက်၊ အင်းဆိပ်ကမ်း | ဂရန်သစ် |
| ၆။ | ဦးဖြိုးမင်းအောင် | ၁၂/မဂတ(နိုင်)၁၀၁၅၈၇ | အင်းဆိပ်ကမ်း | L-၁၇/၆၀ | ၆၄၃ | ဦးစိန်မြင့် | ၆၄၃၊ (L-၁၇/၆၀)ရပ်ကွက်၊ အင်းဆိပ်ကမ်း | အမည်ပြောင်း |
| ၇။ | ဦးဝင်းအောင်(SPဦးမျိုးဝင်း(ခ)မျိုးနိုင်) | ၁၄/မမန(နိုင်)၀၇၉၃၇၈ | လှိုင်သာယာ | ၃/၃ | ၂၀၅ | ဦးဝင်းအောင် | ၂၀၅၊ အောင်သိဒ္ဓိလမ်း၊ (၆)ရပ်ကွက်၊ လှိုင်သာယာ | မြေပုံကူး(အရောင်း) |
| ၈။ | ဒေါ်မြင့်မြင့်စိန် | ၁၂/ကမတ(နိုင်)၀၀၉၄၃၈ | ကြည့်မြင်တိုင် | ၂၅E | V ၁၆၇ | ဒေါ်မြင့်မြင့်စိန် | ၆၉၊ ထီးတန်းလမ်းမ၊ ထီးတန်းစက်မြေရပ်ကွက် | ဂရန်သက်တမ်းတိုး |
| ၉။ | ဦးကျော်မင်းထွန်း | ၁၂/ဗဟန(နိုင်)၀၉၉၁၄၁ | ရွှေပြည်သာ | ၁ | ၃၄၃/က | အရှတ်ခန်+နန်းအစွလာမ် | ၃၄၃/က၊ ကေတုမတီလမ်း၊ (၉)ရပ်ကွက်၊ ရွှေပြည်သာ | ဂရန်သစ် |
| ၁၀။ | ဦးကျော်မင်းထွန်း | ၁၂/ဗဟန(နိုင်)၀၉၉၁၄၁ | ရွှေပြည်သာ | ၁ | ၃၄၃/ခ | ဒေါ်ဇာလီဘေဂမ် | ၃၄၃/ခ၊ ကေတုမတီလမ်း၊ (၉)ရပ်ကွက်၊ ရွှေပြည်သာ | ဂရန်သစ် |
| ၁၁။ | ဒေါ်နန်းသူဇာ | ၁၃/ကလန(နိုင်)၀၅၅၁၁၀ | အင်းမြောက် | ၄၁ | ထ/၂၀၃ | ဦးရှိန်ဝင်း | ထ/၂၀၃၊ (၄၁)ရပ်ကွက်၊ အင်းမြောက် | အမည်ပြောင်း |
| ၁၂။ | ဒေါ်နန်းသူဇာ | ၁၃/ကလန(နိုင်)၀၅၅၁၁၀ | အင်းမြောက် | ၄၁ | ထ/၂၀၄ | ဦးရှိန်ဝင်း | ထ/၂၀၄၊ ရာဇာဓိရာဇ်လမ်း၊ (၄၁)ရပ်ကွက်၊ အင်းမြောက် | အမည်ပြောင်း |
| ၁၃။ | ဦးလှမော် | ၁၄/မနပ(နိုင်)၀၈၂၆၁၄ | ရွှေပြည်သာ | ၄၀ | ၅၉၆/ခ | ဦးအောင်ကျော်နိုင် | ၅၉၆/ခ၊ မဟာဗန္ဓုလလမ်း၊ (၁၄)ရပ်ကွက်၊ ရွှေပြည်သာ | ဂရန်သစ် |
| ၁၄။ | ဦးလှမော် | ၁၄/မနပ(နိုင်)၀၈၂၆၁၄ | ရွှေပြည်သာ | ၄၀ | ၅၉၆(က) | ဦးခင်မောင်လတ် | ၅၉၆(က)၊ မဟာဗန္ဓုလလမ်း၊ (၁၄)ရပ်ကွက်၊ ရွှေပြည်သာ | ဂရန်သစ် |
| ၁၅။ | ဒေါ်ခင်စောမူ | ၁၂/သဃက(နိုင်)၀၂၅၉၇၆ | အင်းမြောက် | ၂၈ | ၆၀၅ | ဦးစိုးတင့် | ၄၃၊ အောင်ရတနာလမ်း၊ (၂၈)ရပ်ကွက်၊ အင်းမြောက် | အမည်ပြောင်း |
| ၁၆။ | မောင်စည်သူဟိန်းထက် | ၁၂/စခန(နိုင်)၀၇၅၆၁၄ | အင်းမြောက် | ၃၆ | ၉၆/က | ဦးသီဟကျော်စွာ | ၉၆/က၊ အောင်သပြေလမ်း၊ (၃၆)ရပ်ကွက်၊ အင်းမြောက် | အမည်ပြောင်း |
| ၁၇။ | ဒေါ်နိုင်နိုင်ကြူ(GPဒေါ်သင်းသင်းဌေး) | MGF-၁၃၅၅၇၆ | လှိုင်သာယာ | ၃/၃ | ၁၂၀ | ဒေါ်နိုင်နိုင်ကြူ | ၁၂၀၊ အောင်သိဒ္ဓိလမ်း၊ (၆)ရပ်ကွက်၊ လှိုင်သာယာ | မြေပုံကူး(အရောင်း) |
| ၁၈။ | ဒေါ်သန္တာဦး | ၁၃/မရန(နိုင်)၁၁၈၅၆၄ | အင်းမြောက် | ၄၈U၁၀ | ၂၈၂ | ဦးဇော်မင်း | ၂၈၂၊ အောင်ဝေဇလမ်း၊ (၄၈U၁၀)ရပ်ကွက် | အမည်ပြောင်း |
| ၁၉။ | ဦးမြင့်သိန်း | ၁၂/မဂတ(နိုင်)၀၄၃၃၆၁ | မင်္ဂလာတောင်ညွန့် | ၁၂အိုင် | V ၂၆ | မောင်မြင့်သိန်း | ၁၁၆၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်/ရှေ့ရပ်ကွက် | ဂရန်သက်တမ်းတိုး |

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ည)၊ မြေကွက်အမှတ် (၅၆/ခ)၊ မြေကွက်တည်နေရာ အမှတ် (၅၆/ခ)၊ ဈေး (၇) လမ်း၊ (ည) ရပ်ကွက် ဦးမောင်ရွှေ (စီစီ - ၀၃၄၇၃၁) ဒေါ်သန်းကြွေ (ပိုင်ဒီအန် - ၀၀၇၆၁၉) အမည်ပေါက်မြေအား အမည်ပေါက် ဖခင် ဦးမောင်ရွှေ မိခင် ဒေါ်သန်းကြွေ သားဖြစ်သူ ဦးဝင်းမင်းသိန်း (လူပျိုကြီး) တို့ ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းလှိုင် (၁၂/ဥကမ (နိုင်) ၀၅၆၁၅၅)၊ ဒေါ်လှဲ့လှဲ့ဝင်း (၁၂/ဥကမ (နိုင်) ၀၅၆၁၈၈)၊ ဒေါ်မြတ်မြတ်ခိုင် (၁၂/ဥကမ (နိုင်) ၀၁၆၈၃၆) တို့မှ သားသမီးများတော်စပ်ကြောင်း၊ ဦးမောင်ရွှေ၊ ဒေါ်သန်းကြွေ အမည်ပေါက် ဂရန်မူရင်း ပျောက်ဆုံး၍ ပုဇွန်တောင် မြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ် - ၅-၁၆၃၃/၂၀၁၇ (၂၅-၅-၂၀၁၇) သေစာရင်းနှင့် မြေပြင်တွင် သွပ်မိုး ပျဉ်ထောင် (၁) ထပ် အဆောက်အဦ (၁) လုံး ရှိ၍ ဒေါ်လှဲ့လှဲ့ဝင်းမိသားစုနေထိုင်ကြောင်း တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ORIGANIZED BY
myanmar GH — we care your future — Myanmar Golden Hand

# မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြီးမားဆုံးပြသည့်

## THE FIRST & THE LARGEST DIGITAL INKJET PRINTING SIGN EXPO IN MYANMAR (2017)

ကြိုတင် စာရင်းပေးသွင်းထားသော visitor များကို July လ(၁၅ – ၁၆)ရက် နှစ်ရက်တွင် Sim Card + Handset ကံစမ်းမဲ ဖောက်ပေးပါမည်။

**HOT LINE : 09-777588878 , 09-777588898**

Venue : Tamadaw Hall,U Wisara Road,Yangon.
Date : July 14th to 16th 2017
Time : 9:00 to 5:30

ပါဝင်ပြသမည့်ပစ္စည်းများ
- Digital Inkjet Machine
- HP Latex Printer
- Textile Printing Machine
- CNC Cutter Machine
- Laser Cutter Machine
- Display Products အမျိုးမျိုး
- UV Flatbed & Roll to Roll Machine

MAIN SPONSORS BY
GOLDEN HEROES COMPANY LIMITED
New Harmony — Digital Inkjet Printing & Material

CO SPONSORS BY
ASP — Advertising Equipments & Supplies
MARS — Digital Inkjet Printing
iPentum TECHNOLOGY
EVER LUCKY
AUNG WONDER — AUNG WONDER Trading Co., Ltd.
hp — Designjet D5800

WIFI FREE
5BB BROADBAND

မြင့်မြတ် မျက်မှန် Design {93}
Frame Collection {Men}
Exactly Result အတွက် အကောင်းဆုံး: Choose




• Size ▫ 52 ▫17 . 53 ▫17 . 54 ▫18
• Colour ▫ Brown ▫ Grey ▫ Steel
• ရောင်းဈေး –
CR 39 organic Lens Finish Price
♦ Distance - 33000
♦ Bi focal - 35000
♦ Multi focal - 45000

နေ့ချင်းပြီး Urgent ဝယ်ယူနိုင်ပါပြီ ...
မြင့်မြတ်
မျက်မှန်ဆိုင် ၃၄၂ ၊ ရွှေဘုံသာအထက်လမ်း၊
ရန်ကုန်မြို့ ။ ဖုန်း – ၃၇၃၅၀၇၊ ၀၉ ၇၃၂၁၅၅၃၃

### ဖခင်အမည်မှန်

ခရမ်းမြို့၊ အထက(၁)၊ ဒသမတန်း(E) တွင် ပညာသင်ကြားနေသော မောင်မင်းဇော်ကို၏ ဖခင်အမည်မှန်မှာ ဦးစိုးကြိုင်[၁၂/ခရန(နိုင်)၀၈၀၅၂၉]ဖြစ်ပါကြောင်း။

ဦးစိုးကြိုင်
[၁၂/ခရန(နိုင်)၀၈၀၅၂၉]

### ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၆-၂၀၁၇ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(ဂ) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁၀) ဒေါ်ခင်စန်းသီတာဦး+၂၏ အမည်ပြောင်းတွင် လျှောက်ထားသူအမည် ဒေါ်ခင်သီတာစန်းဦး+၂ နှင့် မြေကွက်အမှတ်(၇၀၂)ဟု အမှန်ဖတ်ရှုပါရန်။

MNC MYANMAR NOBLE COLLEGE
Pearson

**Sales & Marketing Manager**
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
- Sales & Marketing ပိုင်းနှင့်ပတ်သက်၍ Diploma/ Certificate တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- English (4 skills) ကျွမ်းကျင်စွာ အသုံးချနိုင်သူဖြစ်ရမည်။
- Microsoft Office Word/ Excel/ Powerpoint ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
